
www.burmeseclassic.com

ရွာအပြန်ဝတ္ထုတိုများ

# မောင်မြနီ-တာမာတော



www.burmeseclassic.com

www.burmeseclassic.com

၁၉၉၄-ခုနှစ် စာပေဗိမာန်စာမူဆု

ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

# ရွာအမြင် ဝတ္ထုတိုများ

---

## မောင်မြေနီ - တမာတော

တည်းဖြတ်သူ တာဝန်ခံစာတည်း ဦးစိုးမြင့်

စာပေလက်ထောက် မောင်မြင့်ကြည် (စာပေဗိမာန်)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

BURMESE CLASSIC .com
www.burmeseclassic.com

၁၉၉၆-ခုနှစ်၊ ပထမအကြိမ် အုပ်ရေ ၁၂၀၀

အဖိုး—၃၅ ကျပ်

အမှတ် ၅၂၆/၅၇၁ ကန့်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
မှတ်ပုံတင် အမှတ် (၄၁၆-ယာယီ) ဖြင့် ထုတ်ဝေ၍
ဦးလွင်စန်းယဉ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့
စာပေလုပ်သားပုံနှိပ်တိုက် (မြ-၀၃၁၁၀)
အမှတ် ၂၁၀-၃၉ လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ပြောစမှတ် | ၁ |
| ၂။ | ရာသီပေါ်တာစွ | ၂၄ |
| ၃။ | အဆုံးစွန်သော ပီတိ | ၄၇ |
| ၄။ | ဆရာဆိုသောဆရာ | ၆၃ |
| ၅။ | မင်းသမီးငှားအစ်ခေါက် | ၈၁ |
| ၆။ | ရော်ဝါနှင့်ဆေး | ၁၀၃ |
| ၇။ | လူးအော | ၁၁၉ |
| ၈။ | အမှန်မဟုတ်သောအမှန် | ၁၄[illegible] |
| ၉။ | တိပ်နွေမဟုတ်သောအခ | ၁၆၅ |
| ၁၀။ | အာသွန်နာဝါဝါဝတီသည့်ပွဲ | ၁၈၁ |
| ၁၁။ | ပြေးလမ်းမှားနေသော နွားအဖော | ၂၀၃ |


www.burmeseclassic.com

www.burmeseclassic.com



‘မင်း ပုန်းနေတာဆိုတာ သိပါတယ်ကွာ၊ ငါတို့ကို စကားမပြောချင် ခေါ်ရခက်အောင် ဘဝင်မြင့်သွားလို့ ပုန်းနေတာဆိုရင်လဲ တို့ပြန်ပါတော့မယ်’

ဟု စကားနာထိုးသည်။ မိတ်ဆွေ သူငယ်ချင်းတွေကြား ‘ဘဝင်မြင့်’ ဆိုသော စကားလုံးကို ဘယ်လိုမှအသုံး မခံချင်ပေ။

သည်တော့ ကျွန်တော်မနေသာ၊ ပုန်းနေရာမှ ထွက်ခဲ့ရသည်။ ထိုစဉ်မှ မစောကြည်နှင့်အတူ ဖြူဆွတ်မပါပါ လာမှန်းသိလိုက်သည်။

‘ဘာရမလဲ အဲသကောင်၊ ကဲဟာ၊ ကဲဟာ’

မစောကြည်နှင့် ဖြူဆွတ်မအား ကျွန်တော့်ကျောပြင်ကို မြှောက်တင်ထုကြသည်။ ကျွန်တော့်မှာ ချိုမြိန်သော နာကျင်မှုကို ခံစားရင်း ဟားဟား ရယ်နေရသည်။

မအေးညွန့်၊ မစောကြည်နှင့် ဖြူဆွတ်မတို့သည် ပို၍ ပျော်ရယ်ရွှင်သွားကြသည်။ ဖြူဆွတ်မက နောက်ဆုံးလက်ကျန် လက်သီးဆုပ်အလေးကို ကျွန်တော့်ကျောပေါ် တုံတင်လိုက်ရင်း–

‘နင် သိပ်နေနိုင်တာပဲ၊ စာထားလွှား တစ်စောင်တောင် ရေးဖော်မရဘူး’



ဟု ရန်တွေ့သည်။ ဖြူဆွတ်မ မျက်နှာကလေးက ပြုံးနေသော်လည်း အသံလှိုင်းကလေးမှာမူ တုန်ခါနေပါ၏။

ကျွန်တော် စူးစိုက်ကြည့်လိုက်မိတော့ ဖြူဆွတ်မ အပြုံး မျက်ဝန်းမှာ မျက်ရည်ဥငယ်တို့ မသိမသာ တွဲခိုလို့နေသည်။ ကြည့်နေတုန်း ခဏမှာပဲ သူမ မျက်နှာကလေးက အစွမ်းကုန်လင်းလက်နေရာမှတို့ အားကုန်သွားသည့် မီးပွင့်ကလေးလို ညှိုးမှိန်လို့ သွားပါ၏။

‘နင် ဝမ်းနည်းနေပါလား၊ ဘာကြောင့်များ ဝမ်းနည်းနေရတာလဲကွယ်၊ ဝမ်းနည်းမနေပါနဲ့ ဖြူဆွတ်မရယ်’

ဟု ရင်တွင်း စကားလေး ဖြစ်ပေါ် လာရပြန်ပြီတော လေ။

‘တကယ် စိမ်းတဲ့ကောင်ကွာ၊ ငါ့အိမ်ကို အရင်ဆုံး မလာဘူး၊ မင့်အိမ်ကို သွားမေးတော့လဲ သံချောင်းတို့ အိမ်သွားတယ်တဲ့၊ သံချောင်း အိမ်လဲ မတွေ့ပြန်ဘူး၊ အေးညွန့် အိမ်သွားပြီဆိုလို့ နှ ဆပ်လိုက်လာရတယ်’

သည်တုန်းမှပင် ကျွန်တော့် အပေါ် အပြစ်တင် စကားသံလေးလေးကြီးနှင့်အတူ အေးညွန့် ရောက်လာသည်။ အေးညွန့်နောက်က သံချောင်း။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်သူငယ်ချင်းတွေ အိမ်ကို တစ်အိမ်ပြီး တစ်အိမ် လျှောက်လည်ဖို့ပါပဲကွာ၊ အနီးဆုံး အိမ်ကို အရင်ဆုံး ရောက်ဖြစ်သွားလို့ပါ'

'ကြည့်စမ်းကွာ၊ ငါ့အောင်ကြီး အသားတွေ ဖြူပြီး လာလိုက်တာ တကယ့်ကို မြို့သားကြီး ကျနေတာပဲ၊ တစ်သွေး တစ် မွေးကို ပြောင်းလို့'

သောင်းညွန့်က ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ရင်း တုန့်ရင်းအက်ကွဲစွာ ပြောသည်။ သူမှာလည်း ဝမ်းနည်းရိပ်မျှနှင့် ပါလာလေ။

'ဖြူဆွတ်မနဲ့ သောင်းညွန့်တို့ရေ၊ မင်းတို့အဘကို ဝမ်းနည်းနေကြပါသလဲကွယ်၊ ငါတစ်တွေ ဝေးကွာနေခဲ့ကြရတဲ့ အချိန်ကာလတွေ အတွက် ဝမ်းနည်းမှုတွေလား၊ ပြန်လည်ဆုံတွေ့ကြခြင်းအတွက် ဝမ်းသာလွန်းလို့ ဖြစ်တဲ့ ဝမ်းနည်းမှုတွေလား၊ သို့တည်း မဟုတ် သံချောင်းလို နှိုင်းယှဉ် အားငယ် ဝမ်းနည်းမှုမျိုးလား။

'မင်းတို့ရင်ထဲမှာတော့ အဖြေတွေ ကိုယ်စီရှိကြပြီးသား နေမှာပါ၊ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် မင်းတို့ ဝမ်းနည်း မနေကြပါနဲ့ကွယ်။

'တို့အစ်တွေပြန်လည်းတွေ့ဆုံတုန်းမှာ အနှောင်အတား မဲ့ လွတ်လပ် ပျော်ရွှင်လိုက်ကြရအောင်ပါ'

ဆိုသော ရင်တွင်း စကားတွေ ထပ်မံဖြစ်တည်လာရ ပြန်ပြီလေ။



'မင်းအောင်တော့ သတိရမရ မသိဘူး၊ တို့ကတော့ တစ်နေ့တစ်နေ့ မင့်အကြောင်းချည်းပဲ ပြောနေကြတာပဲ'

'ဟုတ်တယ်ဗျာ၊ ဦးအောင်သိန်း ယာမှာ နှမ်းနှုတ်တဲ့ နေ့ဆိုရင် ဒီကောင်ကြီး အကြောင်းပဲ တစ်မနက်လုံး ပြောနေကြတာနော် မသန်းညွန့်'

'သံချောင်းနှယ်၊ ကြက်သွန်စော သွားတုန်းကတော့ ငါတို့ဖြင့် သူ့အကြောင်းချည်းပဲ ပြောနေကြတာတော'

'အောင်မယ်၊ ကျုပ်လဲ ထန်းလက်ပြားတွေကို မြင်တိုင်း ဒီကောင်ကြီးကို သတိရလို့ ပြောပြော နေမိပါတယ် မစာကြည်ရာ'

'ငါကတော့ ရွာဘုရားပွဲနေ့ ဆိုရင် နင့်အကြောင်း တစ်နေ့လုံး ပြောတာပဲ'

ကျွန်တော့်အကြောင်းကို သတိတရ ပြောဖြစ်ကြသည့် အကြောင်း မသန်းညွန့်၊ သံချောင်း၊ မစာကြည်၊ သောင်းညွန့်နှင့် ဖြူဆွတ်တို့က အလှည့်အတိုင်း ပြောပြကြသည်။

ကျွန်တော့်အကြောင်းကို သတိတရ ပြောဖြစ်ကြသည် ဆို၍ အလွန်တရာ ကြည်နူး ဝမ်းသာခြင်းတော့ ဖြစ်မိပါ၏။ ထို့ပြင် ကျွန်တော် ဖြတ်သန်းခဲ့သမျှ ဖြစ်ပျက်ခဲ့သမျှတွေထဲမှ ဘယ်လို ဘယ်လို အကြောင်းအရာတွေကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောင်း ပြောဆို အတိရမိကြသည်ကိုလည်း သိလိုက်ရ ပြန်လေသည်။

'ဒါနဲ့ ကျွန်တော့် အကြောင်းကို ခင်ဗျားတို့ ဘာတွေ သတိတရ ပြောဖြစ်ကြတာလဲ ဟင်'

ဟုညည်လို မေးကြည့်လိုက်တော့၊ သူတို့ မျက်လုံးကလေး တွေက ပုတ်ခတ် ပုတ်ခတ်နှင့် နှုတ်ဆွံ့လို့ နေကြပြန်သည်။

သူတို့ ဘာကြောင့်များ နှုတ်ဆွံ့ နေကြပါသနည်း။ ဘယ်လိုက ဘယ်လိုဆိုတာ ရွှန်းရွှန်းဝေအောင် မပြော ထုတ်ကြလို့ပေလား။

'သတိရတဲ့ အကြောင်းတွေပေါ့ကွာ'

ဟု သောင်းညွန့်ဆီက တိုတိတိ စကား တစ်ခွန်းသာ ထပ်ထွက်လာခဲ့၏။

ဟုတ်ပေလိမ့်မည်။ ကျွန်တော်သည် ဟိုစဉ်တုန်းက သူတို့တစ်တွေနှင့်အတူ နှစ်ချီလက်တွဲကာ နှမ်းနှုတ်အငှား လိုက်ခဲ့ကြသည်။

ပင်းချောင်းဘက်ကို ကြက်သွန်တူး အငှားလိုက်ခဲ့ကြ သည်။ သောင်းညွန့်နှင့် ထန်းလက်ပြားကုလားထိုင်ကလေး တွေ လုပ်ရောင်းခဲ့ကြသည်။

ရွာဘုရားပွဲမှာ ရွာလုံးမေတ္တာ တံခွန်ကိုင် အလှည့်လှည့်ရာ မှာဝင် အသုံးပြုဖို့ တံခွန်ခေါင်း နယားရုပ်နှင့် ကြက်လျှာ တိုင်တွေ လုပ်ခဲ့ကြသည်။



ငွေးချိုတောင် ဘုရားပွဲမှာ မိုးအလင်း ပွဲသွားကြည့် ကြသည်။

ထိုအခါလတွေ တုန်းက ဘဝပေး အခြေအနေအရ ကျောင်းသားတစ်ပိုင်း၊ ယာကူလီတစ်ပိုင်း လုပ်နေရသည့် ကျွန်တော့်အပေါ် သူတို့တစ်တွေ ညှာတာခဲ့ကြတာကို သတိရမိပါသေး၏။

ဦးအောင်သိန်း ယာမှာ နှမ်းနှုတ် အငှားလိုက်သည့် နေ့ကတော့ တစ်နေကုန်သွားသည့်တိုင် နှမ်းခင်းက နှုတ်လို့ မပြီးမပြတ် ကျန်နေသည်။

ဦးအောင်သိန်းက လုပ်ခ တိုးပေးပြီး လရောင်ဖြင့် အနှုတ်ခိုင်း၏။

ကျွန်တော့်မှာ သံချောင်းတို့ လောက် ဒဏ်မခံနိုင် သောကြောင့် ပင်ပန်းလွန်းသဖြင့် ထိုင်ငို မိတော့သည်။ ထိုအခါ သူတို့တစ်တွေက ကျွန်တော့်အတွက် ဝိုင်းဝန်း ကူနှုတ်ပေးကြဖူးပါ၏။

ပင်းချောင်းဘက်ကို ကြက်သွန်တူး အငှားလိုက်ကြ တုန်းကလည်း ကြက်သွန်တောင်းကို မနိုင့်တနိုင် ထမ်းပြီး တိုအပေါ် အတက်တွင် ခြေချော်ကျကာ ဒူးကွဲခဲ့သည့် ကျွန်တော့်ကို သူတို့တစ်တွေပဲ ဝိုင်းဝိုင်း မြှုပေးကြဖူး ပါ၏။

ထန်းလက်ပြား ကုလားထိုင်တွေ လုပ်ရောင်းတော့ ဓား ကိုင်ရလွန်း၍ ကျွန်တော့် လက်တွေ ပေါက်ပြဲလို့

www.burmeseclassic.com



သဖြင့် သောင်းညွန့်က သူချည်း ဒိုင်ခံလုပ်ကာ ရသည့် ငွေကြေးကို အညီအမျှ ခွဲဝေပေးခဲ့ဖူးပါ၏၊

သည်အကြောင်းတရားတွေ၊ သည်ကျေးဇူးတရားတွေကြောင့် သူတို့တစ်တွေကိုလည်း ကျွန်တော် တစ်နေ့မှ မမေ့ခဲ့တာ အမှန်ပင်။

'ဟုတ်တယ်ဗျာ၊ ကျွန်တော်လဲ ခင်ဗျားတို့နဲ့အတူ နှမ်းနှုတ် အငှားလိုက်ခဲ့ရတာတွေ၊ ကြက်သွန်တူး အငှားလိုက်ခဲ့ရတာတွေ၊ သောင်းညွန့်ကြီးနဲ့ ထန်းလက်ပြား ကုလားထိုင် လုပ်ရောင်းခဲ့ရတာတွေ၊ ရွာဘုရားပွဲမှာ တံခွန်ဝေါင်း လုပ်ခဲ့ရတာတွေ၊ မသန်းညွန့်တို့ အိမ်ကလေးထဲမှာ ညလိုညတိုင်း စကားဝိုင်းဖွဲ့ ပြောခဲ့ကြတာတွေကို တစ်နေ့မှ မမေ့ရဘူး ဗျာ'

ကျွန်တော့် စကားကြောင့် သူတို့တစ်တွေ၏ မျက်နှာကလေးတွေ ဝင်းပသွားကြပေ၏။

'ဟုတ်တယ် မစောကြည်၊ သည်အိမ်ကလေး ထဲမှာ ညတိုင်း စုဆုံစကားပြောကြတော့ ကြိုက်သူ ရည်းစား မရှိတဲ့ ကျွန်တော်ရယ်၊ ဒီကောင်ကြီး သောင်းညွန့်ရယ် ခင်ဗျားရယ်က ကျက်အမှန် ဆုံးပဲနော်'

မစောကြည်က သဘောကျစွာ ခွက်ထိုးခွက်လန် ရယ်လေသည်။



'မင်းကတော့ စပဲဟေ့၊ ငါတို့ကတော့ နင့်ကို ရာထူး ရာခံနဲ့ ဖြစ်နေပြီမို့ ဟိုတုန်းက သူများ ယာမှာ အငှား လိုက်စားခဲ့ရတဲ့အကြောင်းတွေ၊ ထန်းလက်ပြား ကုလား ထိုင် လုပ်စားခဲ့ရတဲ့အကြောင်းတွေ၊ ကြက်သွန်တူးအငှား လိုက် စားခဲ့ရတဲ့ အကြောင်းတွေ၊ လူမျိုး လူနွယ် ကလေး ဖြစ်လို့မှ ကြိုက်သူရည်းစား တစ်ယောက်မှ မရှိတာတွေကို နင်ဂုဏ်ငယ်မှာ စိုးလို့ မပြောရက်ဘူး၊ ခုတော့ နင်ကပဲ ပြန်ပြောနေသေးတော့သကိုး၊ အဟေး ဟေး'

ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ သံချောင်းလို ပင် ဖြူဆွတ်မ၊ သောင်းညွန့်၊ မသန်းညွန့်၊ မစောကြည် တို့ကပါ ကျွန်တော့်ဘက်ကို သူတို့ဘဝနှင့် အလှမ်းကွာ ဝေးစွာ မြင့်မားသွားပြီဟု ယူဆနေကြပါကလား။

သူတို့နှင့် ဘဝချင်း သူငယ်ချင်း တစ်ယောက် လက်လွတ် ဆုံးရှုံးလိုက်ရပြီဟု ယူဆနေကြပါကလား။

သည်အကြောင်းကြောင့်ပင် သူတို့တစ်တွေ ဝမ်းနည်း အားငယ် နေကြခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်တော်က တော့ ဟိုစဉ်တုန်းကလိုပင် သူတို့နှင့် ထူးထူး ခြားခြား ကြီးကွာဟမသွားသေးဟု နားလည် ခံယူထားဆဲပင်။

'ဩော်.... မစောကြည်ရယ်၊ ဟိုတစ်ချိန်က သူများ ယာမှာ အငှားလိုက်စားခဲ့ရတဲ့ အကြောင်းပဲ ဖြစ်ဖြစ်၊

www.burmeseclassic.com

www.burmeseclassic.com



ထန်းလက်ပြားကုလားထိုင် လုပ်စားခဲ့ရတဲ့ အကြောင်းပဲ ဖြစ်ဖြစ်၊ လူပျို လူရွယ်လေးဖြစ်လို့မှ ကြိုက်သူရည်းစား တစ်ယောက် မရှိတဲ့ အကြောင်းပဲ ဖြစ်ဖြစ်၊ ခင်ဗျားတို့ တစ်တွေ ကျွန်တော့် အကြောင်းကို သတိတရ ပြောဖြစ် နေကြတယ်ဆိုရင်ကိုပဲ ဝမ်းမြောက်လှပါတယ်ဗျာ။

'လူတစ်ယောက်မှာ အကောင်းနည်းနဲ့ပဲ ဖြစ်ဖြစ်၊ အဆိုးနည်းနဲ့ပဲ ဖြစ်ဖြစ် ပြောစမှတ်တော့တွင် ကျန်ရစ်ခဲ့ ကြတာချည်းပါပဲ။

'ခင်ဗျားတို့တစ်တွေ ကျွန်တော့် အကြောင်းကို အရှိ အတိုင်း ရိုးရိုးသားသား ပြောတာပဲ ပြောစေချင်ပါ တယ်။

'အပြောခံရတဲ့ ကျွန်တော့်မှာလဲ ဘာမှ ဂုဏ်ငယ်စရာ မရှိပါဘူး။

'တကယ်တော့ အကောင်းနည်းနဲ့ ပြောစ မှတ်တွင် ကျန်ရစ်သူကို အဆိုးနည်းနဲ့တွင် ကျန်ရစ်အောင်၊ အဆိုး နည်းနဲ့ ပြောစမှတ်တွင် ကျန်ရစ်သူကို အကောင်းနည်းနဲ့ တွင် ကျန်ရစ်အောင်သာ မလုပ်ကောင်းတာပါ၊ ကြီးကြီး ကျယ်ကျယ် ပြောရရင် သမိုင်းသာ ပြောင်းပြန် မလှန် ကောင်းတာပါဗျာ'



ကျွန်တော် စကားကို ရှည်လျားစွာ ပြော ပစ် လိုက် သည်။ မိုးချုပ်မှ စကားဝိုင်း သိမ်းကာ အိမ်ပြန်လာ ခဲ့၏။

အိမ်အပြန်လမ်းမှာ သုံးချောင်း၊ သောင်းညွန့်၊ ဖြူ ထွတ်မ၊ မသန်းညွန့်၊ မစောကြည်တို့တစ်တွေ ကျွန်တော့် အကြောင်းကို အစဉ်သဖြင့် သတိတရ ပြောဖြစ်နေကြ ပါစေဟု လိပ်ပြာသန့်စွာ ဆုတောင်း နေမိပါတော့ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

အဘိုးအဘွားတို့၏ အိပ်ရာဝင်ပုံပြင်များကိုနားထောင်ရာမှ အစပြု၍ စာပေသားနှင့်ယဉ်လာသော ကျွန်တော့်မှာ အသက်နှစ်ဆယ်အထိ ဇာတိချက်ကြွေ မွေးရပ်မြေရွာတွင် စာငတ်ပေငတ်ဘဝဖြင့် ကြီးပြင်းခဲ့ရသည်။

သို့သော် ကျွန်တော်သည် ရွာကလေး၏ ရိုးသားမှု၊ မြင့်မြတ်မှု၊ စာနာမှု၊ ဝိုင်းပင်းမှု၊ လူ့ဂုဏ်သိက္ခာ၊ ခံစာနာ၊ မေတ္တာစသည်တို့ကို ဝလင်စွာ စားသုံးခဲ့ရသည်။ သို့နှင့် ရွာကလေးကို အသက်ထက်ဆုံး ချစ်ခင်စွဲမက်သွားသည်။

ယနေ့အချိန်တွင် ကျွန်တော့်မှာ ရွာကလေးနှင့် မိုင်ပေါင်းများစွာ ဝေးကွာသော မြို့ပြတွင် အလုပ်တာဝန်ထမ်းဆောင်နေရသည်။ စာပေများကိုလည်း ဖန်တီးမွေးဖွားဖြစ်သည်။ ရွာကလေးကိုလည်း တမ်းတစွာ အခါခါပြန်ဖြစ်သည်။

## အမှာစာ

ဤစာအုပ် ‘ရွာအမြန်’ ဝတ္ထုတိုကလေးတွေချည်းစုစည်း ရေးသားဖြစ်သည်။

ကျွန်တော့်ဇာတိ ကျောက်ပန်းတောင်း မြို့နယ် အင်ဂွရွာမှ မိဘများ၊ ဦးကြီး ဦးလေးများ၊ ညီအစ်ကို မောင်နှမများ၊ ငယ်ပေါင်း ကြီးဖော်များနှင့် ရွာသူရွာသားအားလုံးကို ‘ရွာအမြန်’ ဝတ္ထုတိုများဖြင့် ဂုဏ်ယူမှတ်တမ်းပြုအပ်ပါ၏။

မောင်မြေနီ (တမာတော)

www.burmeseclassic.com

www.burmeseclassic.com

# ရုသီဝေပါ တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

ကျွန်တော် အလုပ်တာဝန် ထမ်းဆောင်ရာ သတ္တုတွင်း မှခွင့်ရက်ရှည်ယူကာ အမေ ရှိရာရွာကလေးဆီသို့ ပြန်ရောက် နေသည်မှာ ဆယ်ရက်ခန့်ရှိခဲ့ပြီ။

သို့သော်လည်း ရွာကိုပြန်ရောက်တုန်းဆိုပြီး လွတ်လပ် ပေါ့ပါးစွာ အနားယူမနေဖြစ်။ အဖေအမေတို့ တောင်သူ လုပ်ငန်းကို စွမ်းဆောင်နိုင်သမျှ ကူညီလုပ်ကိုင် ပေးနေမိ သည်။

ယခုအချိန်သည် တောင်သူတွေ နှမ်းသိမ်းချိန်ဖြစ်၍ အဖေတို့မှာ အလွန်အလုပ်ရှုပ်လှသည်။ ကိုယ့်ယာကို နှမ်း နှုတ်သည့်ရက်မှာနှုတ်၊ ကိုယ့်ယာ နှမ်းမနှုတ်သည့်ရက်မှာ သူများယာကို လက်စားလိုက်။ နှမ်းပုံစည်းသည့် ရက်မှာ စည်း၊ နှမ်းခါသည့်ရက်မှာခါ။ နည်းနည်းမှ အနားမနေရ။

သည်ကြားထဲ နွားတွေကိုလည်း အငတ်ထားလို့မဖြစ် ရသမျှအချိန်လုပြီး နွားစာနှုတ်၊ နွားစာစည်း၊ နွားစာ

www.burmeseclassic.com

www.burmeseclassic.com



ကျွေး လုပ်ရသေးသည်။ နောက်ရေသုံးရေ နွားတိုက် ရေခပ်ရသေးသည်။

သည်တော့ ဂျင်ဂျင်အညိုအောင် အလုပ်များနေသော အဖေအမေတို့အား ပါ ညှို့သည် လုပ်မနေအား၍ ယာထဲ ချောင်းထဲလိုက်ပြီး မိဘတွေနှင့် တန်းတူလုပ်ကိုင်ပေးနေမိသည်။

တစ်ရက် နှစ်ရက်လောက် ယာခင်းထဲ လိုက်ပြီးသော အခါတွင်တော့ အဖေအမေတို့က ကျွန်တော့်ကိုခိုင်းရက် ကြည့်ရက်တော့ဟန်မတူ။

'ငါ့သားကြီး ရွာကိုခွင့်ပြန်လာတုန်း ယာခင်းထဲကို နေကုန်နေခန်း လိုက်မနေပါနဲ့တော့ကွာ၊ အိမ်မှာပဲ အိမ်အလုပ်လုပ်နေရစ်ပါ'

ဟု ဆိုရှာသည်။

သို့နှင့် နောက်ရက်တွေမှာ အိမ်တွင်ပဲ နွားစာနုတ်၊ နွားစာစဉ်း၊ နွားစာကျွေး၊ ရေခပ်၊ ထမင်းချက် လုပ်နေဖြစ်တော့သည်။

အိမ်အလုပ်တာသည်း သိပ်မသက်သာလှ။ မနက်ပိုင်းမှာ ရွာခြေယာထဲသွားပြီး မြက်တစ်ထမ်းနုတ်ရသည်။ အိမ်ပြန်ရောက်တော့ ရွာဦးအိုင်ကို ရေဆယ်ထမ်းလောက်ခပ်ပြီး၊ ခဏတဖြုတ်နား။

ပြီးတော့ မနက်က အမချက်ထားခဲ့သော ထမင်းကိုစားပြီး မှိန်းလှဲသွားသည်။



ထမင်းစားပြီးလို့မှ ဗိုက်ကောင်းကောင်း မနေရသေး၊ နွားစာ စဉ်းရပြန်သည်။ နွားစာ စဉ်းပြီးတော့ နွားကျွေး၊ အဖေ၊ အမေတို့ယာထဲက ပြန်လာလျှင် စားဖို့ ထမင်းချက်ဖြင့် မိုးစုံ စုံးချုပ်သွားသည်။

'မောင့်ကောင် ခင်မောင်ဦး'

သည်လိုနေ့ညနေ နွားစာစဉ်းပြီးလို့ နွားကျွေးရန် နွားစာကျင်းထဲ ရေလောင်းထည့်နေစဉ် ကျွန်တော့်နာမည်ကို ခေါ်သံကြားလိုက်ရသည်။

ခေါ်သံရှင်ကို နောက်လှည့် မကြည့်ဘဲ စိုးအင့်မှန်း သိလိုက်၏။

'ဘာတုန်းကွ'

'ရွာဟောင်းတောသား ငါ့ယာခင်းကို နှမ်းတောင်စောင့် လိုက်ခဲ့စမ်းပါကွာ၊ ငါလဲခေါ်စရာလူမရှိတာနဲ့ ရွှေမြို့ပြန်ကြီးကိုပဲ လာခေါ်ရတာ'

'ရပါတယ်ကွာ၊ ငါက ရွှေမြို့ပြန်ကြီး မဟုတ်ပါဘူးကွ၊ တောင်စဉ့် တောင်အနီးတွေကြားမှာ အလုပ်သွား လုပ်နေရတဲ့သူပါ။ ဘာပဲဖြစ်ဖြစ် ငါတို့မိရိုးဖလာတောင် သူ့အလုပ်ကို စိတ်ဝင်တစား လုပ်ချင်နေတုန်းပါပဲ၊ ဒါနဲ့ မင်းနှမ်းတောင်စောင့်ရမှာက အခုညလား'

'အေးကွ'

'မင်းတို့နှမ်းပုံ စည်းလိုက်ပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'စည်းလိုက်ပြီကွာ၊ မင်းတို့နှမ်းပုံရှု ဘယ်နေ့လောက် စည်းမှာတုန်း၊ အဲဒီကျ ပြန်လိုက်ပြီး စောင့်ပေးမပေါ့ကွာ'

'မြေနီကုန်းယာက နှမ်းပိုတတော့ မနေ့ကမှ နှုတ်ပုံထားတာဆိုတော့ လိုပါသေးတယ်၊ ဝက်လူးတောယာက နှမ်းပုံက လဆန်းသုံးရက်နေ့က နှုတ်ပုံထားတာမို့ လဆန်းကိုးရက် နေ့လောက်မှာ စည်းဖြစ်လိမ့်မယ် ထင်တယ်။ အဖေကငါ့ကို အတိအကျမပြောသေးဘူး'

ဘောင်သွားတွသည့်နှမ်းပင်သုံးလသား၊ အရွယ်လောက် ရင့်မှည့်သည့် အဝါရောင် ပြေးလာချိန်တွင် နှုတ်ကြသည်။

နှုတ်ချိန်စောသွားက နှမ်းစေ့ သိပ်မဆောင်မြင်သဖြင့် နှမ်းထွက်ရော၊ ဆီထွက်ရော၊ လျော့တတ်သည်။

နှမ်းနှုတ်ချိန် နောက်ကျ သွားလျှင်လည်း အပင်မတ်တတ်အတိုင်းခြောက်ကာ နှမ်းစေ့တွေ ထွက် ကျကုန်တတ်သဖြင့် အထွက်လျော့သည်။

ထို့ကြောင့် ရင့်မှည့်ရောင်ပြေးသည့် အချိန်မှာပဲ အလျင်အမြန်နှုတ်ရသည်။ မြေမာသည့် အချို့ဒေသတွေမှာတော့ နှမ်းပင်ကို တံစဉ်ဖြင့် ရိတ်သိမ်းရသည်ဟု ဆိုသည်။

ကျွန်မဖော်တို့ ကျောက်ပန်းတောင်း နယ်ဘက်ကား သဲဆန်ပြီး မြေပွသဖြင့် လက်ဖြင့်ပဲနှုတ်ရသည်။



နှုတ်ပြီးသား နှမ်းပင်ကို ဖင်ပြန်ခေါင်းပြန် ထပ်ပုံပြီး တစ်ပတ်လောက် ကြာတဲ့အထိ အပုပ်ခံထားရ၏။ ပြီးမှ ဆိုင်မရှိတရှိ အဆုပ်အလေးတွေ စည်းရသည်။

နှမ်းဆုပ်အလေးတွေကိုတော့ သုံးဆုပ်တစ်ဆိုင် ခေါင်းချင်းဆိုင်ထောင်ပြီး နေလှမ်းရသည်။

ထိုရာသီတွင် တော်သလင်းနေပူဇွန်ဒေသဆိုသည့်အတိုင်း နေက ကျောက်ခဲလောက်အောင်ပူသည်။ တော်သလင်းတိမ် ဖြူစင်ဖို့သည်အခင်းရဲ၊ မိုးမစဲဟုဆိုသည့် အတိုင်းလည်း တောင်ဆီက တိမ်ညိုကလေး တစ်ခဲဘက်လာကာ ဖြာခနဲ ရွာချချင် ရွာချသွားပြန်သည်။

ပြီးတော့တစ်ဖန် စူးရူးရဲရဲ နေပြန်ပူပြန်သည်။

သို့နှင့် နှမ်းထောင်တွေမှာ ရေဆေးပြီး နေလှမ်းထားသလို သွေ့သွေ့ခြောက်သွားတော့၏။

နှစ်ညအိပ်သုံးရက်ထားလိုက်လျှင် နှမ်းသီးကလေးတွေ ပါးစပ်ကလေးတွေ မိုးခေါ်မော့ပြီး ဟနေကြသလို အာလျှနေကြပြီ။

မြေကြီးပေါ်ကို ငါးစပ်ချောင်ခင်းပြီး စောင်းသွန်ချလျှင်ပင် ရှိသမျှ နှမ်းစေ့တွေ ထွက်ကျလာသည်။ ထိုခြေအနေဆက်လျှင် နှမ်းထောင်ကို တုတ်ဖြင့်ခါပြီးယူသည်။

နှမ်းထောင်ရာသီတွင် နှမ်းသူခိုးတွေအလည်း ပူတတ်သည်။ လူစောင့် မအိပ်နိုင်သော ယာနှမ်းထောင်တွေကို

www.burmeseclassic.com

သူခိုးတွေက ညဥ့် အချိန်မတော်တွင် တိတ်တဆိတ်လာပြီး ခေါ် ယူသွားတတ်သည်။

ထိုသို့ အခိုးခံလိုက်ရပြီဆိုလျှင် တစ်နှစ်စာ ငွေအား၊ နွားအား၊ လူအားရင်းပြီး ကြိုးစား လုပ်ထားသမျှ မော မရှု။ ထို့ကြောင့် နီးစပ်ရာ ခင်မင်ရာ လူချင်း နှစ်ယောက် သုံးယောက် စုကာ နှမ်းထောင် စောင့်ကြရသည်။

'ဟေ့ ကောင်၊ လိုက်မှာ မဟုတ်လားကွ'

စိုးအောင်က ခပ်ငေါက်ငေါက် မေးလိုက်တော့ တွေးမှန်းမသိ တွေးနေမိသော ကျွန်တော့် အတွေးတွေ လွင့်စင်သွားသည်။

'ဟာကွာ၊ လိုက်ပါမယ်ဟ၊ မင်းကလဲ'

'ဒါဖြင့် မင်းက ဘာလို့ မထတတ်သေး လုပ်နေတုန်း၊ ဦးဘတုတ်တို့ ထနောင်းပင်ကွက်က တစ္ဆေခြောက်မှာ ကြောက်လို့လား၊ မကြောက်ပါနဲ့ကွာ၊ ငါတို့နဲ့ အတူ မြတ်ကျော်လဲ ပါဦးမှာပါ'

'ငါ မကြောက်တတ်ပါဘူးကွာ၊ လိုက် ဖြစ် အောင် လိုက်ပါမယ်၊ မင်းသွားတော့ လာခေါ်လှည့်'

ခိုင်မာစွာ ကတိပေးလိုက်တော့ စိုးအောင် စိတ်ချလက်ချ ပြန်သွားသည်။



( ၂ )

စိုးအောင် ပြန်သွားသော်လည်း ကျွန်တော့် ဆီတွင်...

'ဦးဘတုတ်တို့ ထနောင်းပင်ကွက်က တစ္ဆေခြောက်မှာ ကြောက်လို့လား'

ဆိုသော စကားတစ်ခွန်းက ကျန်နေရစ်၏။

စင်စစ် ဦးဘတုတ်သည် ကျွန်တော်တို့ရွာသားမဟုတ်။ ကျွန်တော်တို့ရွာ၏ အနောက်ဘက်ရှိ ဆန်နီအိုင်ရွာသား။ သူက ကျွန်တော်တို့ရွာမှ စီးပွား ပျက်ပြီးသွားသူ တစ်ယောက်၏ ထနောင်းပင်ကွက်ကို ဝယ်ယူလုပ်ကိုင်နေခြင်း ဖြစ်၏။ သည်ယာခင်းကို သူဝယ်ယူ လုပ်ကိုင်နေသည်မှာ လေးငါး နှစ်ရှိပြီ။

အရင် ယာရှင်တွေ လက်ထက်ကတော့ တစ္ဆေခြောက်သည်ဟု တစ်ခါမျှ ကြားဖူးခဲ့။ ဦးဘတုတ် လက်ထက် ကျမှသာ ထနောင်းပင်ကွက်သည် တစ္ဆေအခြောက် ကြမ်းလှကြောင်း အံ့ဩဖွယ် ကြားနေရသည်။

ပို၍ အံ့ဩဖွယ် ကောင်းပြန်သည်က တစ္ဆေခြောက် ကြမ်းလှသည် ဆိုသော သတင်းကို ဦးဘတုတ် တစ်ယောက်တည်းက ဒိုင်ခံဖြန့်နေခြင်းပင်။

ယခုလို နှမ်းထောင်ယာသိ ရောက်လျှင် ဘယ်သူ့ ယာခင်းက နှမ်းထောင်ကို သူခိုးခေါ် ယူသွားလို့တဲ့ ဆိုသော သတင်းမျိုး ကြားရတတ်သလို၊ ဦးဘတုတ်ဆီမှလည်း သူ့

www.burmeseclassic.com

# ပြောစမှတ်



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းပင်ကွက်က ဘယ်လို တစ္ဆေခြောက်ပြန်ပြီဆိုသည့် သတင်းကို နှစ်စဉ် ကြားရသည်။

ဦးဘတုတ် ထနောင်းပင်ကွက်ကို စောင် ဝယ်ယူ လုပ်ကိုင်သည့် နှစ်က နှမ်းထောင်စောင့်စဉ် ညမိုက်ညမှောင် မှောင်မည်းမည်းထဲ၌ ဆင်နှစ်ကိုယ်စာလောက် နွားဖြူကြီး တစ်ကောင် ယာခင်းအနှံ့ လူးလာ ခေါက်တုံ့ လျှောက်သွားနေသည်ကို တွေ့ရသည်တဲ့။

နောက်နှစ်ပေါင်တော့ သူတစ်ယောက်တည်း ညအိပ်ပြီး နှမ်းထောင် စောင့်နေစဉ် တစ်စုံ တစ်ယောက်က အေးစက်စက်လက်ကြီးဖြင့် သူ့ခြေထောက်ကို ဆောင့်ဆွဲလိုက်သည်။

သူ ငုတ်ခနဲ ထထိုင်ကြည့်တော့ ဘယ်သူ့ကိုမှ မတွေ့ရဟု ဆို၏။

နောက်နှစ်၏ နောက်နှစ်တွင်အား သူ တစ်ယောက်တည်း နှမ်းထောင်စောင့်နေသည့် ညတိုင်၊ အရှေ့ယာခရိုးမှ အနောက်ယာခရိုး၊ အနောက်ယာခရိုးမှ တောင်ယာခရိုး၊ တောင်ယာခရိုးမှ မြောက်ယာခရိုး စသည်ဖြင့် ရောင်စုံမီးစုံတွေ လှည့်လည်သွားလာနေသည်ကို တွေ့ရပြန်သည် ဆို၏။

ပြီးခဲ့သည့်နှစ်ကတော့ ရွာဟောင်းဓော ည လမှုန်မှုန်မှာ ထနောင်းပင်ကွက်ထဲတွင် သူ နှမ်းထောင်စောင့်ရင်း ရေနွေးကြမ်းသောက်နေစဉ် နှမ်းထောင်ဆီမှ တချွမ်းချွမ်း ဆိုး သံကြားသည်တဲ့။



ထိုအချိန်မှာ ယာခရိုးပတ်ပတ်သည်ရှိ သစ်ပင်ကြီးတွေကလည်း မပီဝိုးဝါး အရောင်အောက်မှာ ရှေ့မတအစ္ဆေ မည်းမည်းကြီးတွေ အလား ခြောက်ခြားဖွယ် ကောင်းလောက်အောင် ယိမ်းထိုးလှုပ်ရှားလို့ပေါ့လေ။

သူက တချွမ်းချွမ်း အသံကြားရာ နှမ်းထောင်ဆီကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ဓာတ်မီးရောင်ထဲမှာ တွေ့လိုက်ရသည်က ခွေးပုကလေး ငါးကောင်။ ဦးဘတုတ်က ခွေးပုကလေးတွေ တိုးဝှေ့သဖြင့် နှမ်းထောင် ပြိုလဲကုန်မည်စိုး၍ ခဲလုံးဖြင့် ပစ်ခြောက်လိုက်သည်။

ခွေးပုကလေးတွေက ထွက်မသွား။ သူ နောက် တစ်ချက် ပစ်ခြောက်လိုက်ပြန်သည်။

သည်တစ်ကြိမ်တွင်လည်း ခွေးပုကလေးတွေက ထွက်မသွားသည့်အပြင် ကိုယ်လုံး ကိုယ်ထည် ပိုကြီးလာသလို ပင် ထင်လိုက်ရသည်။

သူ နောက်ထပ် တစ်ကြိမ် ပစ်ခြောက်လိုက်ပြန်၏။ ခွေးပုကလေးတွေ ပိုကြီးလာ၏။

သူက ခဲလုံးဖြင့် ပစ်ခြောက်လိုက်၊ ခွေးပုကလေးတွေက ပိုကြီးလာလိုက်နှင့် နောက်ဆုံးတွင် ခွေးကလေးတွေ အားလုံး ခိုင်းနွားကြီးတွေလောက် ဖြစ်လာသည်။

ဦးဘတုတ်ခမျာ မနေရဲတော့၊ ကန်နီအိုင်ဆီသို့ တစ်ချိုးတည်း သုတ်ခြေတင် ပြေးရတော့သည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ် နှမ်းပေါ် ရာသီတွင် မနေ့ညကပြီး ဦးဘတုတ် နှမ်းထောင်စောင့်ရသည်။ စောင့်ချင်း ညမှာပင် ဦးဘတုတ် တစ္ဆေခြောက် ခံလိုက်ရပြန်သည်တဲ့။

သည်တစ်ခါ တစ္ဆေခြောက်ခံရသည်က တစ်မျိုး။ ညသန်းခေါင်လောက်မှ ယာထဲရှိ ထနောင်းပင်ကွက်ပေါ်မှ ပုပ်လောက်မီးလုံးကြီးတွေ တစ်လုံးပြီးတစ်လုံး တဝုန်းဝုန်းကျလာသည်တဲ့။ ဦးဘတုတ် မနေရဲသဖြင့် ရွာပြန်လာသည်။

သူ့ယာထောင်ရှိ လှည်းလမ်းပေါ် အရောက်တွင် အရှေ့ဆီမှ လှည်းတစ်စီး မောင်းလာသံ ကြားရသည်။

ညအချိန်မတော်ကြီး ဆန်နီအိုင်ရွာ သွားမည့် လှည်းပေလားဟု စဉ်းစားရင်း လှည်းကြုံလိုက်ဖို့ စောင့်နေလိုက်သည်။

သူ့အနီးသို့ လှည်း ရောက် လာသည့် အခါတွင်တော့ ဦးဘတုတ် တစ်ယောက် လိပ်ပြာစင် ထွက်သွားမတတ် ထိတ်လန့်သွားသည်။

မထိတ်လန့်ဘဲ နေနိုင်ရိုးလား။ လှည်းပေါ်တွင် ပါလာသည့် လူက တစ်ယောက် နှစ်ယောက် မဟုတ်။ တစ်ဆယ် နှစ်ဆယ် မဟုတ်။ လူတစ်ရာလောက် ရှိသည်။

တစ်ယောက်ပခုံးပေါ် တစ်ယောက်တက်လျက်။ တစ်ယောက် ခေါင်းပေါ် တစ်ယောက် ထိုင်လျက်။

တဆယ့် ရှေမ လူအပုံကြီး။ လှည်းက ရိုးရိုးလှည်း မဟုတ်။ ကြွပ်လှည်း။ ဦးဘတုတ်ခမျာ ရွာကိုလည်း



မပြန်ရဲတော့ဘဲ တဲဆီသို့သာ ပြန်ပြေးခဲ့ပြီး၊ တစ်ညလုံး သံပုံးဒွတ်ထိုင်ရိုက်နေရသည်တဲ့။

သည်သတင်းက မနက်စာမှ တစ်ရွာလုံးကို ပျံ့နှံ့လာသော ဖောသောလတ်လတ် သတင်း။ ကြုံကဲ့သို့သော ဦးဘတုတ် တစ္ဆေခြောက်ခံရသည့် သတင်းတွေကို ယုံသူလည်း ရှိသည်၊ မယုံသူလည်း ရှိသည်။

ကျွန်တော်ကတော့ ထိုသတင်းတွေကို ယုံသည်၊ မယုံသည်ထက် 'သည်လောက် တစ္ဆေ ခြောက်နေပါလျက် ဦးဘတုတ်ဟာ ဘာကြောင့် တစ်ယောက်တည်း ချည်း နှမ်းထောင် စောင့်သလဲ' ဆိုတာကိုပဲ စဉ်းစား ဆင်ခြင် ကြည့်နေဖြစ်ပါ၏။

ဦးဘတုတ်၏ ထနောင်းပင် ကွက်သည် ကျွန်တော် နှမ်းထောင်စောင့် လိုက်မည့် စိုးတင့်တို့ ယာအနောက် ဘက်မှာ ရိုးသာ ခြားသည်။

'အင်းသည်ညတော့ ဦးဘတုတ် ထနောင်းပင်ကွက်ကို သေချာစောင့်ကြည့်ပြီး အဖြေမှန် ရှာရတော့မပေါ့လေ' ဟု ရင်မှာ တေးထားလိုက်သည်။

( ၃ )

နေဝင်ပြီးစ အချိန်မှာပင် စိုးတင့်က နှမ်းထောင် စောင့်ဖို့ လာခေါ်သည်။ ကျွန်တော်လည်း အဆင်သင့်နေတို့

www.burmeseclassic.com

www.burmeseclassic.com



ထားတာအေ မြန်းရောက်ရောက်ချင်း ညစာကို စောစော စားကာ အသင့် ပြင်ဆင်ပြီး ဖြစ်နေ၍ စောင်ထုပ်ကို ကျောပိုး၊ ဓားရှည်ကို ဆွဲလျက် ချက်ချင်း ထလိုက်လာ ခဲ့၏။

စိုးတင့်က ဝါးတောင့်ထိုး လက်နှိပ်ဓာတ်မီး တဝင်းဝင်း ထိုးကာ ရှေ့ဆုံးမှ သွားသည်။

မြကျော်က သူ့စောင်ထုပ်နှင့် ရေနွေးကြမ်းအိုးကြီးကို ဝါးရင်းတုတ်မြင့် ဦးပဲ့ လျှို၍ထမ်းလျက် နောက်ဆုံးမှ လိုက်သည်။ ကျွန်တော်က သူတို့နှစ်ယောက် အလယ်မှ လိုက်၏။

ယာခင်းထဲကို ရောက်တော့ စောင်ထုပ်တွေနှင့် ရေနွေး အိုးကို တဲထဲမှာ နေရာတကျ ချသည်။ စိုးတင့်ဆီတွင် ပါလာသော ပဲကြီးလှော်ထုပ်နှင့် လက်ဖက်အုပ်ကိုလည်း အိတ်ထဲမှ ထုတ်သည်။

ရေနွေးကြမ်း ပန်းကန်အဖြစ် တဲအမိုးတွင် ထိုးသွင်း သိမ်းဆည်းထားသော ဝါးဆစ်ခွက်တွေကို ယူသည်။

'ကဲ...ပဲကြီးလှော်ဝါး၊ လက်ဖက်သုပ်စား၊ ရေနွေး ကြမ်းသောက်ရင်း စကားပြောကြကွာ၊ ငါ နှမ်းတောင် ဝိုင်းကို တစ်ပတ် လျှောက်ကြည့်လိုက်ဦးမယ်'

စိုးတင့်က မြွေမြွေဆိုဆို အသွားတွာ တဲနှင့် မလှမ်း မကမ်းရှိ နှမ်းတောင်ဝိုင်းကို လက်နှိပ်ဓာတ်မီးနှင့် လျှောက် ထိုးကြည့်သည်။



ကျွန်တော်အဖို့တော့ ပဲကြီးလှော်လည်း မဝါးဖြစ်၊ လက်ဖက်သုပ်လည်း မစားဖြစ်၊ ရေနွေးကြမ်းလည်း မသောက်ဖြစ်။ ခရီးသာ ခြားသော ဦးဘတုတ် ယာဆီ ကိုပဲ သတိတရ ကြည့်နေဖြစ်သည်။

သူ့ယာခရိုး ပတ်ပတ်လည်မှာ ရောင်စုံ မီးစုန်းတွေ လှုပ်ရှား သွားလာ နေကြပြီလား၊ ထနောင်းပင်ခေါင်မှ ပုပ်လောက် မီးလုံးကြီးတွေ ကျလာလေမလား။

ယခုမတော့ ဘာမျှ မတွေ့ရသေး။

'ဟေ့ ကောင်တွေ....ဝါးကြ စားကြလေကွာ၊ ရေနွေး ကြမ်းလည်း သောက်'

ထိုစဉ် စိုးတင့် တဲထဲ ပြန်ဝင်လာသည်။

'အနောက်ဘက် ယာထဲမှာ ဦးဘတုတ်ကြီး ရှိမယ်ထင် တယ်နော်'

ကျွန်တော် မနေနိုင်အားစွာ မေးမိသွားသည်။

'ရှိမှာပေါ့ကွ၊ သူ့ နှမ်းတောင်လဲ ခါရသေးတာမှ မဟုတ်တာ'

'ဒါဆို ဒီလူကြီး ဒီညလဲ တစ္ဆေခြောက် ခံရဦးမလား မသိဘူးနော် စိုးတင့်'

'သူကတော့ နှမ်းတောင်စောင့်ရတိုင်း တစ္ဆေခြောက် ခံရတယ်ချည်း ပြောနေတာပဲ၊ မနေ့ညကလဲ အဲလို တစ္ဆေခြောက်ခံရတယ်ဆိုတာ မင်း ကြားတဲ့ အတိုင်းပဲ၊ ဒါပေမယ့် ငါကတော့ ယာနီးချင်း ဖြစ်နေတာကြာပြီ၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



ထနောင်းပင် ကွက်က တစ္ဆေ ခြောက်တာ တစ်ခါမှ မကြုံဖူးသေးဘူး....

'ဒီနေ့ည သူ့ကို တစ္ဆေခြောက်လို့ မနေရဲရင် တို့ဘက် ကူးလာလိမ့်မယ်ပေါ့ကွာ။ ဒီဘက်မှာ ငါတို့ရှိမှန်း သူသိမှာပဲ။ မင်းကရော တစ္ဆေကြောက်လို့လား'

'မကြောက်ပါဘူးကွ'

'ဒါဖြင့်လဲ ဒီအကြောင်းတွေ ပြောမနေပါနဲ့တော့ကွာ။ ကဲ.... ရေနွေးသောက်ကြ ပဲကြီးလှော်နဲ့ လက်ဖက်သုပ်လဲ စားကြ'

'ကဲ.... ငါစတော့တွယ်ပြီဗျို့'

မြကျော်က ပြောပြောဆိုဆို လက်ဖက်သုပ်တစ်ဇွန်း ဆော်စားလိုက်သည်။

ကျွန်တော်တို့ ဦးဘတုတ် အကြောင်းကို ဆက်မပြောဖြစ်ကြတော့၊ ရွာထဲကအပျို ချောချောလေးတွေ အကြောင်းဆီ စကားဦးတည်မိသွားကြသည်။ ဘယ်သူကဘယ်လို ယဉ်ကျေး သိမ်မွေ့ကြောင်း၊

ဘယ်သူက ဘယ်လို လူချေးလူမှု နားလည်ကြောင်း စသည်ဖြင့် မြကျော်တစ်ယောက် သူ့ကိုအဖြေပေးပြီးမှ စိမ်းတားသွားသော မိသန်းရင်အကြောင်းကို ပြောပြသည်။

'ငါဘယ်လောက်ခံစားနေရတယ်ဆိုတာ သူသိပါတယ်ကွာ၊ မိသန်းရင် ငါခင်ရက်နဲ့တိမ်း၊ ငါကြင်ရက်နဲ့ စိမ်းသွား...'

'ငါတို့လဲသိတယ် မြကျော်'



'ငါနဲ့သူနဲ့ ဒီဘဝ ပြန်ဆုံကြရတော့မယ် မထင်ပါဘူး နော်'

'သူလဲအိမ်ထောင် ကျသွားသေးတာမှ မဟုတ်တာ၊ တစ်နေ့မင်းဘက် စိတ်ပြန်လှည့်လာချင် လာမှာပေါ့'

'ငါတော့သူနဲ့ တကယ် ပေါင်းဖို့သေချာရင် ရူးရလိမ့်မယ်ထင်တယ်'

ပဲကြီးလှော်တစ်ထုပ် လက်ဖက်တစ်အုပ်၊ ရေနွေးကြမ်း တစ်အိုးကုန်သည့်တိုင် မိသန်းရင် ဓာတ်ပြားဟောင်းက အပ်ကြောင်းထပ် မပြီးနိုင်ပဲဖြစ်နေသည်။

ကြာတော့ စိုးတင့်က တားယူရသည်။

'ဒီလောက်လဲ ခံစားချက် ကြီးမနေပါနဲ့ မြကျော်ရာ၊ ဂျင်းစိမ်းနဲ့ခိုမသလင် သူကြင်မှ ကိုယ်ကြင်မှ ပေါ့ ကဲ... စိတ်ပြေလက်ပျောက် သီချင်းဆိုကွာ၊ ငါ .. ပလွေမှုတ်မယ်'

သည်တော့မှ မြကျော်သည် မိသန်းရင်ဓာတ်ပြားလဲဆော တွေ့ တေးသိန်းတန်ဟဲ့ချင်း ဟဲတော့၏။ စိုးတင့်က ရှူးဆောင်ထုပ်ထဲမှပလွေ ထုတ်ယူအာ လိုက်မှုတ်သည်။

'အပြစ်ရှာသေသူမိ စိမ်းသူ့ရဲ့... ပန်းနွယ်ရယ်.... လမ်းဘယ်မမြင်တယ်.... ဖြောင့်လမ်း.... လမ်းဘယ်မမြင်တယ်၊ ရွှေပင်လယ်ဆီး သည်ညှို့နွယ်... နီးနိုင်မယ်မထင်တော့ဘူး'

မြကျော် သံကုန်ဟစ်၍ဟဲ့သည်။ ခုလိုသီချင်းဆိုလိုက်ခြင်းသည် နမ်းထောင်စောင့် ရှိနေကြသည့် သူခိုးတွေကို သွယ်ဝိုက်သောနည်းဖြင့် အသိပေးလိုက်ခြင်းလည်းဖြစ်၏။

www.burmeseclassic.com

သီချင်း လေးငါးပုဒ်လောက်ဆိုလိုက် မှုတ်လိုက်လုပ်ပြီးတော့ မြကျော်နှင့်စိုးဆင့်အိပ်သွားသည်။ ကျွန်တော်မှာ မအိပ်နိုင်သေး။ ဦးဘတုတ် ယာခင်းဆီကိုသာ အာရုံစိုက်၍ကြည့်နေမိသည်။

ယာခင်းထဲတွင် ဦးဘတုတ်ရှိနေတာတော့ သေချာ၏။ ယာခရိုးတောင် မှည့်ခိုတွေကြောင့် လူရိပ်လူယောင်ကို သဲကွဲစွာ မမြင်ရသော်လည်း ဦးဘတုတ်၏ တမင်လုပ်၍ ချောင်းဆိုးသံကိုကြားနေရသည်။

ရေနွေးအိုး ကြိုဟန် တူသော မီး လက် လက်ကိုလည်း တောင်မှည့်ခို တွေကြားက ထိုးဖောက်မြင်သည်။ တစ်ခါတစ်ခါ ဦးဘတုတ် လက်နှိပ်ဓာတ်မီး ထိုးတာကိုလည်း တွေ့၏။

ညဉ့်က တဖြည်းဖြည်း နက်လာသည်။ ဆန်းစလခြမ်း ကွေးကလေးပင် အနောက်ဘက်မိုးကောင်းကင်မှာပျောက်ကွယ်တော့မည်။

ရွာဟောင်းတော တစ်ခွင်လုံး အမှောင်ထု ကြီးစိုးလာ၏။ ရွာဘက်ဆီမှလည်း အသံဗလံတွေ မကြားရတော့။ တစ်ချက်တစ်ချက်တွင် မြောက်ဘက် ထန်းတောတွေဆီမှ လေတိုးသံတဖွဲဖွဲကို ခြောက်ခြားဖွယ် ကြားရသည်။

ထိုအခြေအနေတွင် တစ္ဆေခြောက်တော့ မည်သားဟု ဦးဘတုတ်ယာဘက်ကို မှိန်မသုန် ကြည့်နေမိသည်။ ယာဆိုလျှင် ဦးဘတုတ်၏ တမင်လုပ်၍ ချောင်းဟန့်သံကိုလည်း မကြားရတော့။



ရေနွေးအိုးကြိုဟန်တူသည့် မီးလက်လက်ကိုလည်း မမြင်တော့။ ဦးဘတုတ် အိပ်ပျော်နေပြီလား။

ထိုစဉ်ဦးဘတုတ်၏ ယာခရိုးမှ တောင်ဘက်သို့ ဖြတ်ထွက်လိုက်သည့် မည်းမည်းသဏ္ဌာန် တစ်ခုကို ဝင်လုဆဲဆဲ လရောင်ဖြင့် ရိပ်ခနဲမြင်လိုက်ရသည်။ ကျွန်တော် လက်နှိပ်ဓာတ်မီးဖြင့် ဖျတ်ခနဲထိုးကြည့်မိ၏။

'ဦးဘတုတ်ကြီးပါလား'

ဦးဘတုတ်က ကျွန်တော့် ဓာတ်မီးရောင်ကြောင့် အနီးရှိထန်းပင်ကို ပြေးကွယ်သည်။ အခင်းကြီးသွားတာများလား။

သို့ဆိုလျှင် ကျွန်တော့်ကြောင့် အနှောက်အယှက်မဖြစ်သင့်ပေ။ လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်လိုက်သည်။

အခြေအနေကို မျက်ခြေမပြတ် စောင့်ကြည့်သည်။ ထပ်ပြီးထူးခြားမှုမတွေ့ရ၊ မထူးခြားသော အခြေအနေသည် ကျွန်တော် အိပ်ချင်စိတ်ကို တားဆီးမထားနိုင်စွမ်း။ ကျွန်တော်မကြာမီ အိပ်ပျော်သွားတော့သည်။

( ၄ )

ကျွန်တော်တို့သုံးယောက် အိပ်ရာထနိုးတော့ အမှောင်ထုလွင့်ပါးနေပြီ။ မကြာမီ မိုးစင်စင် လင်းတော့မည်။ ရွာထဲက လူတွေလည်း ယာတောသို့ လာကြတော့မည်။

www.burmeseclassic.com

နှစ်ပရိစ္ဆေဒတွေ အတန်ကြာမြင့်စွာ ဝေးကွာခဲ့သည့် အမေ့ရွာကလေးဆီသို့ အလည်တစ်ခေါက် ပြန်ရောက်လာတော့ မိဘဆွေမျိုးသားချင်း တို့သာမက ငယ်ပေါင်းသူငယ်ချင်း မိတ်ဆွေရင်းတို့က ဝမ်းမြောက် ဝမ်းသာ ဆီးကြိုကြရှာပါ၏။

ထိုခဏချင်းမှာ ကျွန်တော့် ကိုယ်ပေါ်က မြို့ပြလူမှုဆက်ဆံရေး စိတ်ရှုပ်ထွေးမှုညှီ၊ ညော်းကြိုး ကွာကျသွားသော အမေ့ရွာ၏ ဖော်ရွေခြင်း၊ လေပြည်လေညှင်းက ထွေးပိုက်လေပြီကော။

ရင်မှာကြည်နူးခြင်း၊ လန်းဆန်းခြင်း၊ အေးမြခြင်းတို့ တစ်ပြိုင်တည်း ဖြစ်ပေါ်ခံစားလိုက်ရပါတော့၏။

အမေ့ရွာ၏ ပန်းချီကားလေးအသွင် ဟိုစဉ်တုန်းကလိုပင် နွားတဲ ဘာသာ အိမ်ကလေးတွေ၊ အမှိုက်သရိုက် ရှင်းသန့်နေသည့် အိမ်ဝင်းကလေးတွေ လှည်းလမ်းမပေါ်မှာ ကိုယ်ယုံ တီ ဆော့ကစားနေကြသည့် ကလေးငယ်တွေနှင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နေ့ညအတွက် နှမ်းထောင်တွေ သူခိုးရန်က စိတ်ချရသွားပြီ။

ကျွန်တော်တို့သည် နှမ်းထောင်တွေ ပြိုလဲမှုရှိမရှိလှည့်ပတ်ကြည့်ကာ ပစ္စည်းပစ္စယာတွေ သိမ်းလျက် ပြန်လာခဲ့ကြ၏။

အိမ်ရောက်တော့ အဖေ့ကို ထမင်းကြမ်းကြော် တစ်ဇလုံနှင့် ရေနွေးကြမ်း သောက်နေသည်ကို တွေ့သည်။

'သားကြီး ပြန်လာပြီကိုး၊ မင်းအဖေက လူးကြဲသွားရမှာမို့ စောစောစီးစီး ထမင်းကြမ်းကြော် စားနေတာ၊ သားကြီးလဲ တစ်ခါတည်း ဝင်စားလိုက်လေ'

အမေက ကျွန်တော့်ကို ဆီးပြောသည်။

'ဟုတ်ကဲ့ အမေ'

မျက်နှာအမြန်သစ်ပြီး အဖေ့နား ဝင်ထိုင်လိုက်ရ၏။ အမေက ကျွန်တော့်အတွက် ထမင်းကြမ်းကြော် တစ်ဇလုံ ခူးထည့်ပေးသည်။

'အစ်ကိုကြီးတို့ နှမ်းထောင်ရှိချင် ဂရုစိုက်နော်၊ ညက ဦးဘတုတ်ရဲ့ နှမ်းထောင်ကို သူခိုးခါယူသွားသတဲ့'

ထမင်းကြမ်းကြော် စားလို့မှမပြီးသေး။ အိမ်ရှေ့မှ ပေါ်လျှောက်လာသည့် ဦးချစ်စိန်က အဖေ့ကိုလှမ်းအော်ပြောသံ ကြားလိုက်ရသည်။

ဦးဘတုတ် နှမ်းထောင်ကို သူခိုး ခါယူသွားလို့ဆိုပါလား။ သတင်းက မြန်လွန်းလှချည့်။ ယာချင်းကပ်မှာ



ညအိပ်ခဲ့သူ ကျွန်တော်တောင် အမှုမသိခဲ့ရသေးသောသတင်းကို ဦးချစ်စိန် ဘယ်ကရလာပါလိမ့်။

'မင်းသတင်းက သေချာရဲ့လားကွာ၊ မိုးမှလင်းမယ် မကြာသေးဘူး၊ သူခိုးခိုးတဲ့သတင်းက ကြားနေပြီ'

'ဩော်... သေချာပြီကော အစ်ကိုကြီး ရယ်၊ မနက်စောစော ထောင်း သွားကြည့်ချေတဲ့၊ ကျုပ်နဲ့ သူခိုးခြေရာ လိုက်ခံနေတဲ့ ဦးဘတုတ်နဲ့တွေ့ခဲ့လို့ သူကိုယ်တိုင် ပြောလိုက်တဲ့ဟာပဲ'

'ဒေအားရေ၊ ငါတို့တော့ နှမ်းထောင်မရှိသေးပါဘူး၊ နှမ်းထောင်ရှိရင် ဂရုစိုက်ရမှာပေါ့၊ ဦးဘတုတ်ကြီးက တစ္ဆေကြောက်လို့ ညဘက်နှမ်းထောင် လာမစောင့်တာနေမှာ၊ သူခိုးကတော့ တစ္ဆေမကြောက်ဘူးနော်'

အဖေက ဦးချစ်စိန်ကိုပြောရင်း ကျွန်တော့်ကိုပါ တစ်ဆက်တည်း ပြောလိုက်သည်။

'ဦးဘတုတ် ထနောင်းပင်ကွက်က တစ္ဆေမခြောက်ပါဘူး အဖေရယ်'

'ဦးဘတုတ်ပြောတော့ နှမ်းထောင် စောင့်တဲ့ညတိုင်း တစ္ဆေခြောက်ခံရတယ်ဆို'

'အဲဒါကို သံသယဖြစ်လို့ ကျွန်တော် ဂရုစိုက်လေ့လာနေတာပဲ အဖေ၊ အခုတော့ အဖြေမှန် တွေ့သွားပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်က ဦးဘတုတ်တစ်ယောက် ဘယ်တုန်းကမှ တစ္ဆေခြောက် မခံခဲ့ရပါဘူး။ သူကသာ သူများတွေကို ခြောက်နေတာပါ။ ဦးဘတုတ် ခမျာ ဒီနေ့မှ တကယ် တစ္ဆေ အခြောက်ခံရတာပဲ'

'သွားပြောတာ အဓိပ္ပာယ် သိပ်နားမရှင်းဘူး'

'ဒီလိုပါ အဖေ၊ ဦးဘတုတ်ဟာ သူ့ယာခင်းကို သူခိုးတွေ မလာရဲအောင်၊ ပြီးတော့ သူ့ယာအနီးပတ်ဝန်းကျင်က ယာခင်းတွေကိုလဲ နှမ်းထောင်ပိုင်ရှင်တွေ လာမစောင့်ရဲအောင် ထနောင်းပင်ကွက်က တစ္ဆေ အခြောက်ကြမ်းတယ်ဆိုပြီး လုပ်ကြံပြောနေတာပါ၊ သူကတော့ ပိုင်ရှင်အစောင့် မလာရဲတဲ့ နှမ်းထောင်တွေကို ထွက်ခိုးတယ်လေ....

'ညက ကျွန်တော် စိုးထင့်တို့ ယာခင်းထဲကနေ သူ့ယာခင်းဘက်ကို မျက်ခြေမပြတ် စောင့်ကြည့်နေခဲ့တယ်။ ဦးဘတုတ် သူ့နှမ်းထောင်ကို လာစောင့်ပါတယ်၊ လခင်ခါနီးကျတော့ သူ့ယာ အပြင်ဘက်ကို ထွက်သွားတာ မြင်လိုက်ရတယ်၊ ပြန်ဝင်တာတော့ မတွေ့လိုက်ဘူး။ အဲဒါ ပိုင်ရှင် လာမစောင့်တဲ့ နှမ်းထောင်တွေကို ထွက်ခိုးတာပေါ့။ သူ ထွက်ခိုးနေတဲ့ အချိန်မှာပဲ သူ့လို အကြံတူတစ်ယောက်က သူ့နှမ်းထောင်ကို ဝင်ခိုးသွားတာ ဖြစ်မှာပေါ့'



ကျွန်တော်က ကျိုးကြောင်း ခိုင်လုံစွာ ရှင်းပြလိုက်သည်။

'ကြော်....ဟုတ်ပြီ။ ဦးဘတုတ်ဟာ တစ္ဆေ အခြောက်ခံရတယ်လို့ လူတွေကို ညာပြောပြီး သူကိုယ်တိုင်က တစ္ဆေလုပ်ခြောက်နေတာကို။ ခုတော့ သူ့လိုတစ္ဆေက သူ့ကို ပြန်ခြောက်သွားပြီပေါ့လေ'

အဖေ နားလည် သဘောပေါက်စွာ ပြောလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အဆုံးစွရိသော ဝိဏ်

www.burmeseclassic.com

www.burmeseclassic.com

အလင်းရောင် လွင့်ပါး ကွယ်ပျောက်စ အချိန်မှာပင် မိသားစု ညစာထမင်းပွဲကလေးကို အမေ ခူးခပ်ပြင်ဆင်သည်။ ပြင်ဆင်သည်ဟု ဆိုလိုက်ရသော်လည်း အမှန်က ထူးထူးတလည် ခူးခပ်ပြင်ဆင်နေရသည့်တော့ မဟုတ်ပေ။ ချဉ်ပေါင်ရွက်နယ်ဟင်းတစ်ခွက်၊ ဒန့်သလွန်ရွက်ဟင်းချို တစ်ခွက်၊ ငရုတ်သီးထောင်းတစ်ခွက်၊ ဒါပဲ ဖြစ်ပါ၏။

အမေ့ ထမင်းပွဲကလေးက ဟင်းသုံးခွက် စလုံးမှာ မြေထွက် အသီးအရွက် တွေနှင့် ချည်း စီမံထားသည်မို့ ကျန်းမာတန်ဖိုးကို သုည ဟု ပြောနိုင်လေသည်။

သို့သော်လည်း ကျွန်တော်တို့ မိသားစုကို ထမင်း တစ်နပ် ပြီးမြောက်စေသည့် အသုံးခင် ဆန်ဖိုးမှာကား ကြက်သား၊ ဝက်သားဟင်းများနှင့် အတူတူပင် ဖြစ်တော့သည်။

ဆင်မြန်းရိုးစင်းလှသည့် အမေ့ ညစာထမင်းပွဲကလေးအား အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ် ဝိုင်းထိုင်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တုန်းမှာ အမေ့တူမဖြစ်သူ ကျွန်တော့် အစ်ကို ဝမ်းကွဲ ကိုတင်ညွန့် သူ့နေရာရှိရာ အနောက်ဘက်ရွာကို သွားဖို့ အိမ်ရှေ့စမ်းမှ ဖြတ်လျှောက်လာသည်။

'ထမင်းစားသွားဦးလေ'

အမေက သူ့ကို လောကဝတ် လှမ်းပြုလိုက်သည်။

'တော်ပြီ အရီး'

'ရေနွေးရင်သောက်သွားပါဦးလား လို့'

'မသောက်တော့ဘူး အရီး၊ မြေမှောင်နေမှာစိုးလို့ သွားလိုက်ဦးမယ်'

'ညီအစ်ကိုနှစ်ယောက် သွားဖော် ပြန်ဖော်ရအောင် အနောက်ဘက်ရွာမှာ မင့်ညီအတွက် တစ်ယောက်ယောက် ရှာပေးလိုက်ပါလားဟဲ့'

သည်တွင် အမေက ဘာရယ်မဟုတ်၊ ကျွန်တော့် အတွက် အနောက်ဘက်ရွာမှာ အပျိုတစ်ယောက်ရှာပေး နောက်ပြောင်လိုက်သည်။

'စွည်းမရှိ ရုပ်ရှိနဲ့ ခင်ဗျားသားကို ဘယ်သူ ကြိုက်မှာတုန်း'

ကိုတင်ညွန့်ကလည်း ဘာရယ်မဟုတ်၊ ပြန်လည်က နောက်ပြောင်စကား ဆိုပါ၏။

သို့တစေ၊ ကိုတင်ညွန့်၏ နောက်ပြောင်စကားကြောင့် အဖေနှင့် အမေ၏ မျက်နှာမှာ ရုတ်ချည်း ညှိုးကျသွား သည်ကို ကျွန်တော် သတိပြုမိလိုက်သည်။ အထူးသဖြင့် အဖေ့ မျက်နှာက ပိုညှိုးကျသွားခဲ့သည်။ သည်အချိန်က



ကျွန်တော်တို့ မိသားစု၏ စီးပွားရေး ဂရပ်မျဉ်းကလည်း အောက်ထိုးစိုက်ကျနေချိန်မို့ ကိုတင်ညွန့်၏ နောက်ပြောင် ကျီစယ်စကားသည် အဖေ့အတွက် အနာပေါ် တုတ်ကျ ဖြစ်သွားစေခဲ့ဟန် တူပါ၏။

နောက်ပြောင် ကျီစယ်လိုက်သည့် စကားတစ်ခွန်းပင် ဖြစ်စေကာမူ အခန့်မသင့်လျှင် နောက်ပြောင်ကျီစယ်ခံရသူမှာ အလွန်တရာ ထိခိုက်နာကျင် သွားစေတတ်သည်လေ။

သည်အဖြစ်အပျက်လေး ဖြစ်ပျက်ခဲ့သည်က ကြာတော့လည်း ကြာခဲ့ပါချေပြီ။ လွန်ခဲ့သည့် လေးနှစ်ကျော် ငါးနှစ်လောက် ဆီက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် လေးပင်။ ကျွန်တော့်နှင့်ထိမှာတော့ ဘာမျှ မပြောပ လောက်သည့်အဖြစ်အပျက်လေးမို့ ကြိုးစားမေ့ဖျောက် မနေရပါဘဲ အလိုအလျောက် မေ့မှိန် ပျက်ပြယ်သွားခဲ့ ပါလေပြီ။

အဲသည်တုန်းအခါကတော့ ကိုတင်ညွန့် ပြောသလို လည်း ကျွန်တော့်ဘဝက ဟုတ်နေခဲ့ပါ၏။ မိဘက စီးပွား ရေးထိုးကျနေရသည့်အထဲ ကျွန်တော်ကလည်း ဆယ်တန်း မအောင်သေး။ ဆယ်တန်း တစ်နှစ်ကျပြီး ကျောင်းပြန် မနေနိုင်သဖြင့် အပြင်မှဖြေဖို့ ကြိုးစားနေသူ။

ကျောင်းထွက်စ ဆိုတော့ သူများနည်းတူလည်း ယာ မထွက်တတ်၊ မြက်မရိတ်တတ်၊ တောလုပ် တောကိုင် မဖြစ်။ ကျောင်းသားလည်း မဟုတ်၊ ယာသမားလည်း မညီ၊ နတ်အိုးကွဲ၊ ရွာအမြင်မှာတော့ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အမေ့ရွာ၏ ဂီတသံကလည်း လူ့ရွာ ကောင်းကျိုး အတွက် အမျှဝေသည့် ကြေးစည်သံ အလေးလေး ဆွဲလေကမ်းကို မေ့မလျော့ထားသည့် ရယ်မောသံကလေးတွေ ဖော်ရွေစွာ နှုတ်ဆက်ကြသည့် အလုပ် ကြားသံအသေး တွေနှင့်ပင်။

အမေ့ရွာ၏ ရနံ့ကလည်း ချေးနံ့၊ ဆိတ်ချေးနံ့တွေ နှင့်ပင် ဘာဆိုဘာတစ်ခုမျှ မပြောင်းလဲခဲ့ပါသေးပေ။

သည်ရွာကလေးမှာ ကျွန်တော့်အသက် နှစ်ဆယ်အထိ လွတ်လပ်ပျော်ရွှင်ခြင်းအတိဖြင့် နေထိုင်ကြီးပြင်းခဲ့ပါ၏။ နောက်တော့ ပျော်ရာမှာ မနေရ တော်ရာမှာ နေရ ဆိုစကားကို မလွန်ဆန်နိုင်စွာ သင်ကြား တတ်မြောက်ခဲ့သည့် ပညာကလေးဖြင့် ဖေးသီခေါင်ဖျား တောင်ကန်း များပေါ်က သတ္တုတွင်းမှာ အသင့်အတင့် ရာထူးတစ်ခု ဖြင့် အလုပ်စင်လိုက်ကတည်းက အမေ့ရွာကလေးနှင့်ဝေး ကွာသွားခဲ့ရသည်။

အခုတော့ဖြင့် အမေ့ရွာကလေး၏ ပန်းချီကား၊ အမေ့ရွာ ကလေး၏ တေးဂီတ၊ အမေ့ရွာကလေး၏ ရနံ့တို့ကို အသစ်ပြန်လည် ခံစားလိုက်ရသော အခါ၊ ကိုယ့်ကိုယ်ကို နုပျိုသွားသလိုလည်း ထင်မိပါ၏။

မိဘသားချင်း ဆွေမျိုးဝင်းတွေနှင့် တစ်နေကုန် စကား ထိုင်ပြောပြီးတော့ ညနေပိုင်းမှာ ငယ်ပေါင်း သူငယ်ချင်း



မိတ်ဆွေရင်းတွေ အိမ်ကို လျှောက်လည်ဖို့ စဉ်းစားသည်။ ဘယ်သူ့အိမ်တွေကို အရင်ဆုံး သွားလည်ရပါမည်နည်း။

ရွာက မထွက်ခွာမီက အရင်းနှီးဆုံး ပေါင်းဖော်ဖြစ်ခဲ့ သည့် သံချောင်း၊ အောင်ညွန့်၊ ဖြူဆွတ်၊ မစောကြည်၊ မသန်းညွန့်တို့တစ်တွေ၏ မျက်နှာက အစဉ်လိုက် ပေါ် လာသည်။

ပထမဦးစွာ ကျွန်တော်အိမ်နှင့် အနီးဆုံးဖြစ်နေသည့် သံချောင်းအိမ်ကို သွားဖို့ဆုံးဖြတ်လိုက်သည်။ သံချောင်းက အေးချစ်နှင့် အိမ်ထောင်ကျနေပြီ။

သူ့အိမ်ကို ကျွန်တော် ရောက်သွားတော့ ခြံနင်းဓား ဖြင့် နွားစာ တစ်ဂျိုင်းဂျိုင်း စဉ်းနေရာက....

'ဟကောင်ကြီး ထိုင်ကွာ'

ဆိုသော ရင်းနှီးသံကြီးနှင့် သံချောင်း ဆီးကြိုသည်။ သည်လိုရင်းတွင်းအလားသော ရင်းနှီးသံမျိုး မကြားရတာ ရွာကထွက်ကတည်းကပဲလေ။

သူ့နွားစာစဉ်းသည့် တဲထဲက ခုံတန်းလျားအလေး ပေါ်မှာ ကျွန်တော် ဝင်ထိုင်လိုက်သည်။

'အေးချစ်ရေ၊ ထန်းလျက်တို့ လက်ဖက်သုပ် ယူခဲ့ပါ ဟဲ့...'

သံချောင်းက နွားစာစဉ်းရင်း လှမ်းအော်သည်။ ရေ နွေးအိုးကြီးကတော့ သူ့နွားစာစဉ်းရင်း အားပါးအပြေ သောက်ဖို့ အသင့်ချထားပေးပြီးသား ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးသည် အားမှ ထမင်းပွဲကလေး၏ ကုန်ကျတန်ဖိုးလို 'သုည' သာ ဖြစ်နေခဲ့ပါ၏။

အဖက်ဖက်က နိမ့်ပါးနေသည့် ကျွန်တော့်မှာ အသက် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ် လူပျို ဖြစ်စ အရွယ်ရောက်နေသည့်တိုင် စိတ်ဝင်စားမည့် မိန်းကလေးဟူ၍ ရွာမှာ တစ်ယောက်တလေမျှ မရှိပေ။

သူတို့ကလေးတွေက ကျွန်တော့်ကို စကား လက်ဆုံပင် သိပ်မပြောချင်ကြ။ ကျွန်တော်နှင့် စကားလက်ဆုံကျနေတာကိုများ တစ်စုံတစ်ယောက်က မြင်သွားလျှင်–

'ဘာဏလိုတိုတို ဘိုအလိုတာတာ' ဆိုသလို ထင်သွားမှာ စိုးရိမ်ကြရှာသည်။

သူတို့မချောကလေးတွေမှာ သည်လောက်ပင် အထင်မခံနိုင်ကြရှာပေ။

ကျွန်တော့်ကို အားနာပါးနာနှင့် စကားပြောချင်သူ ကလေးတစ်ယောက်စ နှစ်ယောက်စ ရှိပြန်ပါသော်လည်း လူမတို့ အမေများ၏ မျက်စောင်း မြားဒဏ်ကို မခံနိုင်ကြသဖြင့် မပြောကြပြန်။

ကျွန်တော့်ရွာကလေးက ကာလသား ပေါက်စတို့၏ အလှအပ အတိုင်း ညနေချမ်း ဂစ်တာပြင်တန်း ရေခပ်လမ်းကို လမ်းလျှောက် ထွက်တော့လည်း ကျွန်တော့်ကို အပြုံးစလေးမျှ ပြုံးပြမည့် မချောဆို၍ တစ်ယောက်တလေမျှပင် မရှိပေ။



ရွာကာလသားတို့၏ ကြည်နူး ရင်ခုန်ရာ ရေခပ်လမ်းသည် ကျွန်တော့်အတွက် ခြောက်သယောင်းလှပေတိ၏။

သည်အခြေအနေတွေ ကြားတွင် ကိုယ့်ကိုယ်ကို သိမ်ငယ် စိတ်ဝင်နေသည့် ကျွန်တော့်မှာ သင်္ကြန်ကျလို့မှ သူများနည်းတူ ပျော်ရွှင်စွာ ရေမကစားဝံ့ခဲ့။

ကိုယ်က ရေဖြင့် ပက်လိုက်လျှင် မချောကလေးတွေက ဒေါသချော်ရည်ဖြင့် ပြန်ပက်လိုက် လေမလား စိုးရိမ်သည်။

ကိုယ်က ရေဖြင့် လောင်းလိုက်လျှင် မချောကလေးတွေက အမနာပရေမီးတို့ဖြင့် ပြန်လောင်းလိုက်လေမလား ကြောက်ရွံ့မိသည်။

သည်ကြားထဲမှပင် ကံဇာတာ နိမ့်ပါးနေချိန်မို့ မြဲသာနားဖြစ်မှာ စိုး၍ ရေမလောင်းဘဲ နေလိုက်သည့် အတွက် အဖြစ်ဖြစ်သွားရပြန်သော အဖြစ်အပျက်ကလေးတစ်ခုကို ကြုံလိုက်ရပြန်သည်။

ထိုနှစ်က သင်္ကြန်ကျပြီဆိုတော့ သူများနည်းတူ ကျွန်တော့်ရင်မှာလည်း အပျော်စိတ်ကလေး ဘာဒင်မျှ ရှိလာခဲ့သည်။

သို့နှင့် ရေကစားမည်ဟု စိတ်ကူးကာ ရေပုံးကို ဆွဲ၍ အသိထိမ်းချုပ်မှု မဲ့စွာ လူစည်ကားရာ ရွာလယ် စတ်ကျောင်း ဆီသို့ ထွက်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာလယ် ဝတ်ကျောင်းတွင် ကျွန်တော်နှင့် ရွယ်တူ အဖော်တွေက ရွာ့သမီးပျိုကလေးတွေကို ရေ တဗွမ်း ဗွမ်း လိုက်လောင်းနေကြသည်။

သူမတို့ကလည်း ရေလောင်း ခံ ရမှာ စိုးကြောက် သယောင် ပြေးဟန်ပြုပြီး ကြည်နူး ရွှင်ပြုံး ကလေးတော့ ဖြင့် ရေလောင်းခံကြသည်။

ထိုအချိန်မှာ ကျွန်တော့် သိမ်ငယ်စိတ်တွေက ဝင် လာပြန်သည်။ ကျွန်တော် ရေလောင်း လိုက် လျှင် ရော သူမတို့က အခုလို ကြည်နူး ရွှင်ပြုံး ကလေးတွေနှင့် ရေ လောင်းခံကြပါမည်လား။

ကျွန်တော်လို မောင်သုည ကျတော့ ဒေါသချော်ရည် တွေဖြင့် ပြန်လောင်းလိုက်လေမလား။ အမုန်းပင်ရဲ့မီးတွေ ဖြင့် ပြန်ပက်လိုက်လေမလား။

ကျွန်တော့်မှာ ရေလောင်းဖို့ တုံ့ဆိုင်း သွားသော သူများတွေ ရေကစားသည်ကိုသာ မှိုင်တွေတွေ ထိုင် ကြည့်နေမိတော့၏။

ဝတ်ကျောင်းလမ်းတွင် လူသွား လူလာ ကျဲတောက် သွားတော့ သူများတွေက လူစည်ကားဆောက်သည်းသော ဘုန်းကြီးကျောင်းအမ်းဆီကို ဟိုး ဟား ညာသံ ပေးရင်း ရွှေ့ပြောင်းသွားကြသည်။

ကျွန်တော် သူတို့နှင့် လိုက်မသွား ဖြစ်တော့။ ရေ မလောင်းဝံ့ဘဲနှင့် ဘာကြောင့် လိုက်နေတော့မည် နည်း။



ဝတ်ကျောင်းဘေးမှာတော့ ရေပုံးကို ဒူးနှစ်လုံးကြား ချပြီး ခေါင်းငိုက်စိုက်နှင့် ထိုင်ငေးတွေးနေမိသည်။

အိမ်ပြန်ရလျှင် ကောင်းမည်လား။ အိမ်ပြန်ပြီး ဘာ လုပ်ရလျှင် ကောင်းမည်နည်း။ အဖေတို့နှင့် ဘုန်းကြီး ကျောင်းကို သီလယူသွားဖြစ်ခဲ့လျှင် ကောင်းသား။

ထိုစဉ် ကျွန်တော့်ရှေ့ကို ဖြတ်လျှောက် လာသည့် ခြေသံတစ်ခုကို ကြားလိုက်ရသည်။ ကျွန်တော် ခေါင်း မော့ကြည့်လိုက်မိ၏။

ကျွန်တော်နှင့် သက်တူရွယ်တူမိန်းကလေးတစ်ယောက် ပင်။ ရွာထဲက လူချမ်းသာစာရင်းဝင် တစ်ယောက်၏ ရှုမငြီးသည့် ချစ်သမီးမို့ ငွေဂုဏ် အသွင်ဂုဏ်တွေဖြင့် တင့် တယ်နေသူကလေး။

ကျွန်တော် သူ့ကို ရေလောင်း လိုက်ရလျှင် ကောင်း မည်လား။ သူမသည်လည်း ကျွန်တော့်လို မောင်သုည၏ ရေလောင်း ရေပက်ကို ခံချင်မည် မထင်ပေ။

မလိုလားအပ်သည့် ပြဿနာတွေ တက်လာလျှင် ရှက် စရာ။ ကျွန်တော် နေမြဲအတိုင်း ခေါင်းပြန်ငုံ့နေလိုက်၏။

သူမကတော့ ကျွန်တော် မော့ကြည့်လျှင် ကြည့်ချင်း ရေလိုက်ပက်မည်ထင်သဖြင့် ကျားကိုတွေ့သော သမင်ပျိုမ ကလေးနှယ် လှစ်ခနဲ ပြေးထွက်သွားလေ၏။

အဝေးကိုရောက်မှ နောက်က လိုက်လာသော ခြေသံကို မကြားရသဖြင့် ပြန်လည်လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နဂိုအတိုင်း မလှုပ်မယှက် ထိုင်နေသော ကျွန်တော့်ကို သူမစိတ်ချစွာ တွေ့သွားသည်။

သို့တစေ အံ့ဩဖွယ်ကောင်းလှန်းလှပေ၏။ သကြန်အပြီး နေ့ခက်ရက်တွင် သူတို့အမေက မြစ်တင် ကြိမ်းမောင်းခြင်းကို ကျွန်တော်ခံရပါတော့သည်။

'ဟော့ ... ကောင်၊ မင်းက ငါ့သမီးကိုတောင် အဖက်လုပ် ရေမပက်နိုင်ရအောင် ဘာကောင်မို့တုန်း၊ ပုံစံကိုက လူနေနှုံကြား စိတ်နေ့ဘိုဖျား'

ဘယ်လောက်များ ခက်လိုက်ပါလေသနည်း။ ကျွန်တော်ကတော့ ကျွန်တော့်လိုကောင် ရေလိုက် လောင်းလျှင် အရှက်ရမည်စိုး၍ မလောင်းလိုက်ခြင်းပင်။

ခုတော့ ကျွန်တော့်လိုကောင်ကပင် ရေလိုက်မလောင်း၍ အရှက်ရရ ပြန်လာသတဲ့။

လောကကြီးတွင် ကံတရား နိမ့်ပါလေပြီ ဆိုမှဖြင့် ဘယ်လောက်ပင် စဉ်းစားချင့်ချိန် လုပ်သည်ဖြစ်စေ ဘာတစ်ခုမျှ အဆင်မပြေလှပါလားလေ။

* * *

ခုတော့ နှစ်ပရိစ္ဆေဒတွေလည်း လေးနှစ်ကျော် ငါးနှစ်မျှကြာညောင်းခဲ့ပေပြီ။ ကျွန်တော်သည်း ဆယ်တန်းအောင်ပြီးနောက် သတ္တုတွင်းပညာ သင်ယူခွင့်ရအော



အသင့်အတင့် ရာထူးငယ်တစ်ခုဖြင့် မြောက်ပိုင်း ရှမ်းပြည်နယ်ဘော်တွင်းမိုင်း၌ တာဝန်ထမ်းဆောင်နေပါပြီ။

အဖေအမေတို့၏ စီးပွားရေးလည်း အသင့်အတင့် ချောင်လည်လာခဲ့ပါပြီ။

အခု အလုပ်မှခွင့်ယူကာ မရောက်တာ နှစ်နှစ်ကျော် ကြာခဲ့ပြီဖြစ်သည့် ဇာတိရွာကလေးသို့ ပြန်လာသောအခါ ကျွန်တော့် စိတ်တွေ အရင်ကလို မဟုတ်တော့ပေ။

သိမ်ငယ်စိတ်တွေ ကင်းစင်ကာ ရင်မှာကြည်နူး လန်းဆန်းလို့နေပါ၏။

ဆွေမျိုးသားချင်းတွေ အိမ်လျှောက်လည်လိုက် ရွာနီးချုပ်စပ်က ဘုရားပွဲတွေကို သူငယ်ချင်းတွေနှင့် လျှောက်လည်လိုက်ဖြင့် စိတ်ညစ်ညူးစရာ အချိန်ဟူ၍မရှိတော့။

အချိန်တိုင်း အချိန်တိုင်းမှာ ကိုယ့်ဘဝကို ကျေနပ်ရောင့်ရဲမှုတွေဖြင့်သာ ပြည့်လျှမ်းလို့နေသည်။

ညနေချမ်းတိုင်း ကုက္ကိုပင်တန်းက ရေခပ်လမ်းကို သူငယ်ချင်းတွေနှင့် လမ်းလျှောက်ကြတော့ ရေခပ်နေကြသည့် တစ်ချိန်က ဥက္ကာဒေဝီကလေးတွေက ကျွန်တော့်ကို ပြုံးစိစိ အပြုံးကလေးတွေ ဖြုံးပြပြီး အသိအမှတ်ပြုကြသည်။

ရွာထဲက သမီးရှင်တွေကလည်း ကျွန်တော့်ကို ဂုဏ်ပုဒ်အမျိုးမျိုးပေးကာ ချီးမွမ်းကြသည်။ ရိုးသားသည်။ ကြိုးစားသည်။ အသောက်အစား ကင်းသည်တဲ့လေ။ တကယ်တော့ ကျွန်တော်သည် ငယ်စဉ်ကတည်းကပင်

www.burmeseclassic.com

ရိုးသားစွာ ကျင့်ကြံခဲ့တာ ဖြစ်ပါ၏။ ငယ်စဉ်ကတည်း ကပင် ဘဝတက်လမ်းအတွက် အမြဲတစေ ကြိုးစားအား ထုတ်ခဲ့တာ ဖြစ်ပါ၏။

ငယ်စဉ်ကတည်းကပင် ဆေးလိပ်မှအစ အရက်သေစာ အထိ အသောက်အစား ကင်းရှင်းခဲ့တာဖြစ်ပါ၏။

ဟိုတစ်ချိန်တုန်းက သူတို့အလိုမရှိအပ်သော မထုတ်ဖော် မချီးမွမ်းပဲ ထားခဲ့သော လူတိုင်းလိုလိုမှာသည်း ရှိတတ် သောသာမန် ဂုဏ်ပုဒ်ငယ်ကလေးတွေမှာ ကျွန်တော့်ဆီ တွင် အသာတကြည်းက ရှိခဲ့ပြီးဖြစ်ပါ၏။

သူတို့အလို မရှိစဉ်အခါက မထုတ်ဖော် မချီးမွမ်းပဲ ထားခဲ့သော ဂုဏ်ပုဒ်ငယ်ကလေးတွေကို အခုသူတို့အလို ရှိ၍ အရေးကြီးခွင်ကျယ်လုပ်ပြီး ချီးမွမ်းနေကြတာပဲဖြစ် ပေ၏။

ကံဇာတာ စန်းတက်လာပြန်ပြီဆိုတော့ သည်မျှနှင့်ရပ် တန့်မနေ။ ကျွန်တော့်ကို ရေလာမြောင်းသွယ် ပေးအား သွယ်သူကလေးတွေ ရှိလာသည်။

မိန်းမနောက်ပိုး လုပ်သူကလေးတွေ ရှိလာသည်။

ဟိုတစ်ချိန်က သူတို့သမီးနှင့်များ မျက်နှာချင်းဆိုင် စကားပြောတာလျှင် ဒေါ်ထန်မာန်မဲ ဘတ်ကြသော သမီး ရှင်တို့ကလည်း 'မင်းညီမလေး' ဆိုသော စကားဖြင့် ရင်း နှီးမှုထမ်းကြောင်းပေါ် ဆွဲခေါ်လာကြသည်။

အခု ရက်ပိုင်းအတွင်း ကျွန်တော့်ကို သားအရာ ချ၍ မဆောင်တိုးတိုးတိတ်တိတ် လက်တို့လာသူ သမီးရှင်များ



လည်း လေးငါးယောက်လောက်ရှိပြီဟု အမေက ဂုဏ်ယူစွာ ပြောပြသေးသည်။ အဖေကတော့ ကျွန်တော့်ကို အရိပ် ကြည့်မဆုံး တမြုံ့မြုံ့။

* * *

သည်ညနေတော့ အိမ်က နွားပြာနီကို ချီပြင်သဖြင့် ချီပြင်ဆရာ ဦးဘကြည်နှင့် အဖေတို့ ထန်းရေဝိုင်းကလေး ဖွဲ့ကြသည်။

ထန်းရေသောက်ရင်း အဖေက သူ့နွားပြာနီကို ဘယ် သူတွေက ဘယ်လိုချီးမွမ်းကြောင်း၊ ဘယ်သူ့နွားနဲ့ ဘယ်လို ကြိုက်၍ ဘယ်ကြေးပေးကြောင်းတွေ ပြောပြသည်။

ပြီးတော့ သူ့သား ကျွန်တော် ဘော်တွင်းမိုင်းမှာ မြေအောက်အလုပ်သမား ကြီးကြပ်ရေးမှူးကြီး ဖြစ်နေ ကြောင်း၊ လစာ အများကြီး ရကြောင်း။ ကျွန်တော် ရေးသည့် စာတွေကလည်း မဂ္ဂဇင်းတွေမှာ ပါကြောင်းကို လည်း ပြောပြသည်။

ဦးဘကြည် ပြန်သွားတော့ အဖေက လက်ကျန် ထန်း ရေကို တစ်ယောက်တည်း ဆက်သောက်နေခဲ့သည်။

အမေက အဖေ့အနီးမှာ ကျုံ့ကျုံ့ကလေး ထိုင်ပြီး မြှောင်းဖူးဖက် ဆေးလိပ် လိပ်နေသည်။ ကျွန်တော်က

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လည်း၊ အဖေနှင့်အခမ့် အနီးမှာပင် မဂ္ဂဇင်းတစ်အုပ် ထိုင်ဖတ်နေမိသည်။

သည်အချိန်မှာ ထန်းရေ ခပ်ထွေထွေမူးနေပြီဖြစ်သော အဖေသည် ခေါင်း တညိတ်ညိတ်နှင့် ကျွန်တော့်ကို တစိမ့်စိမ့်အရသာခံကြည့်ရင်း အမေ့ကို ဂုဏ်ယူဝင့်ကြွားသော လေသံဖြင့် ဘယ်လိုမှအဆက်အစပ်မရှိသော စကားတစ်ခွန်း၊ ကောက်ကာ ငင်ကာ ပြောလိုက်ပါ၏။

'ဟေ့ ခေါရင်.... နင့်တူ တင်ညွန့်ကို မြေခလိုက်စမ်း၊ ငါ့သားကို ဘယ်သူတွေက ဘယ်လို ကြိုက်နေတယ်ဆိုတာ'

အဖေ့ စကားသည် ဟိုတစ်ရံခါဆီက ကိုတင်ညွန့်နောက်ပြောင်ကျီစယ်ခဲ့သည့် 'ပစ္စည်းမရှိ ရုပ်မရှိနဲ့ ခင်ဗျားသားကို ဘယ်သူက ကြိုက်မှာတုန်းဗျာ' ဆိုသောစကားကို ချေပလိုက်မှန်း ကျွန်တော် ချက်ချင်း သိလိုက်သည်။

အို... အဖေရယ်၊ မပြောပလောက်သည့် စကားစလေးတစ်ခွန်းပင်ဖြစ်သော်ငြားလည်း ကိုယ့်သားကို ပြောတာဆိုတော့ အဖေ့ရင်မှာ လေးနှစ်ကျော် ငါးနှစ်ကြာမျှ ဝေဒနာ ဖြစ်တည်ခဲ့ရပါလားလေ။

အဖေ့ကို ကြည့်ရသည်မှာ အခုမှ သားအတွက် ခေါင်းမော့လာနိုင်သည့် ပုံမျိုး။

အခုမှ လောကကြီးထဲကို ရဲရဲတိုးဝင်ဖို့ အင်အားတွေရှိလာသည့် ပုံမျိုး။



အဖေတို့မည်သည် ကိုယ့်သားကို အားဆေး တစ်ခွက်၊ သားတစ်လက်ဖြစ်ဖို့ မျှော်အင့်ကြသည်ချည်း၊ ဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ။ ကျွန်တော့် အတွက်ကြောင့် အဖေ့ရင်မှာ လေးနှစ်ကျော် ငါးနှစ်ကြာမျှ ဖြစ်တည်ခဲ့ရသော ဝေဒနာတစ်ခုကို အမှတ်မထင် ကုစားပေးခွင့်ရလိုက်သည့်အတွက် ရင်မှာ အဆုံးစွန်သောကြည်နူးခြင်းပီတိ ရွှန်းဝေ ပါတော့သည်။

* * *

www.burmeseclassic.com

ဆန့်ပြာနေသဖြင့် ချက်ချင်း ထမလာနိုင်သေးသော အဘိုးချစ်က...

'အမလေး ဧည့်သည်လာရင် ဧည့်ဝတ်ပြု ရမယ်ဆိုတာ ကျုပ်နားလည်ပါတယ်တော်၊ မီးကျောင်းမင်း ရေကန်းပြီ မနေစမ်းပါနဲ့၊ ဒါပေမယ့် တော့်သူငယ်ချင်း မြို့သားကြီးက ထန်းလျက်တို့ လက်ဖက်သုပ်တို့စားပါ့မလား'

ဟု ပြုံးစနှင့် နောက်နေသေးသည်။ ကျွန်တော်က လည်း...

'ဒါမျိုးတွေ မစားတတ်ဘူး၊ အနည်းဆုံး ပေါင်မုန့် ထောပတ်သုပ်လောက်မှ စားတာ'

ဟု ပြန်နောက်လိုက်ပါ၏။

စဉ်းလက်စ နွားစာထုံးကုန်သွားတော့ သံချောင်းက ကျွန်တော့် အနားမှာ လာထိုင်သည်၊ 'အေးချစ်ကလည်း၊ မြို့သားကြီးကို ဒါပဲကျွေးစရာရှိတယ်ကွာ'ဟု

ပြောရင်း ထန်းလျက်နှင့် လက်ဖက်သုပ် ချပေးသည်။

ဟုတ်ပါ၏ မြို့နှင့်ဝေးကွာသော ဆည်ရွာကလေးမှာ ထန်းလျက်နှင့် လက်ဖက်သုပ်ကလွဲလို့ ဘာများအလွယ် တကူ ဝယ်ယူရနိုင်ပါလေသေး။

'ရပါတယ်ကွာ၊ ငါလဲဒီရွာက ထွက်သွားတဲ့ ဒီရွာသား ပဲဟာ'



ဟု ပြောရင်း ထန်းလျက်တစ်ခဲ ကောက်စားလိုက် သည်။

သံချောင်းက...

'ဝါ့အောင်ကြီးက ဘာကြီးပဲ ဖြစ်သွားသွား၊ ဘယ်ပဲ ရောက်ရောက် သွေးမကြီးတတ်ပါဘူးကွာ'

ဟု သဘောကျစွာ ဝင်ပြောသည်။

နောက်တော့ သူတို့စားဝတ်နေရေး အကြောင်း ကျွန်တော့် အလုပ်အကိုင်အကြောင်း ပြောဖြစ်ကြသည်။

ဆည်နေရာမှာ ကျွန်တော်တို့ ငယ်ယူ လေသိမ်းတွေက ဟိုစဉ်တုန်းကလို ပွင့်လင်း ချမ်းကြည်သာတွေ ဖြစ်နေကြ သေးပေမယ့် ပြောဖြစ်ကြသည့် အကြောင်းအရာတွေက တော့ ပြောင်းလဲသွားကြပြီလား ဟု သတိပြုမိလိုက်၏။

အချိန်အခါတွေကလည်း ကြာညောင်းလို့ အခြေအနေ တွေကလည်း ပြောင်းခဲ့ပြီပဲလေ။

ကျွန်တော့် ရင်တွင်းမှာ ရင်းစေး ပြန်မရနိုင်တော့သည့် ယော်ဘာတစ်ခုအတွက် တမ်းတလိုက်မိ နေမိပေ၏။

'ကဲကွာ...၊ မင်းတို့လဲ အလုပ်ရှုပ်နေကြတယ်၊ ငါ မထန်းညွန့်တို့အိမ်ဘက် ကူးလိုက်မယ်'

ဟု နှုတ်ဆက်သောအခါ သံချောင်းက...

'အေးကွာ၊ ငါလဲ နွားစာကျွေးပြီးရင် အဲဒီကို လိုက်လာခဲ့ပါဦးမယ်၊ ဒါနဲ့ မင်းရောက်စက ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဆိုသောဆရာ

www.burmeseclassic.com

www.burmeseclassic.com

ဘာလိုလို နှင့် ဆရာ့ကို မတွေ့ဖြစ်အောင် ရှောင်နေခဲ့သည်မှာ ၀ါ၊နှစ်ကျော်၊ခြောက်နှစ်လောက် ရှိလေပြီ။

သည့်အခါလ အတောအတွင်း ဆရာ့ကိုတစ်နေ့တစ်ရက်မှ အောင့် မေ့မရပါ။

အမှန်ယာကယ်အလည်း ဆရာ့ကို နာကြည်း မုန်းတီး၍ရှောင်နေခဲ့သည်မှ မဟုတ်ပဲလေ။

ကျွန်တော့လောက် ဆရာ့ကို ကြည်ညို လေးစားချစ်ခင်သူ ရှိမည်မထင်။

ဆရာနှင့် တွေ့ဖို့ ကျွန်တော် ဘက်က သိမ်ငယ်နေ၍ဆရာ ဖြစ်တင် ဆူပေါက်မှာ ကြောက်ရွံ့၍သာ မတွေ့ဖြစ်အောင် ရှောင်နေခဲ့ခြင်း ဖြစ်ပါ၏။

ဆရာသည် ကျွန်တော်တို့ ဘင်ဂွ ကျေးရွာ အစိုးရမူလတန်း ကျောင်းအလေး၏ ကျောင်းအုပ် ဆရာကြီးဖြစ်သည်။

ကျွန်တော်တို့ရွာသား စစ်စစ်လည်းဖြစ်သည်။ အသားလတ်လတ်၊ အရပ်ရှည်ရှည်၊ မဆည်မပြိုး၊ မျက်ခုံးမွေး

www.burmeseclassic.com

www.burmeseclassic.com



ထူထူနှင့် မြင့်မြင့်ချွင်း သဏ္ဌာန်ကာယ ပြည့်ဖြိုးကောင်း မွန်မည့်သူဖြစ်မည် ... သည့် ဥပဓိရုပ် ကို ပိုင်ဆိုင်ထားသူ ... ဖြစ်သည်။

ဆရာ့အမည်က ဦးဖိုးသိမ်း၊

ဆရာ့ကို ကျောင်းသားတွေကသာမက၊ တစ်ရွာလုံးရှိ ကျောင်းသား မိဘတွေ အပါအဝင် ရွာသူ ရွာသား အားလုံးကပါ ကြည်ညိုလေးစား ချစ်ခင်ကြသည်။

ကျောင်းအုပ်ဖြစ်သော ဆရာနှင့် လက်ထောက်ဆရာ ဦးတင်လှိုင်သာရှိသော ကျွန်တော်တို့ရွာမူလတန်းကျောင်းကလေးမှာ ဆရာတည်း စာသင်ရသည်။

ဆရာက သုံးတန်းနှင့် လေးတန်းကို ပြသည်။ စာသင်ပြသည့် နေရာတွင် စိတ်ရှည်သည်။ ဟိတ်ဟန် မပါဘဲ ရိုးရိုး ရှင်းရှင်းနှင့် နားလည်လွယ်အောင် သင်နိုင်သည်။

ဆရာက ထန်းရေသော့ ကြိုက်တတ်သည်။ ညနေရောက်ပြီဆိုလျှင် ဘကြီးငွေဇင်တို့၊ ဘကြီးထွန်းရွှေတို့နှင့် ထန်းရေဝိုင်းလေး ဖွဲ့တော့သည်။

သို့သော် ဘယ်သောအခါမှ ဆရာမူးအောင်မသောက်၊ ခိုက်ရန်ဒေါသထည်း ဖြစ်လေ့မရှိ။ မှင်သေသေ သဘောအေးအေးနှင့် ယစ်ရုံသောက်သာ သောက်ရှာသည်။

ဆရာ့မှာ ချစ်စရာကောင်းတာ တစ်ခုက ညနေဘက် ထန်းရေသောက်တတ်သလို၊ ညဦးပိုင်းတိုင်းလည်း သူ့အိမ်ကို တပည့်တွေ တစ်စုတစ်ရုံး ခေါ်ယူပြီး ပျော်ပျော်ပါးပါး စာသင်ပေးခြင်းပင်။



မြို့နယ်စစ်မို့ အရေးကြီးသော လေးတန်းကျောင်းသားများကို ပိုပြီး ကိုယ်ဖိရင်ဖိ သင်ကြားပေးတတ်သည်။

ကျွန်တော်တို့ရွာကလေးက ကျောင်းသားမိဘတွေမှာ စားမဦးချ တောင်သူရိုးရိုးကြီးတွေမို့ ကိုယ့်သားသမီး၏ ပညာရေးကို သိပ်ပြီး အားပေးရကောင်းမှန်း မသိကြရှာပေ။

ကိုယ့်သားသမီး ကျောင်းက ပြန်လာလျှင် အိမ်မှုကိစ္စ နိုင်သမျှ တောက်တိုမယ်ရ ခိုင်းဖို့လောက်သာ နားလည်ကြရှာသည်။

သူတို့သည် ကိုယ့်သားသမီး သေစာရှင်စာတတ်လျှင်ပင် ကျေနပ် အားရနေကြပေပြီ။

ဆရာက ကျောင်းသား မိဘတွေ၏ အနေအထားကို ကောင်းကောင်း သဘောပေါက်သည်။ တစ်ဖက်ကလည်း ကျူရှင်ကို မြင်ပင် မမြင်ဘူးသည့် သူ့တပည့်တွေ၏ ပညာရေး ထူးချွန်စေချင်သည်။

ထို့ကြောင့် ဆရာသည် ကျောင်းသားတွေ မိဘကို ကူညီလုပ်ကိုင်ပေးချိန်လည်း ရအောင်၊ ပညာရေးလည်း ထူးချွန်အောင် ညဦးပိုင်းမှာ သူ့အိမ်ခေါ်ပြီး စာသင်ပေးသည်။

စတုတ္ထတန်း ကျောင်းသား ကျွန်တော့်မှာလည်း ကျောင်းက အိမ်ပြန်ရောက်သည်နှင့် ရေခပ် ထင်းခုတ် တတ်အားသမျှ မိဘကို ကူညီလုပ်ကိုင်ပေးရသည်။ ညဦးပိုင်းမှာ ဆရာ့အိမ် စာသင်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ရှင်းပြရမည့် ဘာသာရပ်ကို နားလည်အောင် ရှင်းပြသလို ကျက်ရမည့် ဘာသာရပ်ကို သူ့ရှေ့မှာတင် အရကျက်စေသည်။

ညဦးပိုင်းတိုင်း စာသင်ပေးသော်လည်း အခကြေးငွေကို ဆရာ မျှော်လင့်ရကောင်းမှန်း မသိပါပေ။

ကျောင်းသား မိဘများကလည်း အချိန်ပို သင်ပေးသည့်အတွက် ဆရာကို အခကြေးငွေ အစ်ပြားတစ်ချပ်ပင် ဝတ္ထုရားပေးမျှပေးရကောင်းမှန်း မသိပေ။

စာသင်ပြီးလျှင်တော့ ကျွန်တော်တို့ ကျောင်းသားလေးငါးယောက်က ဆရာ့ အညောင်းအညာ ပြေအောင် ပြိုင်တူ တက်နင်းပေးကြရပါ၏။

နင်းပြီးသောအခါ ဆရာက ပဲကြီးလှော်၊ ထန်းညက် စသည်ဖြင့် ရှိရာ စားစရာတစ်ခုခုကို ချကျွေးတော့သည်။

သည်လိုပါပဲ၊ ဆရာကတော့ ညနေပိုင်းမှာ စိတ်အညောင်းပြေ ထန်းရေပိုင်းကလေး ဖွတက်တာကလွဲလို့ အချိန်တိုင်းမှာ တပည့်တွေနှင့် ပျော်နေသည်ပဲလေ။

ဆရာသည် ကြီးပွားဖို့ မမျှော်မှန်း၊ လုပ်ငန်းကြီးတွေ လုပ်ဖို့ စိတ်မကူး၊ ဘဝကို လောဘနည်းစွာ ဖြတ်သန်းသည်။

တစ်ညတာ စာသင်ခြင်းကိစ္စပြီး၍ အိပ်မြန်ကြတော့မည်ဆိုလျှင် ကျွန်တော်တို့ အားလုံး ဆရာ့ကို ထိခြင်းငါးပါးဖြင့် ရှိခိုးကန်တော့ရသည်။



ဆရာက...

'ငါ့တပည့်များ အနာကင်းခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ကျော်စောထင်ရှားခြင်းတို့နှင့် ပြည့်စုံပါစေ'ဟု လိုက်လိုက်လှဲလှဲ ဆုပေးသည်။

ထိုသို့ ကျောင်းသားနှင့် ဆရာ အသွင်သာမကဘဲ သားသမီးနှင့် မိဘများအထိ အနန္တော အနန္တဂိုဏ်းဝင် ပီသစွာ အုပ်ချုပ်သင်ပြခဲ့သော ဆရာကို ကျောင်းသား အားလုံး ဘယ်လိုမှ မချစ်ခင် မလေးစားဘဲ မနေနိုင်တော့ပါ။

ဆရာ အနည်းငယ် နေထိုင်မကောင်း ဖြစ်လျှင်ပင် ကလေးများ ပီပီ မျက်ရည်စီးကျ ငိုရှိုက် မိရသည်အထိ အချစ်သည်းကြ၊ တန်ဖိုးထားကြသည်။

ကျွန်တော် စတုတ္ထတန်းနှစ်က အတန်းတင်စာမေးပွဲကို စည်ပေါက်ထန်း အလယ်တန်းကျောင်းမှာ သွားဖြေရသည်။

ထိုအခါတွင်လည်း တပည့်တွေအပေါ် သံယောဇဉ်ကြီးလှသော ဆရာ လိုက်လာပြီး ကြက်ကလေးတွေနှင့် ကြက်မကြီး သဖွယ် ရင်အုပ်မကွာ စောင့်ရှောက်သည်။

သူ့တပည့်တွေ စာမေးပွဲခန်းက ထွက်လာလျှင် ဖြေနိုင်မဖြေနိုင် မေးရတာလည်း အမော။

ဆရာ့အပင်ပန်းခံရကျိုး နပ်ပါ၏။ ကျွန်တော်တို့ အားလုံး တန်းလုံးကျွတ် အောင်ကြသည်။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါင်း ဆယ့်နှစ်ကျောင်း ဖြေရသော စည်ပေါက်အနီးစာစစ်ဌာနတွင်ပထမဆုံး ချိတ်လိုက်သေးသည်။

ထိုနှစ်က စာစစ် ဌာနအလိုက် အမှတ် အများဆုံး ပထမဆုပေးသည်။

ဆရာမှာ ဂုဏ်ယူဝမ်းသာမဆုံး ပြုံးပြုံး၊ သူ့တပည့်အတွက် ဂုဏ်ယူသည်။ သူ့အောင်မြင်မှုအတွက် ဝမ်းသာသည်။

ကျွန်တော့် အဖေ အမေတို့ပင် ဆရာ့လောက်ဂုဏ်ယူ ဝမ်းသာတတ်လိမ့်မည်မထင်။

'ကျုပ်တပည့်လေ ကျောင်းပေါင်း ဆယ့်နှစ်ကျောင်း ဖြေတဲ့အထဲမှာ ပထမရသဗျား'

အကြီး ဦးငွေဇင်တို့၊ အကြီး ဦးထွန်းရွှေတို့နှင့် ညနေပိုင်း ယမ်းရိုင်း လေးဖွဲ့တိုင်း သည်စကားကို ရက်ပေါင်းများစွာ ပြောမပြီးနိုင်။ ဆရာ့ရောက်လေရာ အိမ်တိုင်းမှာလည်း သည်စကားကိုချည်း ပြောလို့နေတော့သည်။

တစ်ရက်သော ညနေခင်းမှာတော့ ကျွန်တော်တို့အိမ်ကလေးဆီသို့ ဆရာ ရောက်လာသည်။

အဖေနှင့်အမေက ဆရာ့ကို ဝမ်းသာအယ်လဲ ဆီးကြိုကာ အကောင်းအမြတ် နေရာပေးသည်။ အိမ်မှာရှိသမျှထဲမှ အဖွယ်ရာဆုံး အမြည်းနှင့် ရေနွေးပွဲကလေးကိုလည်း ချက်ချင်းချ၍ ဧည့်ဝတ်ပြုသည်။



အဖေနှင့် အမေသည်လည်း ကျွန်တော့်လိုပင် ဆရာ့အပေါ် ကြည်ညိုလေးစားစွာ ချစ်ခင်ကြသည်ပဲလေ။

ဆရာကတော့ စကား ထူးထူးထွေထွေ သိပ်မပြော။

ဖိုးချက်တို့ဒေါ်ရင်တို့ စာစစ်ဌာန တစ်ခုလုံးမှာ ကိုယ့်သားပထမရတာကို ဂုဏ်ယူဝမ်းသာ အတော်ကြီးရဲ့လား။

မိဘဆိုတာ ကိုယ့်သားသမီး ပထမအရွယ်မှာ ပညာတော်တာ၊ ဒုတိယအရွယ်မှာ အောင်မြင်ထင်ပေါ်တာဟာ ဂုဏ်ယူ ဝမ်းသာစရာ အကောင်းဆုံးပဲ။

ခုလဲ မင်းတို့သားဖြစ်တဲ့ ငါ့တပည့်ဟာ ပညာရှာတဲ့ ပထမအရွယ်မှာ ပညာတော်သူတစ်ယောက် ဖြစ်ခဲ့ပြီ။ မင်းတို့အနေနဲ့ အင်မတန် ဂုဏ်ယူဝမ်းသာစရာ ကောင်းတဲ့ ကိစ္စပဲပေါ့။

ဒီကလေးကော ထူးချွန်ဖယ်အလား၊ ကျောင်းဆက်ထားနိုင်အောင်ထားကြ ဆိုသောစကားကို အမိန့်ထား ပြောပြီး ပြန်သွားသည်။

အဖေအမေတို့လည်း ဆရာအိမ်တိုင်ရာရောက် လာပြီး မိန့်ကြား သွားသည့်အတိုင်း မရှိမဲ့ရှိမဲ့ ကြားကပင် ကျွန်တော် ကို စည်ပေါက်တန် အလယ်တန်းကျောင်းမှာ ဆက်ထားကြပါ၏။

သို့သော်စာအုပ်ဖိုးက အလုံအလောက် မပေးနိုင်၊ မုန့်ဖိုးက မရတစ်ရက်၊ ရတစ်ရက်။

ညနေကျောင်းက အိမ်ပြန်ရောက်လျှင် ရေမျှအချိန်ကလေးကို အိမ်အလုပ်ကူလုပ်ရသည်။ ကျောင်းပိတ်ရက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ပေါင်နှင့်၊ မြွေပဲကောက်စသည်ဖြင့် ကြုံရာကျွမ်းအလုပ်လုပ်ဖို့ ယာတောကို တစ်နေ့ကုန်လိုက်ရသည်။

ကျွန်တော့်မှာ တစ်နှစ်ထက်တစ်နှစ်-လူကောင်ပိုကြီးလာသလို အလုပ်ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုလုပ်လာရသည်။

တောတွင်တန်းအောင်သဖြင့် ရွာမှလေတန်းကျောင်းမှထွက်၍ ဝဲညီပေါက်ဆန် အလယ်တန်းကျောင်းကို တက်နေရပြီဖြစ်သည်။ တစ်ရွာတည်းနေ ဆရာ့ဆီကိုတော့ အလုပ်အလှူတာရှေ့ မျှားလှသည့်ကြား မကြာခဏရောက်ဖြစ်အောင် သွားပါသေး၏။

ဆရာက ကျွန်တော့်ကို ကြီးစေးဖို့ ရောက်တိုင်းဆုံးမသည်။

ယခုထက်ရှိ ဆင်ပြပေးနေရသည့် သူတစ်ည်းတွေကိုလည်း ကျွန်တော့်လို စာမေးပွဲ ထူးထူးချွန်ချွန် အောင်အောင် ကြိုးစားကြဖို့ စံပြထား ဆုံးမ လေ့ရှိသည်။

သည်လိုနှင့် နှစ်တွေတစ်နှစ်ပြီးတစ်နှစ်ပြောင်း အတန်းရွှေ့တက်နှံ့ပြီး တစ်တန်းတက်ဖြင့် ကျွန်တော်ရှစ်တန်းသို့ ရောက်လာသည်။

ဆရာ့အိမ်ကိုတော၊ အစဉ်အထွက် မပျက်ခဲ့၊ ဆရာ့အဆုံးအမကိုခံယူမပျက်ခဲ့၊ ဆရာကလည်း ကျွန်တော့်ကို ဂုဏ်ယူနေဆဲ စံပြတင်နေဆဲ။

'ရှစ်တန်းကို ဂုဏ်ထူးများများနဲ့ အောင်အောင် ကြိုးစားနော်'



ဤကား ဆရာ့ထံရောက်တိုင်း နှာခံရသော အဆုံးအမတွေထဲမှ တစ်ခုဖြစ်၏။ ကျွန်တော့်မှာတော့ မိသားစုစားဝတ်နေရေး ကြပ်တည်းမှုကြောင့် စာကိုအပြောင်ခြောက်ကြိုးစားနိုင်၊ ညမှာစာကြည့်ချိန်မရ။

မြေပဲအငှားနှုတ်ရသည်၊ ဆေးရိုးထုရသည်၊ ကျောင်းပိတ်ရက်မှာ သူများယာကို အငှားလိုက်ရသည်။

ရှစ်တန်းပြေပြီး၍ အောင်စာရင်း ထွက်သောအခါ ကျွန်တော် ဂုဏ်ထူးတစ်ဘာသာမျှ မပါတော့၊ သိပ္ပံမှာသာ အောင်တော့သည်။

သည်မှာတင် ဆရာမျှော်လင့်အလို ဖြစ်မလာသော ကျွန်တော်သည် ဆရာ့ကိုတွေ့ဖို့ စပင်ကြောက်ရွံ့သွားသည်။

ဆရာ ဂုဏ်ယူနေသော စံပြတင်နေသော ကျွန်တော်သည် ဂုဏ်ယူထိုက်သူ မဟုတ်တော့ ပါလေ။ ဟုလည်း အားငယ်သွားမိသည်။

ကျွန်တော် ဆရာ့ကို မသိမသာ ရှောင်ပြေးခဲ့သည်။ ဆရာ့အိမ်ကိုလည်း လုံးဝမသွားတော့ပေ။

( ၃ )

ကျွန်တော်ကို အဖေတို့က ကျောက်ပန်းတောင်းအထက်တန်းကျောင်းမှာ ဆက်ထားသည်။ သို့သော် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



လစဉ်မှန်မှန်မပေးနိုင် စာအုပ်ဖိုး မလုံမလောက်နှင့် ထမင်း အညစ်တက်ရသည်။

ဤသို့ဖြင့် ကျောင်းဖွင့်သည့်ရက်မှာ ကျောင်းတက် လိုက် ကျောင်းပိတ်သည့်ရက်မှာ သူများယာအငှား လိုက် လိုက်လုပ်ရင်း ကိုးတန်း အောင်သွားပြန်သည်။

အဖေ့အမေတို့မှာ ငွေရေးကြေးရေး သိပ်ခက်ခဲလွန်း လှသော်လည်း ဆယ်တန်းအောင်သွားလျှင် အလုပ်တစ်ခု တော့ ရတန်ကောင်းရဲ့ဆိုသောမျှော်လင့်ချက်ဖြင့် ကျောင်း ဆက်ထားကြပြန်သည်။

ဆယ်တန်းမှာလည်း စာအုပ်က မငယ်တစ်အုပ်၊ ဝယ် တစ်အုပ်၊ ကျောင်းလခက မပေးတစ်လ ပေးတစ်လဖြင့် မည်သည့်ရေးခရီးကို ယိုင်နဲ့နဲ့ဆက်လျှောက်ရသည်။

သည်ကြားထဲ နွားခွဲ လဲသွားသခို ထောင်းခံရပြန်၏။ အဖေသည် သွေးကြောထဲ သေခိုသည့် ရောဂါဖြင့် ဘုန်း ဘုန်းလဲသည်။

သားကြီး ကျွန်တော်မှာ အိမ်အလုပ်တွေ အားလုံး အဖေ့ကိုယ်စား ဝိုင်းခံလုပ်ရတော့သည်၊

မိသားစု စားဝတ်နေရေးနှင့် အဖေ့ဆေးဖိုးဝါးခကိစ္စ တွေ ကျွန်တော့်ပေါ်ပဲကျလာသည်။

ကျွန်တော့်မှာ ကျောင်းတက်ရက် မမှန်နိုင်တော့ ငွေရေးကြေးရေး ပူပန်ရမှုကြောင့်လည်း စာကျက်လို့မရ နိုင်တော့။



ဆယ်တန်းမြေပြီးလို့ အောင်စာရင်း ထွက်သောအခါ ကျွန်တော် ရှုံးသည်ပေါ့။

ကျွန်တော်သနားကိုပိုပြီး မတွေ့ရဲအောင်ဖြစ်သွားသည်။ ကျွန်တော်သည် ဆရာဂုဏ်ယူထိုက် စံပြုထိုက်သောသူ တစ် ယောက် မဟုတ်တော့ရုံမက ဆထင်သေးရော အပြစ်တင် ရောပင် ဖြစ်သွားပြီထင်သည်။

ဟုတ်တော့မယောင်နှင့် အဖျားရှုံးသွားသော ကျွန် တော့်မှာဆရာ့ကို တွေ့ဖို့ပို၍ ရှက်ရွံ့သွားပြီး ဆရာ့အမြစ် ဆိုဆူဝေါက်မှာလည်း ကြောက်ရွံ့မိသည်။

အခုအချိန်တွင် ကျောင်းဆရာဘဝမှ ပင်စင်ယူလိုက်ပြီ ဖြစ်သောဆရာသည် ထန်းရေလုံးဝ မသောက်တော့။ [illegible] [illegible]ရေးအက် ထိုက်စားသွားပြီမို့ သိက္ခာတရားတို့ ပိုမို [illegible]ကြွယ်နေလေပြီ။

ဆရာသိက္ခာ တရားဝင်ကြွယ် မြင့်မြတ်လေ ကျွန်တော် သွားရမှာ သိမ်ငယ်လေလေ ဖြစ်တော့သည်။

ထို့ကြောင့် ဆရာ့အိမ်ကို လုံးဝမသွားရုံမက တွေ့နိုင် သည့် နေရာများကိုပါ အထူး သတိထားပြီး ရှောင်ဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

ဆယ်တန်း တစ်နှစ် ရှုံးပြီးတော့ ကျွန်တော် ကျောင်း ပြန်မနေနိုင်၊ အအေးလုပ် တောကိုင်ပဲ လုပ်နေရသည်။

အဖေ့ ကျန်းမာရေး ပြန်လည် ကောင်းမွန် လာသော အခါတွင် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဘော်တွင်းမိုင်း ဆီသို့ အလုပ်လုပ် ထွက်လာခဲ့သည်။

ဘော်တွင်းမိုင်းမှာ အလုပ်လုပ်ရင်း စာမေးပွဲဆက်ဖြေ သည်။ ကံကောင်းထောက်မစွာဖြင့် ကျွန်တော် ဆယ်တန်း အောင်သွားသည်။

ပို၍ ကံကောင်းထောက်မစွာဖြင့် မိုင်းပညာသင် လိုက် ခွင့်ရပြန်သည်။ မိုင်းပညာသင် တစ်နှစ်ခွဲ လိုက်ပြီးနောက် မြေအောက် အလုပ်သမား ကြီးကြပ်ရေးမှူး ရာထူး ရသည်။

ဘော်တွင်းတွင် နှစ်နှစ်ခွဲခန့်ကျော်ကြာ အလုပ် လုပ်ပြီး သောအခါ ရွာကို ခွင့်ပြန်ခဲ့သည်။ ရွာကို ပြန်ရောက်လျှင် ရောက်ချင်း ဆရာ့ကို သတိရသည်။

ဘာလိုလိုနှင့် ဆရာ့ကို မဲကျဉ် ရှောင်ခွာ နေခဲ့သည်မှာ ငါးနှစ်ကျော် ခြောက်နှစ်လောက် ရှိခဲ့ပြီကောလား။

ဘော်တွင်းကို ထွက်ခွာခဲ့စဉ်တုန်းကလည်း ဆရာ့ကို နှုတ်မဆက်ခဲ့။ ကျွန်တော်နှင့် ပတ်သက်၍ ဆရာ့ရင်မှာ မည်သို့ ခံစားနေရလေမည်နည်း။



ဆရာကို မေ့ပျောက်သွားသော တပည့်မိုက် အဖြစ် အပြင်မြင်နေမည်လား။

ဟုတ်တော့ မယောင်နှင့် အဖျားရှူးသွားသောလူညံ့ တစ်ယောက် အဖြစ် အထင်သေးနေမည်လား။ ထင်ရှား သူ့လို ဖြစ်မလာသည့် အတွက် ဂရုဏာ ဒေါသ ပေါက်ချင်ရိုက်ချင်နေမည်လား။

ဆရာ့ကို ရှောင်နေခြင်းသည် ရက်ကြာလေ ပို၍ မိုက် ထွင်းနက်လေဟု သဘောပေါက် ခံစားနေမိသည်။

ဆရာ့ဆီကို သွားမှ ဖြစ်နေပေတော့မည်။ ဆရာ ပေါက် ထွက်လျှင် ပေါက်စေ၊ ရိုက်လွှတ်လျှင် ရိုက်စေ။ မိုက်မှား မိသမျှ ကျေပါစေကြောင်း တောင်းပန် ကန်တော့ရ မည်။

ယခုအချိန်တွင် ဆယ်တန်း အောင်ပြီးသည့် အပြင် ရာထူးငယ်တစ်ခုကိုလည်း ရထားပြီ ဖြစ်၍ ဆရာ့ဆီသွားဖို့ အတော်အသင့်တည်း လိပ်ပြာလုံနေမိပေတော့သည်။

သို့နှင့် ဆရာ့ဆီကို သွားရောက် ဦးခိုက်ကန်တော့ ဖြစ် ပါတော့၏။

( ၅ )

ဆရာ့အိမ်ကို ကျွန်တော် ရောက်သွားတော့ ဆရာသည် အိမ်ခေါင်းရင်းရှိ ကုတင် တစ်ချပ်ပေါ်တွင် အေးဆေး တည်ငြိမ်စွာ ထိုင်ပြီး ရေနွေးကြမ်း သောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လင်ပန်းဖြင့် ထည့်ယူလာသော ရှမ်းပြည် လက်ဖက်ခြောက်နှင့် မန္တလေးထိုးမုန့်ကို ရှေ့ချပြီး ကန်တော့လိုက်၏။

'ဆင်း၊ ငါ့တပည့်ကြီး လူ့လောကအလယ် မျက်နှာပွင့်လန်း၍ ဂုဏ်သတင်းကျော်ဇောပါစေ၊ ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာပါစေ'

ဆရာက လိုက်လိုက်လှဲလှဲဆုပေးသည်။

ဆုပေးပြီးတော့ ကျွန်တော် မိုက်မှားခဲ့သမျှကို ဆုံးမပြောဆိုလေမည်လားဟု တွေးထင်လိုက်သည်။

'ငါ့တပည့် ခွင့်ပြန်လာတာလား'

'ဟုတ်ပါတယ် ဆရာ'

'ဟိုမှာ လုပ်ငန်းကိုင်ငန်း အဆင်ပြေရဲ့လား'

'ပြေပါတယ် ဆရာ'

'အခု ဘယ်အဆင့်နဲ့ တာဝန် ထမ်းဆောင်နေရတာတုန်း'

'မြေအောက် အလုပ်သမား ကြီးကြပ်ရေးမှူးအဆင့်နဲ့ပါ၊ လစာကတော့ အလယ်တန်းပြလစာနှုန်းနဲ့ တူညီတဲ့လစာကို ရပါတယ်'

'ကောင်းပါလေ့ကွယ်၊ ဆရာလဲ ငါ့တပည့်အကြောင်း အမြဲစုံစမ်းနေလို့ ဆယ်တန်းအောင်သွားပြီ၊ ထူးတစ်ခု ရသွားပြီဆိုတာ သိရတယ်'



ကျွန်တော့်အကြောင်း ဆရာ အမြဲစုံစမ်းနေသည်တဲ့။ ဆရာ ဘာတွေများ သိထားပြီးနေပါလိမ့်။ ဘာတွေများ ပြောဆိုဆုံးမတော့မှာပါလိမ့်။

သူ့ကို ရှောင်ဖယ်နေခဲ့သည့် အပြစ်တွေကိုလား၊ ဟုတ်တော့မယောင်နဲ့ အဖျားရှူး သွားခဲ့တာကိုလား၊ ထမ်းထားခဲ့သလောက် ခရီးမပေါက်ခဲ့တာကိုလား၊ ကျွန်တော် ကျောစိမ့်နေမိသည်။

'ပညာတော်တဲ့ ငါ့တပည့် တစ်ယောက် စားဝတ်နေရေး တစ်ဘက်၊ ပညာရေး တစ်ဘက်နဲ့ လုံးပမ်းရလို့ ထွန်းပေါက်သင့်သလောက် မထွန်းပေါက်ခဲ့ရတာကို ဆရာ စိတ်မကောင်းဘူးကွယ်၊ ဒါဟာ ဆရာ့ဘက်ကလဲ တာဝန်ဝတ္တရား မကျေခဲ့လို့ ဖြစ်ရတာပဲ'

'ခင်ဗျာ'

ကျွန်တော် ထွန်းပေါက်ခဲ့သည့်ကိစ္စတွင် ဆရာ့ဘက်က ဘာများ တာဝန်ဝတ္တရား မကျေခဲ့ပါလိမ့်။

'ဆရာဟာ စီးပွားရှာရမယ့် အရွယ်မှာ စီးပွားမရှာမိခဲ့ဘူး၊ ဘာကိုပဲ ပေါ့ပေါ့တန်တန်ပဲ ဖြတ်သန်းခဲ့မိတယ်၊ ဒါကြောင့် ပစ္စည်းဥစ္စာ ကြွယ်ဝဘူး၊ အကယ်လို့များ စီးပွားရှာရမယ့် အရွယ်မှာ စီးပွားရှာခဲ့လို့ ပစ္စည်းဥစ္စာ ကြွယ်ဝခဲ့ရင် ငါ့တပည့်လို စာတော်ပြီး၊ မိဘက မတတ်နိုင်တဲ့ ကလေးတွေကို အစွမ်းကုန်ထွန်းပေါက်အောင် ကူညီထောက်ပံ့နိုင်မှာပဲ၊ ခုတော့ ငါ့တပည့်တို့အပေါ် ဆရာ့ တာဝန်ဝတ္တရား မကျေနိုင်ခဲ့တော့ဘူးပေါ့ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ဩော် ဆရာရယ်....။ ကျွန်တော်ထင်ထားသလို တပည့်မိုက်အပေါ် ဖြစ်လာင် ဆူပူခြင်း ဓရိုရှံမကာ၊ သူ့အက်က တာဝန်တွေရား မကျေခဲ့ဘူးလို့ ယူဆပြီး စိတ်မကောင်း ဖြစ်နေပါပေါ့လား။

ဆရာ့စကားကို ကြားနာရသော ကျွန်တော့်ရင်မှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ကြေကွဲခြင်း၊ ကြည်နူးခြင်းတို့ တစ်ပြိုင်တည်း ဖြစ်ပေါ် ခံစားရကာ မျက်လုံးအိမ်ဝယ် မျက်ရည်တို့ပင် ဝဲသီလာမိလေသည်။

စေတနာမေတ္တာ ကြီးမားလှသော ဆရာ၊ ဆရာ ပီသလွန်းလှသော ဆရာကို ဘယ်သောအခါမျှ ကြည်ညိုစွာ ဦးခိုက်၍ ဝန္ဒိတော့မည် မဟုတ်မပါပေ။

* * *

မင်းသမီးဌာန တစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



တော်တော်တဲ့၊ ပေါင်မုန့်ထောပတ်သုပ် ဟုတ်အား၊ ငါ့စား မှုးချင်လိုက်တာကွာ'

ဟု အခွတ်တရကြီး ပြောနေပြန်သေးသည်။

သူ့စကားက သည်မှာတင်ရပ်သွားလျှင်တော့ ကောင်းပေဦးမည်။

သို့သော် သံချောင်းအား ထန်းလျက်ခဲနှင့် ပေါင်မုန့်ထောပတ်သုပ်ကို ဆက်စပ်စဉ်းစားပြီး....

'အင်း.... မင်းဘာသန့်တို့ဘဝ ကွာခြားသွားပါပြီကွာ'

ဟု မော်ပန်းတနည်းကြီး ဆက်ပြောလိုက်တော့ ကျွန်တော် ရင်နင့်သွားရပြီကောလေ။

'ငါလဲ ပေါင်မုန့် ထောပတ်သုပ်ကို အမြဲအနီးစားခန့်နိုင်တဲ့သူ မဟုတ်တော့ မင်းဘာသန့်တို့ဘဝအာ ထန်းလျက်ခဲနဲ့ ပေါင်မုန့်ထောပတ်သုပ်လို ကွာခြား မသွားသေးပါဘူး သူငယ်ချင်းရယ်၊ အားငယ်မနေပါနဲ့'

ဆိုသော ဖွင့်မပြောဖြစ်သည့် ရင်တွင်းစကားကို ရင်မှာ ပွေ့ပိုက်ရင်း မသန်းညွန့်အိမ်ဘက်သို့ ကူးခဲ့သည်။

မသန်းညွန့်ကို သူ့အိမ်မှာ အခန့်သင့်ပင် တွေ့ပါ၏။

ကျွန်တော့်ကို ဟိုတုန်းကလို ပွင့်ပွင့်လင်းလင်း ချစ်ကြည်မှုတွေနှင့် ဆီးကြိုလိုပင်။ သူ့အိမ်ကလေးထဲကို ဝင်လိုက်မိလျှင် ဝင်လိုက်မိချင်း ကျွန်တော်မှာက မထွက်ခွာ



[illegible] ဝိုင်းဖွဲ့စကား ပြောဖြစ်ခဲ့ကြသည့် ညချမ်းအခါလေးတွေကို သတိရသွားသည်။

အဲသည်တုန်းက မသန်းညွန့်လည်း အိမ်ထောင်မကျသေး၊ အခုတော့ အိမ်ထောင်ကျပြီး၍ အမွှာပူး သားနှစ်ယောက်ပင် ဖွားမြင်ပြီးနေပါပြီ။

မသန်းညွန့်နှင့်လည်း စားဝတ်နေရေး အကြောင်း၊ ကျွန်တော့် အလုပ်အကိုင်အကြောင်း ပြောဖြစ်ကြသည်

သည်တုန်းမှာ....

'သန်းညွန့်ရေ၊ ညည်းတို့အိမ်မှာ မြို့သား ဧည့်သည် ရောက်နေတယ်ဆို'

ဟူသော မစောကြည်၏ အသံကျယ်ကျယ် လေအောင်လောင်ကို ကြားလိုက်ရသည်။ ကျွန်တော်က တံခါးကြားမှာ အမြန်ပင်ပုန်းနေလိုက်၏။

မစောကြည် အိမ်ထဲဝင်လာတော့ မသန်းညွန့်က မြို့သားပြီဟု မြုံ့ဖြိုးဖြိုးနှင့် ဆီးပြောသည်။ မစောကြည်က အပိုးမသေသော မသန်းညွန့် မျက်နှာကိုကြည့်ပြီး၊

'မယုံဘူး ဒီခွေးမသေး ပုန်းနေတာ တွေ့ခဲ့'

ဟု ဆိုသည်။

ကျွန်တော်ကမထွက်၊ ဆက်ပြီးပုန်းနေမြဲ ပုန်းနေလိုက်၏။

မစောကြည်မှာ ကျွန်တော့်ကို ဘယ်လိုမှမမြင်တော့။

www.burmeseclassic.com

www.burmeseclassic.com

ဇာတိခင်တွယ်လွန်း စိတ်ဟုပဲ ပြောလိမ့်မည် ထင်ပါ၏။ ကျွန်တော့်မှာ သီတင်းကျွတ်လကို ရောက်လေတိုင်း ကိုယ့်ဇာတိ ကျောက်ပန်းတောင်း မြို့နယ် ဘင်္ဂရွာကလေး ဆီသို့ ပြေးတဲ့ တယ်လိုမှ မနေနိုင်အောင် ဖြစ်ရသည်။

သီတင်းကျွတ်လ ရောက်ပြီဆိုလျှင် ကျွန်တော် အလုပ်လုပ်ရာ မုံရွာဇစ်ဘက်ကမ်း ကြေးနီသတ္တုတွင်းမှ မိုင်ပေါင်း နှစ်ရာ့လေးဆယ်ကျော် ဝေးကွာသည့် ရွာကလေးသို့ နှစ်စဉ်နှစ်တိုင်း ခွင့်ပြန်သည်။

ရွာက မိဘနှစ်ပါးနှင့် အကြီး ဘထွေး၊ ဒေါ်ကြီး ဒေါ်လေးတွေကို ကန်တော့သည်။ ရွာနီးချုပ်စပ်က ဘုရားပွဲတွေကို လိုက်ပြီး ဘုန်းကြီး ကန်တော့ရင်း ရွာလည်သည်။

ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့နယ်မှာ သီတင်းကျွတ်လ ဆိုလျှင် ဘုရားပွဲတွေကလည်း ပေါလှခြင်း။

www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်ခြမ်း မြို့နယ် ကွက်ကွက်လေးသာ ကိုပဲ ကြည့်၊ သီတင်းကျွတ် လဆန်း ခြောက်ရက်နေ့မှာ စည်ပေါက်တန်ရွာ ကျောင်းဘုရားပွဲ။

လဆန်း ခုနစ်ရက်မှာ ဝွေးပင်ချိုရွာကျောင်းဘုရားပွဲ၊ လဆန်း ရှစ်ရက်နေ့မှာ အင်တိုင်းရွာ ကျောင်းဘုရားပွဲ။

လဆန်း ကိုးရက်နေ့မှာ စမ်းတွင်းကြီးရွာ ကျောင်းဘုရားပွဲ၊ လဆန်း တစ်ဆယ်ရက်နေ့မှာ ရွာမရွာကျောင်းဘုရားပွဲ။

လဆန်း တစ်ရက်နေ့မှာ ဆင်ဆပ်ကျင်းရွာ ကျောင်းဘုရားပွဲ။

လဆန်း ဆယ့်နှစ်ရက်နေ့မှာ ကြံစို့ရွာ ကျောင်းဘုရားပွဲ၊ လဆန်း ဆယ့်သုံးရက်နေ့မှာ တွင်းမြူရွာ ကျောင်းဘုရားပွဲ။

လဆန်း ဆယ့်လေးရက်နေ့မှာ ကျွန်တော်တို့ဘင်ဂွရွာ ကျောင်းဘုရားပွဲ စသည်ဖြင့် သီတင်းကျွတ်လကုန်အထိ ဘုရားပွဲတွေက ပြတ်သည်မရှိ၊ တချို့ရက်တွေမှာ တစ်ရွာနှင့် တစ်ရွာ ဘုရားပွဲချင်းထပ်လိုပင် နေလိုက်သေးသည်။

သည်ဘုရားပွဲတွေမှာ မပါမပြီးသလောက် ဖြစ်နေကြရသည်က 'အရပ်ပြဇာတ်' ကခြင်းပင်။

ဘုရားပွဲတိုင်းမှာ ရွာလူငယ်ကာလသားတွေက မင်းသမီး ငှားပြီး အရပ်ပြဇာတ် ကသည်။

သီတင်းကျွတ်လဆိုလျှင် ကျွန်တော်တို့ဒေသမှာ နှမ်းပေါ်ပြီးစ မြေပဲဖော်ပြီးစမို့ ငွေကလည်း ရှင်သည်။



'ဟာ... အစ်ကိုကြီး ပြန်လာတာနဲ့ အတော်ပဲဗျာ'

အခုလည်း သီတင်းကျွတ်လ ရောက်ပြီမို့ အလုပ်မှ ခွင့်ယူပြန်လာခဲ့သော ကျွန်တော့်ကို ရွာတံခါးဝတွင် ပက်ပင်းတွေ့ကြသည့် မောင်ဝင်းစိုးက အရင်းအဖျား မပါသော စကား ဖြင့် ဆီးကြိုနှုတ်ဆက်သည်။

သူက ကျွန်တော့်လက်အစုံကို လွတ်ထွက်သွားမှာစိုး သည့်အလား ခပ်တင်းတင်း ဆုပ်ကိုင်ထား၏။ သူ့ကို ကြည့်ရသည်မှာ အလွန်တရာလည်း ဝမ်းသာနေပုံပင်။

ကျွန်တော်ကလည်း သူ့အား အလိုက်အတိုင်း...

'ဘာတွေ တော်နေရတာတုန်း ငါ့ညီရဲ့'

ဟု ပြန်မေးလိုက်ရသည်။

'ဒီလို အစ်ကိုကြီးရ၊ ရွာဘုရားပွဲအတွက် နှစ်တိုင်း ပြဇာတ်ရေးပေးနေတဲ့ ကိုသန်းထူးက မိုးကုတ် ဘက် ကျောက်တူးထွက်သွားလို့ ကျွန်တော်တို့မှာ ပြဇာတ်ရေး ပေးမယ့် လူမရှိဘဲ အခက်အခဲတွေ့နေတာ၊ အစ်ကိုကြီးက စာရေးဆရာဆိုတော့ ဒီနှစ် ဘုရားပွဲအတွက် ပြဇာတ်ရေး ပေးခိုင်းရအောင်လို့ပါဗျာ'

မောင်ဝင်းစိုး ရှင်းပြလိုက်မှ ကျွန်တော် နားလည် သဘောပေါက်သွားသည်။

ဪ... သူတို့ လူငယ်ကာလသားတွေမှာ သီတင်းကျွတ်ဘုရားပွဲကို ရောက်လျှင် ပြဇာတ်ကဖို့ပဲ အရေးတကြီး လုံ့လ ထုတ်နေကြပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေမှာ နှမ်းပေါပြီ၊ မြေပဲဖော်ပြီဆိုကတည်းက ကိုယ့်ရွာဘုရားပွဲ စည်ကား သိုက်မြိုက်ရေး အတွက်ဆိုပြီး တစ်ရွာဝင် တစ်ရွာထွက် အလှူခံကြသည်။

တခြား ရွာတွေကလည်း သူတို့လိုပဲ အလှူခံကြတာ ချည်းပင်။ သူတို့အလှူခံရသမျှ မြေပဲတွေ၊ နှမ်းတွေ၊ ငွေတွေကိုတော့ ရွာလူကြီးဆီမှာ တိတိကျကျ အပ်ကြသည်။

ရွာလူကြီးက ဘုရားပွဲနေ့မှာ ဘုန်းကြီး၊ ဆန်တော်လာ လူတွေ၊ ဆွမ်းလောင်းလာသူတွေကို ထမင်းကျွေးဖို့၊ ဘုရားမီးပူဇော်ဖို့ အတွက် ထိုက်သင့် သလောက် ခွဲယူသည်။

ကျန်တာကိုတော့ လူငယ်တွေ ပြဇာတ်ကဖို့ အတွက် ဘုရားပွဲ ဖျော်ဖြေရေး အသုံးစရိတ်အဖြစ် ပြန်ပေးလိုက်သည်။

လူကြီးတွေ ပြန်ပေးတာနှင့် မလောက်လျှင်တော့ ပြဇာတ်ထဲ ပါဝင်ခွင့်ရသူတွေက ထပ်ထည့်ကြရသည်။

'ဘယ်နှယ်လဲ အစ်ကိုကြီး ရေးပေးမယ်မဟုတ်လား'

မောင်ခင်စိုး [illegible] ကျွန်တော့်ကို ထပ်မံတောင်းဆိုခြင်းဖြင့် လှုပ်နှိုးလိုက်သည်။

'ဆင်း၊ ဖျော်ဖြေရေးတော့ ရေးပေးတာပေါ့ကွ'

'ဖြေးဖြေးမနေပါနဲ့ အစ်ကိုကြီးရာ၊ အမြန်ဆုံးလုပ်ပေး စမ်းပါ။ ဒီနှစ် နည်းနည်းနောက်ကျနေပြီဗျ...



အခါတိုင်းနှစ်တွေက ဒီအချိန်ဆိုရင် ဇာတ်တောင်တိုက် နေပြီ'

'အေးပါကွာ၊ ဒါဆိုလဲ အမြန်ဆုံးရေးလိုက်ပါ့မယ်'

'ဝမ်းသာလိုက်တာ အစ်ကိုကြီးရာ၊ ဒီနေ့ညတော့ ခရီး ပန်းလာတာ အနားယူလိုက်ဦးပေါ့၊ နောက်နေ့ညကျ တော့ ဒီကိစ္စအပ်ဆွေးနွေးဖို့ ရွာအယ်ကုန်းကမူမှာ စုလာ လိုက်မယ်၊ အစ်ကိုကြီးကိုလဲ လာခေါ်မယ်နော်'

'ကောင်းပါပြီကွာ'

'ဒီကြားထဲ ဇာတ်လမ်းစဉ်းစားထားနော်'

'အေးပါ'

'မပျက်မကွက်လုပ်နော် အစ်ကိုကြီး'

'စိတ်ချစမ်းပါ ငါ့ညီရာ'

အကြိမ်ကြိမ် သတိပေးတော့မှ မောင်ခင်စိုးက ကျွန် တော့်ကို လွှတ်ပေးလိုက်ပါ၏။ မောင်ခင်စိုးလက်မှ လွှတ်သည်နှင့် ကျွန်တော်လည်း မိဘတွေရှိရာ ရွာတောင် ချားက အိမ်လေးဆီသို့ သုတ်ခြေတင်ခဲ့တော့သည်။

( ၂ )

ရွာပြန်ရောက်သည့်ညမှာ မိဘဆွေမျိုးသားချင်းတွေနှင့် စကားပြောရင်း ခရီးပန်းလာသဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ် ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဝင်းစိုးတာဝန်ပေးသည့် ပြဇာတ်ကိစ္စကို နည်းနည်းမျှခေါင်းထဲမထည့်နိုင်၊ မနက်ကျမှ ခေါင်းပူအောင် စဉ်းစားရသည်။

ဇာတ်လမ်း စဉ်းစားလို့ရပြီဆိုတော့ ဇာတ်ညွှန်းလုံး ဆိုင်ပြီးအကြမ်းရေးသည်။ သူတို့က မြန်မြန်ဆန်ဆန် ရချင်သည်ဆိုထားသည် မဟုတ်လားလေ။

ထိုနေ့ညဦးပိုင်းမှာ ကျွန်တော်ပင် ညစာစားပြီးလို့ လက်ဆေးရသည် မခြောက်သေးသေး၊ မောင်ဝင်းစိုးနှင့် အောင်သန့်ကြည် ပေါက်ချလာသည်။

'အဆင်ပြေတယ်မဟုတ်လား အစ်ကိုကြီး'

'အေး၊ ဇာတ်လမ်း အကြမ်းဖျင်းတော့ ရေးပြီးသွားပါပြီကွာ၊ နောက်မှ အခန်းတွေခွဲ စကားတွေ ထပ်ထည့်လိုက်ရဦးမယ်'

'ဇာတ်လမ်းအကြမ်းဖျင်း ရေးပြီးသွားရင်ပဲ ကျေနပ်လှပါပြီဗျာ၊ အစ်ကိုကြီးက တော်တော် အားကိုးရတာပဲ၊ ကဲ.... ရွာလယ်ကုန်းဆမူကို သွားကြစို့ အစ်ကိုကြီး၊ ဟိုမှာ လူစုထားတယ်'

သူတို့နှင့်အတူကျွန်တော် ရွာလယ်ကုန်း ဆမူသို့လိုက်ခဲ့သည်။

ကျွန်တော်တို့ ရောက်သွားတော့ ဆည်းဆာရောင် မှုန်ပျပျအောက်က ရွာလယ်ကုန်း ဆမူမှာ လူနှစ်ဆယ်ခန့် ငုတ်အရုပ်ထိုင်နေကြသည်ကို တွေ့၏။



'အစ်ကိုကြီး ပါလာပြီဟေ့'

'အားလုံးက ကျွန်တော့်ကို ဝမ်းသာအားရ ဆီးကြိုကြသည်။

'အင်း၊ ငါ့ညီတို့က ကိုယ့်ကိုပြဇာတ် ရေးပေးပါဆိုလို့ အကြမ်းဖျင်း ဆင်ပုဒ်တော့ ရေးထားတယ်၊ ငါ့ညီတို့ သဘောကျကြမလားမသိဘူး'

'ကျွန်တော်တို့ကတော့ အကြမ်းအရမ်းဆို ကြိုက်တာဘဲ....'

'စွန့်စားခန်းဆိုလဲ ကောင်းတာပါပဲဗျာ'

'လျှို့ဝှက်သည်းဖိုဆိုလဲ သဘောကျပါတယ်'

ကျွန်တော်က စကား[illegible] မပြုံးလိုက်ရုံ ရှိသေး၊ သူတို့ စိတ်ထင်ရာမြင့်ရာတွေ ရွှတ်ပြောကုန်ကြတော့သည်။

ကိုချစ်စရာ၏ 'ရင်ထဲမှာ သိမ်းထားမယ်သား'တို့၊ 'ပိုင်ရှင်ဖြစ်သူလာပါ'တို့၊ ပြီးတော့ မြို့တော် မောင်ယဉ်အောင်၏ 'ကိုးဆယ်သာ သာလိမ့်မယ်'တို့၊ 'ကောက်ပင် တစ်ခုနိုး'တို့၊ ရင်မှာစွဲဝင်နေသည့် ကျွန်တော်က သူတို့ ပြောသည့်ဇာတ်လမ်းမျိုးတွေနှင့် လုံးဝနီးစပ်သည့် ဇာတ်လမ်းမျိုးကို ရေးလာခဲ့ပြီးပြီ။

ကျွန်တော့်မှာ သူတို့တစ်ယောက် တစ်ပေါက် ပြောလာသည့်စကားတွေကို လက်ကာတားလိုက်ရပါ၏။

စကားသံတွေ ငြိမ်သက်သွားမှ ကျွန်တော့် အစအဆုံးကို လေအေးကလေးနှင့် နားသွင်းဖြို့ဖြန်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုရှိတယ် ငါ့ညီတို့ရဲ၊ မင်းတို့ပြောတဲ့ အကြမ်း၊ အရမ်းတို့၊ စွန့်စားခန်းတို့၊ လျှို့ဝှက်သည်းဖိုတို့က သွေးနုရာနဲ့သူတော့ ကောင်းချင် ကောင်းပါလိမ့်မယ်'

'ဒါပေမယ့် တို့ရွာတို့ဒေသအတွက်တော့ သိပ်အံဝင်လှမယ်၊ အကျိုးရှိလှမယ် မထင်ပါဘူးကွာ'

'ကိုယ်ဟာ ဇာတ်ခုံပေါ် တက်ခွင့်ရပြီဆိုတာနဲ့ ကိုယ့်အရပ် ကိုယ့်ပရိသတ်အတွက် အံ့မဝင်တဲ့ အကျိုးမရှိတဲ့ဇာတ်လမ်းကိုအလွဲသာ ကိုယ့်အရပ် ကိုယ့်ပရိသတ် လက်မခံနိုင်တဲ့ စကားလုံးတွေ ဖြေလှို့ပြောလုပ်ရင် အားပေးကြမှာ မဟုတ်ဘူး'

'ကိုယ့်အရပ်ကိုယ့်ပရိသတ်က အားမပေးဘူး ဆိုရင်လဲ ဘယ်တော့မှ နာမည်ကောင်း မရနိုင်ဘူး'

'အာပဲလုပ်လုပ် ကိုယ်လုပ်ရတဲ့ အလုပ်တစ်ခုကို ဒေအနေပါပါ အကျိုးရှိရှိလုပ်ရမယ် မဟုတ်လား'

'ဒါကြောင့် ကိုယ့်အရပ် ကိုယ့်ပရိသတ်နဲ့ အံဝင်ခွင်ကျလိုက်လျောညီထွေရှိမယ့် ကျေးလက်အသိ မြင့်တင်ရေး မေတ္တာဘွဲ့ ဇာတ်လမ်းလေးစား တစ်ပုဒ် ရေးထားခဲ့တယ်'

'ဒါဆို ပိုကောင်းတာပေါ့၊ ကျွန်တော်တို့သဘောကျတယ်'

'ကောင်းတယ် ကောင်းတယ်၊ သဘောကျတယ်'



သည့်တော့လည်း ကျွန်တော့် သဘောဆန္ဒကို သူတို့ အားလုံး လက်ခံသွားကြသည်။ ကျွန်တော်ဝမ်းသာ အားတက်သွားတော့၏။

'ဇာတ်လမ်းက တိုးတက်တဲ့အမြင်ရှိတဲ့ခေတ်ပညာတတ် ကျေးလက်လူငယ် တစ်ယောက်ရယ် မြို့ကြီးသား သိန်းပွဲစားလူငယ်တစ်ယောက်ရယ်၊ ကျေးလက် ဆေးပေးခန်း သူနာပြု ဆရာမလေး တစ်ယောက်ရယ်၊ ကျေးလက် သမီးပျို လေးတစ်ယောက်ရယ်ကို အခြေခံပြီး ဖွဲ့ထားတဲ့ ဇာတ်လမ်းပဲ၊ ဇာတ်လမ်းနာမည်က 'ရွာညိုပန်းများ မွှေးမြစေ'တဲ့'

'ကောင်းပါတယ် အစ်ကိုကြီး'

'ဇာတ်ကို အမြန်ဆုံးပြီးအောင် အခန်းတွေခွဲပေးမယ်၊ စကားလုံးတွေ အဆာတွေ အညှိပေးမယ်၊ ဒါနဲ့ပြဇာတ်ထဲမှာ ဘယ်သူတွေပါမယ်ဆိုတာလဲ ပြောကြပါဦး'

'ဝင်းစိုး'

'အောင်သန်းကြည်'

'မြင့်ဆွေ'

'ခင်မောင်သန်း'

'အောင်ဆန်းမြင့်'

' '

... ... ...

' '

... ... ...

လူငယ် ဆယ့်ငါးယောက်ခန့် နာမည်တွေ ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ညီတို့က ကျူရှာအခန်းက ပါကြမယ်ပေါ့'

'ဝင်းစိုးနဲ့ အောင်သန်းကြည်အတော့ မနှစ်ကအတိုင်း ခေါင်းဆောင်မင်းသားနဲ့ လက်ထောက်မင်းသား လုပ်ကြမှာပေါ့၊ ကျန်တဲ့လူတွေအတော့ ကျူရှာအခန်းက ပါကြမှာပဲ'

မြင့်ဆွေက ရှင်းပြသည်။

'ဟုတ်ပြီ၊ ဒါဆိုရင် မောင်ဝင်းစိုးက စာပေးစာယူ ဆာတီယနှစ် ရောက်နေပြီ ဆိုတော့... ခေတ်ပညာ တတ် ကျေးလက်လူငယ် ဇာတ်ဆောင်နေရာနဲ့ အံကိုက်ပဲပေါ့၊ အောင်သန်းကြည်က မြို့ကြီးသား သိန်းနှံ့ပွဲစား လူငယ် လုပ်ပေါ့၊ ကျန်တဲ့ဇာတ်ဆောင်တွေတော့ ပြဇာတ်ရေးပြီးမှ အတိအကျ ရွေးမယ်'

'ဆရာကြီး စိတ်ကြိုက်သာလုပ်ပါ'

'ပြဇာတ်အတွက် မင်းသမီးနှစ်ယောက် ငှားရမယ်၊ ဆိုင်းရော ငှားပြီးပြီလား'

'ဆိုင်းလဲ မငှားရသေးဘူး'

'ဒါဆိုရင် မနက်ဖြန်မှပဲ ကျောက်ပန်းတောင်းကို သွားပြီး ဆိုင်းရော မင်းသမီးနှစ်ယောက်ရော ငှားလိုက်ကြရအောင်'

'ကောင်းပါပြီ၊ ဘုရားပွဲကလဲ နီးနေပြီ ဆိုတော့ အမြန်ဆုံး လုပ်သင့်တာပေါ့'

ကျွန်တော့်စကားကို သူတို့လူငယ်အားလုံး လက်ခံသွားကြသည်။



စကားဝိုင်းသိမ်းပြီး လူစုခွဲ ပြန်ခဲ့ကြတော့ ဆန်းစလကွေးလေးပင် ဝင်စပြုနေပေပြီ။

( ၃ )

ကျောက်ပန်းတောင်းမြို့ကို ဆိုင်း၊ မင်းသမီးငှား တက်ခဲ့ကြတော့ မောင်ဝင်းစိုးနှင့် အောင်သန်းကြည်ပင် လိုက်ပါလာသည်။

ကျွန်တော်တို့ သုံးယောက် ပထမဦးစွာ 'စိန်ဘိုလေး' ဆိုင်းကို ဝင်ငှားကြသည်။

စိန်ဘိုလေးက နှစ်တိုင်းလည်း ငှားနေကြမို့ စကားအတွေအတွေ ပြောစရာမလို၊ မြန်မြန်ဆန်ဆန်နှင့် အဆင်ပြေစွာ ပြီးစီးသွားသည်။

ဆိုင်းငှားပြီးတော့၊ မင်းသမီး ငှားဖို့ မြင်းခြံသမီးအတိုင်း လျှောက်ခဲ့ကြသည်။

'မြူမြူဝင်း၊ သူဇာဝင်း၊ မူဆုဝင်း'

'မိုးမိုးစံ၊ စိုးစိုးစံ၊ စီစီစံ'

'မြဇာခြည်၊ မြဒေါလီ'

မင်းသမီး ကြော်ငြာဆိုင်းဘုတ်တွေကို မြင်းခြံသမီးဘေး ဝဲယာမှာ အစီအရီတွေ့ရသည်။ ကြော်ငြာဆိုင်းဘုတ်တစ်ခုမှာ မင်းသမီး နှစ်လက် သုံးလက်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားကြွစို့လေ၊ မောင်ဝင်းစိုး'

ကျွန်တော်က ကြော်ငြာဆိုင်းဘုတ်တွေကို ကြည့်ပြီး ပြောလိုက်သည်။

'စိတ်ကြိုက်မတွေ့သေးဘူး အစ်ကိုကြီးရာ၊ အခုတွေ့တဲ့ မင်းသမီးတွေက ကျွန်တော်တို့ တွဲခဲ့ဖူးပြီးသား မင်းသမီးတွေချည်းပဲ'

'အဲဒီတွဲခဲ့ဖူးပြီးသားထဲက မင်းတို့တွဲလို့ အဆင်ပြေဆုံး မင်းသမီးကို ပြန်ငှားရင် ပိုကောင်းတာပေါ့'

'ထပ်မတွဲချင်ဘူးဗျာ၊ ရွာကလဲ မကြည့်ဖူးသေးတဲ့ မင်းသမီးမှ ကြည့်ချင်ကြမှာ'

'ဟို မြဇော်ရည်တို့ မြဒေလီ တို့ရော'

'သူတို့ကို မတွဲဘူးပေမယ့် ကြည့်ဖူးတယ်၊ နာမည်သာ လှတာ ရုပ်ကျ သိပ်မလှဘူး'

'ဟုတ်....'

ကျွန်တော် ရင်မောစ ပြုသွားသည်။

'သိပ်ချေးများနေလို့လဲ ဖြစ်မယ်မထင်ဘူး မောင်ဝင်းစိုးရဲ့။ ကိုယ့်ရွာ ဘုရားပွဲရက်က နီးနေပြီ မဟုတ်လား။ ကိုယ့်စိတ်ကြိုက် လက်ရွေးစင် မင်းသမီးက ရချင်မှရတော့မှာ၊ ဘုရားပွဲတွေ ဒီလောက်များနေတဲ့ဟာ၊ တစ်ရွာမဟုတ် တစ်ရွာက ငှားသွားကြရော့ပေါ့'

'မပူပါနဲ့ အစ်ကိုကြီးရာ၊ ကျောက်ပန်းတောင်းမြို့မှာ မင်းသမီးတွေ သောင်းခြောက်ထောင်ပါ၊ မိတ္ထီလာ ထမ်းဘက်မှာရော၊ ဈေးလမ်းဘက်မှာရော ပါမှပေါ့၊



ဘုရားပွဲတွေ ဘယ်လောက် များများ ကိုယ့်စိတ်ကြိုက် မင်းသမီး မရနိုင်စရာ အကြောင်းမရှိပါဘူး'

အောင်သန်းကြည် ပြောတာလည်း ဟုတ်တော့ နေပြန်၏။

ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့မှာ မင်းသမီးတွေက မြို့နှင့် မလိုက်အောင် ပေါများလွန်းလှသည်။

ဇာတ်ပွဲလည်း မင်းသမီးငှား၊ မင်္ဂလာပွဲလည်း မင်းသမီးငှား၊ ဘုရားပွဲ ကျောင်းပွဲလည်း မင်းသမီးငှား၊ ဘုန်းကြီးပျံ ယိမ်းတော်ပျံလည်း မင်းသမီးငှား၊ ယုတ်စွအဆုံး လူသေတာလည်း မင်းသမီးငှားသည့် နယ်မြေဆိုတော့၊ ကျောက်ပန်းတောင်းမြို့သည် မင်းသမီးတွေအတွက် ဘူမိနက်သန် ဖြစ်နေဟန်တူသည်။

မန္တလေး မြို့ပြီးလျှင် မြန်မာပြည် အထက်ပိုင်းမှာ မင်းသမီး အပေါများဆုံးမြို့ဟု ဆိုလောက်ပါ၏။

'ဟောဟိုမှာ တွေ့ပြီ အစ်ကိုကြီး 'မိမိမြိုင်၊ မိမိလှိုင်၊ မိမိခိုင်' တဲ့၊ သင်လှအပေါ်လို့ နာမည်ကြီးတယ်၊ ကျွန်တော်တို့ ဝင်ငှားကြည့်လိုက်ကြရအောင်'

ဝင်းဝင်းရုပ်ရှင်ရုံနား ရောက်တော့ မောင်ဝင်းစိုးက ကြော်ငြာဆိုင်းဘုတ် တစ်ခုကို လက်ညှိုးထိုးပြီး ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်...ပညာကိုမကြည့်၊ ရုပ်ကိုကြည့်တဲ့ ဇာတ်လိုက် ကျော်ပါလားနော်'

ရှိပါစေတော့ဟု နှလုံးပိုက်၍ သူတို့နောက် လိုက်ခဲ့သည်။

'ကြွပါ၊ ကြွပါ'

ကြောင်ခြေဆိုင်းဘုတ် ထောင်ထားသည့် အိမ်ထဲကို ဝင်လိုက်သည်နှင့် အသက် ငါးဆယ်ခန့် ဦးလေးကြီးက ခရီး ဦးကြိုပြုသည်။

ဦးလေးကြီးသည် မင်းသမီး ထောင်ထားသည့် ပုဂ္ဂိုလ် ဖြစ်ပုံရ၏။

ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့မှာ မင်းသမီး ထောင်စားသည့် ငွေရှင်လူတန်းစား တစ်ရပ်ရှိသည်။

သူတို့က သဒ္ဓါစည်၊ ပျဉ်းမနား၊၊ လယ်ဝေး စသည့် မြို့နယ် အသီးသီးမှ မင်းသမီး ပေါက်စ လေးတွေကို ငွေကြိုပေးပြီး ပွဲကြေးအသေ သတ်မှတ်ကာ ခေါ်ထား သည်။

စာချုပ်သက်တမ်း ဆစ်လျှောက်လုံး ထမင်းကျွေး ထားသည်။

ပွဲငှားသူလာလျှင်တော့ မင်းသမီးနှင့် ပွဲကြေး စကား မပြောရ။ သူတို့နှင့် ပြောရသည်။

သူတို့က မင်းသမီးတစ်လက်ကို ပွဲကြေး ခုနစ်ရာ၊ ရှစ်ရာ စသည်ဖြင့် ရသလိုယူမည်။ မင်းသမီးကိုတော့ စာချုပ်



ထဲမှာ ပါသည့်အတိုင်း နှစ်ရာ သို့မဟုတ် သုံးရာလောက် သာ ပေးသည်။

'ထိုင်ကြပါကွယ်'

ဦးလေးကြီး၏ ထပ်မံ ကြိုဆိုမှုအရ၊ ကျွန်တော်တို့ သုံးယောက် ဆက်တီ ကုလားထိုင်တွေပေါ် ထိုင်လိုက် ကြသည်။

'ပွဲငှားတွေ ထင်တယ်'

'ဟုတ်ပါတယ် ခင်ဗျာ'

'ဘယ်ရွာကပါလိမ့်'

'ဘင်ဂွရွာကပါ'

'ဩော်သိတာပေါ့၊ အနုပညာရှင်တွေ ထွန်းပေါက်ခဲ့တဲ့ ရွာပဲ။ ဟိုအစ်ချိန်တုန်းက ကျောက်ပန်းတောင်း၊ ရေနံ ချောင်း၊ ချောက် သုံးမြို့နယ်မှာ လျှမ်းလျှမ်းတောက် နာမည်ကြီးခဲ့တဲ့ မင်းသမီး စံပြုရီတို့၊ ဆိုင်းဆရာ စိန်ချစ်လှိုင် တို့ ဇာတိရွာပေပဲ။ သမီးတို့ရေ...ပွဲငှားလာတယ်ဟေ့'

ဦးလေးကြီး က ကျွန်တော်တို့ကို သာသာ ထိုးထိုး အလေး ညွှတ်စကားပြောရင်း သူ့မင်းသမီးတွေကို လှမ်း ခေါ်လိုက်သည်။

အခန်းတွင်းမှ မင်းသမီး သုံးလက် ပြေး ထွက် လာ ကြ၏။

'မရည်း မထင်၊ ဖြုတ်ချည်း မြင်ရ၊ နတ်ပင်ရှိုးမှူး၊ ရိုးဝါးတွေချက်၊ စိတ်လုံးညွတ်' လောက်အောင် ချော မောလှပသူတွေချည်းပင်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုတို့ရွာ ဘုရားပွဲမှာ ပြဇာတ် ကဖို့လား၊ ဘယ်နှစ်လက်ငှားမှာလဲ၊ ဘယ်ရွာကလဲ၊ ဘယ်ရက်လဲ'

မင်းသမီးကလေးတို့၏ မေးသံစီစီညံသွားသည်။ ကျွန်တော် ဘယ်ကစ၍ ဘယ်လိုပြန်ဖြေမည်ကိုပင် မသိတော့။

'သမီးတို့ကလဲကွယ်၊ ဖြည်းဖြည်း မေးကြစမ်းပါ'

ထိုအခြေအနေကို ဦးလေးကြီးက ဝင်ထိမ်းပေးလိုက်၍ တော်သေး၏။

'တူတော်မောင်တို့က ဘယ်ရက်တွေ လိုချင်ကြတာလဲ'

'သီတင်းကျွတ်လဆန်း ဆယ့်သုံးရက်၊ ဆယ့်လေးရက် ခင်ဗျာ၊ ဆယ့်သုံးရက်နေ့ ညမှာ ပြဇာတ် ကမယ်၊ ဆယ့်လေးရက်နေ့ နေ့ခင်းပိုင်းကျတော့ ဆွမ်းလောင်းလာသူ ဘုန်းကြီး ကန်တော့သာသူတွေကို အငြိမ့်ခန်းနဲ့ ဧည့်ခံ ဖြေဖျော်ရမယ်'

'အင်း.... ရက်ကတော့ အားပါတယ်၊ ဘယ်နှစ်လက် ငှားမှာလဲ'

ဦးလေးကြီးက နံရံတွင် ချိတ်ထားသော ပြက္ခဒိန်ကို ကြည့်ပြီး ပြောလိုက်သည်။

'နှစ်လက်ပဲ ငှားမှာပါ ခင်ဗျာ'

ကျွန်တော့်အဖြေ စကားကြောင့် မင်းသမီးကလေးတွေ၏ ပြီတီတီ အပြုံး မျက်နှာ ကလေးတွေ ပေါ်တွင် မျှော်လင့်ခုံးအရိပ်အခင့တွေ ဖြတ်သန်းသွားသည်။ ငါ့ကို ငှားမှ ငှားပါ့မလားဟုလည်း ကိုယ်စီ ရင်ဖိုနေကြပုံ ရ၏။



'ဦးစီးမယ့် ဒါရိုက်တာက မောင်ရင်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ဆရာ...'

ကျွန်တော့် အဖြေစကားပင် ဆောင်းဆောင်း မဆုံးလိုက်။ မင်းသမီးတလေး နှစ်ယောက်က ကျွန်တော့်လက် မောင်းရင်း နှစ်ဖက်ကို တစ်ယောက်တစ်ဖက် အားကိုးလွန်းစွာ ပြေးကိုင်ဆုပ်ညှစ်လိုက်ကြသည်။

ဘယ်လိုမှ တွေးထင်မထားမိသော ဖြစ်ရပ်မို့ ကျွန်တော့် တစ်ကိုယ်လုံး တောင့်ဘက်၍ပင် သွားသည်။

ကျွန် မင်းသမီးကလေး တစ်ယောက်ကလည်း ကျွန်တော့် ရှေ့မှာ မခို့တရို့လေး ရပ်ပြီး-

'ခိုင့်ကို ငှားနော် ဆရာ'

ဟု ဆိုလာပြန်သည်။

ကျွန်တော့်မှာ တစ်ခါမျှ အခေါ် မခံရဘူးသော 'ဆရာ' ဆိုသည့် စကားလုံးကို သာယာဖွယ်နေမိ၊ သူတို့ သူစကားလေးတွေကိုသာ စာနာသနားနေမိသည်။

'ဆရာ— မြိုင်ကို ငှားနော် ဆရာ'

'လှိုင့်ကို ငှားပါ ဆရာ'

လက်မောင်းရင်းကို တစ်ယောက် တစ်ဖက် ဖျစ်ညှစ်ဆုပ်ကိုင်ထားကြသည့် မင်းသမီး နှစ်ယောက်က ကျွန်တော့် မျက်နှာကို နိုးထပ်စွာကြည့်၍ ပြောကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး သုံးယောက်စလုံး သူတို့ကို ငှားဖို့ အတွက် အနုပညာကို ပြခွင့်မရှိမီ အညာ အတာ အဓလေးတွေဖြင့် မြူဆွယ်နေကြရပြီအောင်ပေ။

သူတို့ကလေးတွေကို ကျွန်တော် အထင်မသေးရက်ပါ။ တကယ်ကို အထင်မသေးရက်ပါ။

စိတ်မကောင်းခြင်းကြီးစွာသာ ဖြစ်မိပါ၏။

သူတို့လို မင်းသမီးတွေ များလွန်းသည့်အချိန်မှာ ပွဲချီရရေးအတွက် အညာအသာဖြင့် ကြိုးစား နေရပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အနုပညာရှင် အလေးတွေ အဖြစ် အောင်မြင်ထွန်းပေါက် သွားပေလိမ့်မည်ဟုလည်း ယုံကြည်စွာ မျှော်လင့်နေမိပါသည်။

သူတို့လို အထဲမှပင် မန္တလေးအနုပညာ ရွှေမြို့တော်ကြီး အထိ လင်းလက် တောက်ပ သွားကြသည့် ဒေလီမြင့်၊ နွေနွေအောင်၊ ဥမ္မာခင်၊ ကျော့ကပ်ပန်းတောင်း ခင်သန်းနု တို့လို ရွှေဆောင် မင်းသမီးတွေ ရှိခဲ့ပြီပဲလေ၊

'မောင်ရင် ကြိုက်တဲ့ မင်းသမီး ငှားပါ၊ သုံးယောက် စလုံး အားပါတယ်'

'မင်းသမီး ရွေးဖို့ အခက်တွေ့ပြီး ငေးငေး နေသော ကျွန်တော့်ကို ဦးလေးကြီးက လောဆော်လိုက်သည်။

'မြိုင့်ကို ငှားနော် ဆရာ'

'လှိုင့်ကို ငှားနော် ဆရာ'

'ခိုင့်ကို ငှားနော် ဆရာ'



ဆည်တော့မှ ပိုဆိုးကုန်ပြန်သည်။ ကျွန်တော် ဘယ်လို ရ မျက်နှာမထားတတ်၊ ဘယ်သူ့ကို ငှားရမှန်းလဲ မဝေခွဲ တတ်တော့။

'မင်းတို့ငှားချင်တဲ့ မင်းသမီးကို ငှားခဲ့လေ'

ပြဿနာကို မောင်ဝင်းစိုးတို့ဘက် တွန်းပို့ကြည့်လိုက်မိ သည်။

'အစ်ကိုကြီး ငှားချင်တာ ငှားခဲ့ပါ'

သို့သော် ကျွန်တော့်ဘက် ချက်ချင်း ပြန်ရောက်လာ သည်။ ရင်ထဲမှာ အတော်ကို အကြပ်ရိုက် နေတော့၏။

'ဒီလိုရင် လုပ်ပါလား မောင်ရင်၊ ဒီသထဲမှာ ခိုင်အ ပွဲချီအရ များထားတယ်ဆိုတော့ မိမိမြိုင်နဲ့ မိမိလှိုင်ကိုပဲ ငှားသွားပေါ့'

'ကောင်း... ကောင်းပါတယ် ခင်ဗျာ'

ဦးလေးကြီး ဝင်ရှင်းပေးမှ အသက်ရှူ ချောင်သွား သည်။

'ဟေး... ဒါမှ တို့ဆရာကွ'

မိမိမြိုင်နှင့်မိမိလှိုင်က ကျွန်တော့်ကို စမ်းသာ အားရ လှုပ်ခါပြီး မြူးမြူးကြွကြွအလေး အော်ဟစ်မစ်လိုက်ကြ သည်။ သို့သော် သူတို့အပျော်သည်၊ ကျွန်တော့် ရင်ထဲ အထိ မကူးစက်နိုင်ခဲ့ပါပေ။

ကျွန်တော့် ရှေ့မှာ ညှိုးညှိုးလျှလျှအလေး ရပ်နေသည့် မိခိုင်ကို ကြည့်ပြီး ရင်မှာ ဆွတ်ကျင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စ၊ ငွေကြေးကိစ္စ၊ အပို့အယူကိစ္စ ညှိနှိုင်းပြီး ပွဲငှားစာချုပ်ချုပ်ဆော မြန်ကြစည် လုပ်တော့ မိမိခိုင်ကို ကျွန်တော် အားပေးစကား ပြောမိသေးသည်။

'ကျွန်တော်တို့ ငှားဖြစ်ပေမယ့် နောက် ငှားမယ့် လူ လာမပါဦးမယ် မိမိခိုင်၊ ဇီရက်မှာ နောက် ငှားမယ့် လူ မလာဘူးဆိုရင်လဲ ကျွန်တော်တို့ရွာဘုရားပွဲကို အကူအညီ သဘောမျိုးနဲ့ လိုက်ခဲ့ပါ၊ မြဇာတ်မင်းသမီး မိမိခိုင်အတွက် အငြိမ့်ခန်း သီးသန့်ထုတ်ပေးပါမယ်၊ ပွဲငှားကြေးရယ်လို့ သတ်သတ်မှတ်မှတ် မရနိုင်ပေမယ့် ဝိုင်းဖန်းဆုချကြတဲ့ ဆု ကြေးတော့ရမှာပေါ့ဗျာ'

ကျွန်တော် အားပေး စကားသံက တိုးလျှလွန်း၍ တော့ နေမလိမ့်မည် ထင်ပါ၏။

ရောဂါနှင့်ဆေး

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ကျွန်တော်နှင့်ခန်းညွန့်တို့သည် ကစားဖော်ကစားဖက် ကျောင်းနေဖော် ကျောင်းနေဖက်တွေလည်း ဖြစ်ပါတယ် နှင့်မိဘချင်းရင်းနှီးတာ အစဲခုညအည်းပြင့်ပင် အရင်းနှီး ဆုံးသူငယ်ချင်းတွေ ဖြစ်လာခဲ့ကြသည်။

တစ်နေ့သောအခါတွင်တော့ ကျွန်တော်တို့သူငယ်ချင်း နှစ်ယောက်မှာ တိုက်တိုက်ဆိုင်ဆိုင်ပင် ဘဝအလှည့်အပြောင်း အပြောင်းအလဲတစ်ခုကို တစ်ရက်တည်းမှာ ကြုံကြိုက်ခဲ့ရ ပါ၏။

အပြောင်းအလဲ ဖြစ်ပုံချင်းကတော့ မတူညီကြပါပေ။

ဟိုး.... ဆယ်နှစ်ကျော်ဆီက မိုးရာသီလွန်ရက် တစ် ရက်မှာ ဖြစ်ပါသည်။ ကျွန်တော် ဘဝ ရွှေရေးအတွက် အလုပ်တစ်ခုရရှိဖို့ရှာမှ ရှမ်းပြည်မြောက်ပိုင်း တောင်တွင်း မြို့လေးဆီသို့ အကန့်အသတ်မရှိ ထွက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သူ့အတွက် ဝမ်းသာရပြန်ပါ၏။ စန်းညွန့်တို့ အိမ်ထောင်ရေးကို အနှောင့်အယှက် ပဒေယာဂါ အင်းစွဲ ငြိမ်းချမ်း သာယာပါစေ၊ ရိုးမြေကျ ပေါင်းသင်းရပါ စေဟုလည်း ဆုမွန်များတောင်းနေမိတော့သည်။

ကျွန်တော် ဆုတောင်းသည့်အတိုင်းပင် စန်းညွန့်တို့ အိမ်ထောင်ရေး ငြိမ်းချမ်းသာယာကြောင်း သတင်းတွေ ဆက်တိုက်ကြားရပါ၏။

ရွာကိုဒုတိယအကြိမ်မြောက် ခွင့်ပြန်ခဲ့တော့ စန်းညွန့် တို့အိမ်ကလေးသို့ အလည်သွားသည်။ စန်းညွန့်မျက်နှာ အလေးသည် သနပ်ခါးတွေမွှန်လို့ ပြုံးလို့ ကြည်လို့။

'ကောင်းလှရော စန်းညွန့်'

'ယာတောသွားတယ်လေ၊ မနက်ကတောင် နင့်သူငယ် ချင်းကြီးပြန်လာလို့ဆို၊ အိမ်ကို အလည်မလာဘူးလားဟလို့ ကိုကောင်းလှက မေးနေသေးတယ်'

'နင်တို့အိမ်ထောင်ရေး အဆင်ပြေအယ်နော်'

'ပြေတယ်ဟ'

'ငါ ဝမ်းသာပါတယ်ဟ'

'ဟော... ကိုကောင်းလှ တောင်ယာတောက ပြန်လာ ပြီ...'

ကောင်းလှက ကျွန်တော့်ကို ပြုံးပြနှုတ်ဆက်ပြီး စန်း ညွန့်ဘေးမှာ ဝင်ထိုင်သည်။



'လက်ဖက်သုပ်စားဦးဟ၊ ရေနွေးရော ပူသေးလားမသိ ဘူး၊ ရေနွေးပူတာထည့်ပေးပါ မစန်းညွန့်ရဲ့'

'ပူပါသေးတယ် ကိုကောင်းလှရယ်'

စန်းညွန့်က ကောင်းလှနဖူးတွင် သီးနေသော ချွေးဥ ကလေးတွေကို ပုဆိုးပိုင်းဖြင့် တယုတယသုတ်ပေးလိုက် သည်။

ငြိမ်းချမ်း သာယာနေသော သူတို့အိမ်ထောင်ရေးကို ကြည့်ပြီး ကျွန်တော် စိတ်ချမ်းမြေ့သွားရပါ၏။

ပထမအခေါက် ခွင့်ပြန်လာတုန်းက နင့်အတွက် ရင် မောခဲ့ရသလောက် အခုတစ်ခေါက်မှာတော့ စိတ်ချမ်း မြေ့ရပါတယ် စန်းညွန့်ရယ်။

( ၃ )

စန်းညွန့်အတွက် စိတ်ချမ်းမြေ့မှုကလည်း ကြာကြာ မခံလိုက်ပြန်ပေ။ ကျွန်တော် ဘော်တွင်းကို ရောက်ပြီး ခြောက်လကြာသောအခါ ကောင်းလှတစ်ယောက် ပိုးထိ လို့ဆုံးသွားပြီဟု ကြားလိုက်ရသည်။

စန်းညွန့်မှာ ကိုယ်ဝန်နှင့်ကျန်ခဲ့သည်တဲ့။ စန်းညွန့်အဖို့ ကံဆိုးသွားရာ မိုးလိုက်လို့ရွာ ဖြစ်ခဲ့လေပြီကော၊ ပထမ အိမ်ထောင်တုန်းက လူလူချင်းကွဲကွဲခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအိမ်ထောင်ကျပြန်တော့ ဒေသမင်းခွဲ၍ ဒေသကွဲကွဲ ခဲ့ရပြန်လေပြီ။

အိမ်ထောင်ရေး ကံခေလွန်းလှသော စန်းညွန့်အဖို့ ရှေ့ခရီးကို ကလေးနှစ်ယောက်နှင့် ဘယ်လိုများ လျှောက်လှမ်းရလှမလဲ။

ကျွန်တော် တတိယအကြိမ်မြောက် ပြန်ခဲ့သောအခါ စန်းညွန့်ကို မျက်နှာသာမက လူတစ်ကိုယ်လုံးပါ နွမ်းဖတ်လျက်တွေ့ရသည်။ ကောင်းလှနှင့်ရသည့် သားတလေးလည်းမွေးနေပြီ။

'ဒါကြောင့် အိမ်ထောင်ရေး ကံခေလွန်းလှပါတယ်ဟာ။ နောက်ထပ် အိမ်ထောင်ပြုဖို့ တကယ်ကြောက်သွားပါပြီ။ ပြုချင်စိတ်လဲ လုံးဝမရှိတော့ပါဘူး။ ဒီသားကလေး နှစ်ယောက်နဲ့ပဲ ကြုံရာကျဘမ်း လုပ်ကိုင် စားသောက်သွားတော့မယ်'

သူမျက်ဝန်းမှာ မျက်ရည်တို့ဝေသီနေပါသည်။

'ကောင်းပါတယ် စန်းညွန့်ရယ်၊ နင်ဒီသားကလေး နှစ်ယောက်ကို ပြုစုပျိုးထောင်ပါ။ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမပါ'

'ခုအချိန်မှာ နင်ပင်ပန်းဆင်းရဲနေပေမယ့် ဒီသားနှစ်ယောက် လူလားမြောက်လာတဲ့အခါ နင့်ဘဝအေးချမ်းသွားမှာပါ၊ နင့်သားတွေကို နင့်အားကိုးလို့ရသွားမှာပါ၊ နေပူပြီးရင် အရိပ်ရောက်လာရမှာပေါ့ စန်းညွန့်ရယ်'



ကျွန်တော့်မှာ စန်းညွန့်ကို အားပေးစကားတွင်တွင် ပြောရတော့သည်။

ကျွန်တော် ထောင်တွင်းကို ပြန်ရောက်ခဲ့ပြီးသည့်နောက်ပိုင်း စန်းညွန့်အကြောင်းကို ဘာမျှထူးထူးခြားခြား မကြားရပေ။

ကလေး နှစ်ယောက်နှင့် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်နေရသည်ဟုသာ ကြားနေရသည်။

ကျွန်တော့်မှာ စန်းညွန့်အတွက် ဘယ်တော့များ ဘယ်လိုဝမ်းသာစရာ သတင်းမျိုး ကြားလိုက်ရမလဲဟု ဆံယောင်ကြီးစွာ မျှော်လင့်နေမိသေးသည်။

ထီပေါက်သည်ဟုပဲ ကြားလိုက်ရ လေမည်လား၊ နောက် အိမ်ထောင်ပြုသွားပြန်ပြီဟုပဲ ကြားလိုက်ရလေမည်လား။ အိမ်ထောင်ပြုဖို့ တကယ်ကြောက်သွားပါပြီ။

အိမ်ထောင်ပြုချင်စိတ်လည်း လုံးဝမရှိတော့ပါဘူးဟု ပြောသော စန်းညွန့်ပြောဖူးသည်။

အိမ်ထောင်နှစ်ဆက် ပျက်ထားသော ကလေးနှစ်ယောက်နှင့် စန်းညွန့်ကို တော်ရုံတန်ရုံလူကလည်း လက်ထပ်ယူလိမ့်မည် မထင်ပါပေ။

သို့နှင့် ကျွန်တော်သည် ထောင်တွင်းမှ မုံရွာတစ်ဘက် ကမ်း အမှတ်(၁) ကြေးနီသတ္တုတွင်းသို့ တာဝန်ပြောင်း ရွှေ့ ထမ်းဆောင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘောက်ထွင်းမိုင်းတုန်းက ရွာမှ ဝန်ထမ်းများ၊ ရွာနီးချုပ်စပ်မှ ဝန်ထမ်းများ အသွားအပြန် အဆက်အသွယ် မပြတ်သဖြင့် ရွာ့သတင်းကို အမြဲလိုကြားနေရသည်။

ရွာသတင်းနှင့်အတူ စန်းညွန့် သတင်းကိုပါ ကြားနေရသည်။ အခုတော့ ကြေးနီသတ္တုတွင်းတွင် ရွာမှလူများ၊ ရွာနီးချုပ်စပ်မှလူများ မရှိသဖြင့် ရွာ့သတင်းကိုမကြားရ၊ စန်းညွန့် သတင်းကိုသည်း မကြားရ။

တစ်ခါတရံ မိဘများထံမှ စာလာတတ်သော်လည်း သူတို့အကြောင်းသာ ပါသည်။ ရွာ့အကြောင်း စုံစုံစေ့စေ့ မပါ။ စန်းညွန့်အကြောင်းဆို လုံးဝ မပါ။

ကြေးနီသတ္တုတွင်းတွင် တစ်နှစ်ကျော် တာဝန်ထမ်းဆောင်ပြီးနောက် ရွာကို စတုတ္ထအကြိမ်မြောက် ခွင့်ပြန်လာခဲ့သည့်တိုင် စန်းညွန့် သတင်းကို လုံးဝ ကြေား မသိရပါပေ။

( ၄ )

အံ့သြစရာ ကောင်းလွန်းလှပါ၏။

ဟိုမှာတုန်းက လုံးဝ မကြားရသော သတင်းကို အခု ရွာစဉ်လျှောင်စဉ်ချင်း ကြားရပါတော့သည်။



ကြားရသည့် သတင်းက စန်းညွန့် နောက်ထပ် အိမ်ထောင်ပြုပြန်ဆိုသော မင်္ဂလာသတင်း။ ကျွန်တော်ထင်မှတ်မထားသော သတင်း။

ကျွန်တော် ကို တွေ့သည့် ရွာက လူတွေက…

'သူငယ်ချင်း မင်္ဂလာဆောင်ကို မမီ လာတာလား၊ ဒီနေ့ ကိုအောင်မိုးနဲ့စန်းညွန့် လက်ထပ်ပွဲ ကျင်းပတဲ့ နေ့လေ'ဟု ဆီးပြောကြသည်။

'အိမ်ထောင်ပြုဖို့ကြောက်သွားပါပြီ၊ ပြုချင်စိတ်လည်း လုံးဝ မရှိတော့ပါဘူး' ဆိုသော စန်းညွန့် အစ်ယောက် တတိယအကြိမ်မြောက် အိမ်ထောင်သစ် ထူလိုက်ပြန်သေပြီတော။

သူ့အိမ်ကို ကျွန်တော် ရောက်သွားတော့ စန်းညွန့် မျက်နှာက ပြုံးစိစိ။

'ဘယ်တော့မှ အိမ်ထောင် မပြုတော့ဘူး လို့ ပဲကွာ၊ ခါပေမယ့် မောင်ဇာစ်ရှုရှိသော်ယည်း၊ လင်သား မရှိတဲ့ မိန်းမ မတင့်တယ် ဆိုသလိုမျိုးမို့'

'ကောင်းပါတယ်ဟာ'

မည်သို့ပင်ဖြစ်စေ…၊ သူငယ်ချင်း စန်းညွန့်အတွက် ပင့်အက်ချနိုင်စရာကိုစွမို့ သူ့အိမ်ထောင်ပြုခြင်းကို သဘောတူသလိုမျိုး ပြောလိုက်ရတော့သည်။

သည်တစ်ခါတော့ စန်းညွန့်တို့ အိမ်ထောင်ရေးကို သူလှချင်းတလည်း မခွဲပါစေနှင့်။ ရှင်သေမင်းလည်း။

www.burmeseclassic.com

www.burmeseclassic.com



မခွဲပါစေနှင့်၊ အိုအောင် မင်းအောင် ပေါင်းသင်းကြရပါစေ’ဟု ကြွတ်၍ ဆုတောင်းလိုက်မိသည်။

သို့သော် လောကဓံက မျက်နှာသာ မပေးသော စန်းညွန့်အတွက် ကျွန်တော် ဆုတောင်း မပြည့်ခဲ့ပြန်ပါပေ။ သူတို့ အိမ်ထောင်သည် တစ်နှစ်ပြည့်အောင်ပင် မတည်မြဲလိုက်။

ကျွန်တော် ကြေးနီသတ္တုတွင်းကို ပြန်ခဲ့ပြီး ဆယ်လလောက် ကြာသောအခါ လူလူချင်းကလည်း မခွဲ၊ ရှင်သေခြင်းကလည်း မခွဲပါဘဲနှင့် ကိုအောင်မိုက သူ့အလိုလို အိမ်ပေါ်မှ ဆင်းသွားသဖြင့် လင်မယား ကွဲကြပြန်ပြီဟု ကျွန်တော့်ဆီ အလည် လိုက်လာသော အမေက ပြောပြသဖြင့် သိရပြန်တော့သည်။

စန်းညွန့်သည် လေလီ ဖောက်ပြား နေသော မိန်းမလေး တစ်ယောက်လည်း မဟုတ်၊ စိတ်သဘောထား ကောက်ကျစ်စဉ်းလဲသော မိန်းကလေးတစ်ယောက်လည်း မဟုတ်။

ကိုယ့် စိတ် နှလုံး သုံးပါး ကြမ်းတမ်းနေသော မိန်းမလေး တစ်ယောက်လည်း မဟုတ်။

သို့ပါလျက် အိမ်ထောင်ရေး အကြိမ်ကြိမ် ပြိုကွဲနေရခြင်းမှာ လောကဓံ၏ ဖိနှိပ် ရိုက်ပုတ်ခံရခြင်း သက်သက်သာလျှင် ဖြစ်သည်ဟု ပြောရပေတော့မည်။ ထိုမှအစ်ပါး အခြားလည်း ရှာမယ်ဖွဲ့စရာ ရှိတော့မည် မထင်ပါပေ။



လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စွဲနှစ်စွာ ကြိုက်နှစ်သက်ခဲ့သည်ကို ဆိုသော...

‘လောကဓံ၏ ရိုက်ပုတ်ခြင်း ဒဏ်ရာ ဒဏ်ချက်တို့ကြောင့် ငါ၏ ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီပြီ၊ သို့သော် ညွတ်ကား မညွတ်’ ဆိုသည့် အိုဟင်နရီ၏ ကဗျာကို ကျေးတောသူမလေး စန်းညွန့် ကြားဖူးလိမ့်မည် မဟုတ်။

လောကဓံ၏ ရိုက်ပုတ်ခြင်း ဒဏ်ရာ ဒဏ်ချက်တို့ကြောင့် စန်းညွန့် တစ်ယောက် ဦးခေါင်း ညွတ်သွားရှာပေတော့မည် ထင်သည်။

( ၄ )

ကျွန်တော် ပဉ္စမအကြိမ်မြောက် ရွာကို ခွင့်ပြန်လာခဲ့သောအခါ စန်းညွန့်ကို စိတ်ဆွေး ကိုယ်ကျေရှုံမျိုးဖြင့် အပြုအပြင်ကင်းမဲ့လျက် အရွယ်ထက် ရင့်ပြီး အိုမင်းစွာ တွေ့ရလိမ့်မည်ဟု အတပ်သိနေခဲ့သည်။

ကျွန်တော် ရွာကို ခွင့်ပြန်ခဲ့သော အကြိမ်တွေကို ပြန်လည် တွက်ချင့်ကြည့် လိုက်တော့လည်း ယခု တစ်ကြိမ်သည် စန်းညွန့်ကို စိတ်မချမ်းမြေ့စရာ တွေ့ရမည့် အလှည့် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ် ရွာကို ခွင့်ပြန်ခဲ့စဉ်က စံဒေါင်းနှင့် ကွဲနေသဖြင့် စန်းညွန့်ကို စိတ် မချမ်းမြေ့ စရာ တွေ့ခဲ့ရသည်။

ဒုတိယအကြိမ် ခွင့်ပြန်သောအခါ ကောင်းလှနှင့်အိမ်ထောင်ကျနေသဖြင့် စိတ်ချမ်းမြေ့စရာ တွေ့ရပြန်သည်။

တတိယအကြိမ် ခွင့်ပြန်တော့ ကောင်းလှဆုံးပြီး ဖြစ်နေ၍ စိတ်မချမ်းမြေ့စရာ တွေ့မြင်ရပြန်၏။

စတုတ္ထအကြိမ် ခွင့်အပြန်တွင် ကိုအောင်မိုးနှင့် အိမ်ထောင်ကျနေပြန်မှု ဖြစ်၍ စိတ်ချမ်းမြေ့စရာ တွေ့ရပြန်သည်။

ကျွန်တော် ရွာပြန်ခဲ့သော အကြိမ်များတွင် စန်းညွန့်ကို စိတ်မချမ်းမြေ့စရာနှင့် စိတ်ချမ်းမြေ့စရာ အဖြစ် တစ်လှည့်စီ တွေ့နေခဲ့ရသည်။

သည်သဘောအရ ဆိုလျှင်လည်း ယခု ပဉ္စမအကြိမ် ခွင့်ပြန်သောအခါ၌ စန်းညွန့်ကို စိတ်မချမ်းမြေ့ စရာ တွေ့ရမည့် အလှည့် ဖြစ်နေပြန်ပေသည်။

သူ့ကို စိတ်ချမ်းမြေ့စရာ တွေ့ရမည် ဖြစ်စေ၊ စိတ်မချမ်းမြေ့စရာ တွေ့ရမည် ဖြစ်စေ ရွာကို ရောက်မှတော့ သူငယ်ချင်းမို့ စန်းညွန့်အိမ်ကို ရောက်အောင် သွားရပေတော့သည်။

'စန်းညွန့်ရေ...'

'ဟော... မြို့သားကြီး၊ လာလေ'

'ဟင်...'



'အဟုတ်ရုပ်ဖြင့် အပြုံးအပြီး 'ကင်းမဲ့လျက် အရွယ်သက်ပြီး အိုမင်းစွာ တွေ့ရလိမ့်မည်ဟု ထင်ထား ခဲ့ သော စန်းညွန့်ကို သနပ်ခါးအဖွေးသား လိမ်းပြီး ရွှင်ရွှင်ပျပျ ဖြစ်နေသည်ကို တွေ့လိုက်ရ၍ ကျွန်တော် အံ့ဩသွားသည်။

စန်းညွန့်ကလည်း ကျွန်တော့် အံ့ဩမှုကို သတိပြုမိလိုက်ဟန်တူပါ၏။

'ဘာတုန်း၊ နင်က ငါ့ကို လင်ပူမီပြီး မျက်ရည်အစမ်းစမ်းနဲ့ မတွေ့လို့ အံ့ဩသွားတာလား၊ ဟင်း...ဟင်းဖိုလှီး ရင်ကြွ၊ ထီးလှီးရင်ချ သတဲ့၊

'ပထမလင်ယူတော့ လူလူချင်း အခွင့်ရလို့ ကွဲတယ်၊ ဒုတိယလင်ယူတော့ ရှင်သေမင်း အခွင့်ရလို့ ကွဲတယ်။

'တတိယလင်ယူတော့ သူ့ဟာ သူ အိမ်ပေါ်က ဆင်းသွားလို့ ကွဲတယ်။

ဒီတစ်ခါ လင်ယူရင် ဘယ်နည်းနဲ့ ကွဲဦးမတုန်း၊ ကွဲစမ်း၊ ကွဲချင်သလောက် ကွဲသိုက်စမ်း၊

'ဒီလင်တစ်ယောက် ကွဲရင် ဟိုလင်တစ်ယောက် ထပ်ယူမယ်၊ ငါ နောက်ထပ် လင်ကို ယူဦးမှာကွ သိလား'

စန်းညွန့်စကားကို ကြားလိုက်ရသောအခါ ကျွန်တော် ပို၍ အံ့ဩသွားပြန်သည်။

မြတ်စွာဘုရား၊ မည်သို့ ဖြစ်လေသနည်း၊

ဖောက်လီဖောက်ပြန်မှု မရှိခဲ့သော စန်းညွန့် စိတ်ဓာတ်ထား ဖြူစင်အောင်ခဲ့သော စန်းညွန့် ကိုယ်နှုတ်

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသုံးပေါင်းအစစ ယဉ်ကျေး သိမ်မွေ့ခဲ့သော စန်းညွန့်။

အခုတော့ မကြွားဝံ့ မနာသာလောက်အောင် နှုတ်ထွက် စကားတွေ ကြမ်းတမ်း ရိုင်းပျနေပြီလေ။

အဆယ်တော့ မလာအစ သည် သူ့ကအောက်ထက် ထူးခြားပြီး မဆိုးရွားခဲ့သော စန်းညွန့်ကို ကျိုးနွံသလောက် မိုကျိုးနွံလာအောင် အဖန်တလဲလဲ ထုဆောင်း ရိုက်ပုတ် ဆုံးမခဲ့ပုံရ၏။

ဘိုးဆော် စန်းညွန့်သည် ပိုပြီး ကျိုးနွံနေသည့်အပြင် နူကိုထက်ပင် ခေါင်းမာ ခက်ထန်လာချေပြီလေ။

ရောဂါတစ်ခုကို ပျောက် ကင်း အောင် ကုသသည့် အခါမှာပင် သို့ဆပ်သလောက်သာ ဆေးပေး ရသည့်ပဲ၊ ရောဂါနှင့် မဆန့်အောင် အလွန်အကျွံ ဆေးပေးလို့ မရနိုင်သလိုပဲလေ။

* * *

# လူးတေ ၇

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

( ၁ )

နတ်တော်လ၏ ညနေခင်း အခါလေး တစ်ခုမှာ ဖြစ်၏။ အဝေးပြေး ကားကြီးပေါ်မှ ဆင်းလိုက်သော ကျွန်တော့်ကို ဆောင်းဦးတုန်းက အေးမြမှု တွေ့ရှုလိုက်သည်။

ဒေသနှင့် အဆည်း သင်းပျံ့စွာ ပေါ်လိုက်၏။ အားပေါ် တုန်းက ကျပ်ညပ်နေသော လူငွေ့ဖြင့် အိုက်လှောင်နေခဲ့မှုတို့ ချက်ချင်း ပျောက်သွားသည်။

အေးညှင်းနှင့် ကြောင့် ခေါင်းနောက်နေမှု တို့သည်လည်း ကင်းစင်သွားသည်။

ကိုယ့်ဇာတိ ကိုယ့်ဒေသ၏ တွေ့ထိမှု သင်းပျံ့မှုတို့သည် ကျွန်တော့်ရင်ကို ယနေ့တိုင် အေးမြ ထန်းဆက်နေနိုင်ဆဲ ပါလားနော။

သို့ကြောင့်လည်း အလုပ်အားလပ်ကြောင့် နှစ်ပေါင်းများစွာ ခွဲခွာနေရသော ကိုယ့်ဇာတိ ရွာလေးဆီသို့ အခါအားလျော်စွာ အလည်ပြန်လာ ဖြစ်နေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နတ်တော်လဆန်းစ ဆောင်းချမ်းလထဲမှာ တစ်ခေါက်တစ်ခါ ရောက်လာခဲ့ရပြန်လေပြီ။

ကျွန်တော်သည် ကားပေါ်မှ ဆင်းပြီးနောက် ကားလမ်းမနှင့် နှစ်မိုင်ခန့် ဝေးကွာနေသော ဇာတိရွာကလေးဆီသို့ လူသွားလမ်း အလျားအတိုင်း ခရီးဆောင်အိတ်ကို ဆိုးလျက် လျှောက်လာခဲ့သည်။

လမ်းလျှောက်လာရင်း နေသာသောအခါတစ်ခွင်ကို မျှော်ကြည့်လိုက်တော့ မြူမဲ့ဖော်ပြီးစ မြေကွက်လပ်နီရဲရဲများ၊ ဝါဝင်းဝိုင်းစိမ်းညိုညိုများ၊ ပြောင်းခင်း ညိုမှိုင်းမှိုင်းများ၊ လူးခင်းဝါလက်လက်များ စသည်ဖြင့် အရောင်အသွေးစုံစွန်းကွက်နေသည်။

အများသောအားဖြင့် မှည့်ရွှင်းစ ဝါလဲ့လဲ့ လူးခင်း လူးတောကြီးတွေကို မျက်စိတဆုံး တွေ့ရသည်။

အနေရှေ့ရှေ့လျှောက်လာ၍ ရွာဘက်သို့ တစ်ဖိတ်ကျော် နီးလာသောအခါ ကျွန်တော် ခြေလှမ်းတွေ နှေးဖင့်လာသည်။ လမ်းလျှောက်ကျင့်နည်းပါးခဲ့၍ ခြေက အစ်မြို့တီ ထိုင်နားချင်လာသည်။

ယာပြင်ကျယ်ကြီး တစ်ကွက်ထဲမှ မန်ကျည်းပင်ရိပ် အရောက်တွင်တော့ ကျွန်တော် ထိုင်နားပစ်လိုက်သည်။

ဪ... ကျွန်တော် အမှတ်တမဲ့ ထိုင်နားလိုက်သော ဤမန်ကျည်းပင်ကွက်သည်။ စိုးတင့်တို့ ယာ ဖြစ်နေမပါ ရော့လား။



ယာကွက်ကြီးသည် လူးရိတ်ပြီးစ ပူပူနွေးနွေး ကွက်လပ်ကြီး ဖြစ်နေသည်။ လူးလှိုင်းစည်းများပင် စုပုံမသိမ်းဆည်းရသေး။

ထုပေါင်းများစွာသော လူးလှိုင်းစည်းတို့ ငြိမ်သက်စွာ တန်းစီလဲလျောင်း၍ အိပ်ပျော်နေကြသည်။

လူးလှိုင်းစည်းတွေကို မြင်တော့ ကျွန်တော်တို့ငယ်ငယ် လူပျိုပေါက်ဘဝ ရွာမှာ နေစဉ်က လူးရိတ်ခဲ့ရတာကို အမှတ်ရသည်။

ဆည်ယာကွက်ထဲမှာပင်လည်း ကျွန်တော်တို့ လူးရိတ်ခဲ့ဖူးသေးသည်ပေ။

ထိုစဉ်က ဆည်ယာကွက်ကြီးထဲ၌ ဖြစ်ပွားသွားခဲ့သော ဇာနန်းမှု ငိုပကွဲအားလားတစ်ခုကိုလည်း မျက်စိပေါ်ထင်ထင် ကြုံတွေ့ခဲ့ရတာ သတိရမိသေးတော့သည်။

( ၂ )

အဲသည်နေ့ မနက်က ခါတိုင်း ဆောင်းရက်မိုးလင်းစ တော့လို့ပင် နှင်းများ ထူပိန်းစွာ ကျနေခဲ့သည်။

ရွာထဲရှိ သစ်ပင်ကြီးတွေကိုပင် ပီပီပြင်ပြင် မမြင်ရ။ နှင်းဖွေးဖွေးကြားက အရိပ်မည်းကြီးတွေ ဖြစ်သော တွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မျှ အချိန်စောစီးခနေခဲ့အားသည့်တိုင် ကျွန်တော်တို့မှာ ယာတောသွားတော့၏ စုရုံမြစ်သော ရွာတံခါးဝကို စုရုံးရောက်ရှိနေကြရပြီ။

ဒေါ်မြင့် ယာကို လူးရိတ်လိုက်ရမည်မို့ သူများ ယာထွေထက် ဝိရိယအောင်းစွာ ထွက်လာခဲ့ရခြင်းဖြစ်၏။

ကျွန်တော်တို့ ရွာတံခါးကို ရောက်တော့ ယာရှင် ဒေါ်မြင့်မင် မလာသေး။ သူ့မလာခင် ကြိုရောက်ထားနှင့် စာလှည့်နေကြောင်း ပါ၏။

ဒေါ်မြင့်မှာ ပစ္စည်းချမ်းသာသောတော် သောဘာကြီး သည်။ လူတစ်ပါးသား အပေါ် စေနာဖြုးမမှု ဆင်းသည်။

သူ့ယာအငှားလိုက်သူတွေကို အများယာထက် စောစောင် ခေါ်သွားတတ်ပြီး အပြန်ကျလျှင်လည်း သူများယာထက် နောက်ကျမှ ပြန်လွှတ်တတ်သည်။

သူ့ယာဆိုလျှင် တော်ရုံအနှံ ရှိ လူငှားမလိုက်ချင်ကြ။ သူနှင့်ကြုံးမြည် မရောင်းနိုင်သူများသာ လိုက်ကြသည်။

ကျွန်တော်တော့ ကျွန်တော်ယာတွင်းလူးရိတ်သည့်နေ့က ဒေါ်မြင့်၏သား မိုးတင့်ကိုခေါ်သုံးမိသဖြင့် လက်စားပြန်ချေဖို့ လိုက်လာခြင်းဖြစ်သည်။

ယခု ဒေါ်မြင့်ယာကို လူးရိတ်မည့် အုပ်စုထဲတွင် ကျွန်တော်လိုပင် လက်စားလိုက်ချေသူတွေ သာများသည်။

ကျန်သည့်လေးငါးယောက်က ဒေါ်မြင့်ဆီတွင် ငွေယူရှိ၍ လုပ်အားဖြင့်ချေရန် လိုက်လာသူတွေဖြစ်သည်။



သူ့ဆီတွင်းငွေယူမရှိဘဲ အငှားလိုက်လာသူဆိုလို့ မိကြည် တစ်ယောက်သာ ရှားရှားပါးပါး ပါ၏။

ကျွန်တော် မိကြည်ကို ထူးဆန်းစွာ ကြည့်လိုက်မိသည်။ ဘယ်တုန်းကမှ ဒေါ်မြင့်ယာကို အငှားမလိုက်ဘူးသော မိကြည်တစ်ယောက် သည်နေ့လိုက်လာပုံ တော်တော် ထူးခြားမှုရှိနေပြီလား။

မိုးတင့်အချစ်ကို မိကြည်လက်ခံပြီးလား။ မိုးတင့်က မိကြည်ကို သဘောအကျကြီးကျသော တကြိုကြိုလိုက်ပြော နေသည်ကို ကျွန်တော်သိထားသည်။

ယခုနေ့ ဒေါ်မြင့်ယာကို အငှားမလိုက်စဖူး အလိုက်ထူးသောသည့် မိကြည်သည် ယနေ့ပဲခါး ခပ်ပါးပါးကလေး လိမ်းထား စိတ်လိုလက်ရ အလှပြင် လာလိုက်သေးသည်။

အကျိုလုံချည်ကလည်း ယာတော သွားတစ်ယောက်အတွက် သစ်လွင်လွန်းနေသည်။

'ဒီနေ့ နင်တယ်လှနေပါလား မိကြည်'

ကျွန်တော် မိကြည်အနီးကပ်ပြီး အချိုအချဉ်မျက်နှာနှင့် ပြောလိုက်သည်။

'တော်စမ်းပါဟာ'

မိကြည်က အကြောင်းသိ ကျွန်တော့်ကိုရှက်အမ်းအမ်း ပြန်ပြောသည်။

ထိုစဉ် ဒေါ်မြင့်ရောက်လာသ၏။

'ငါ့ယာလိုက်မယ့်လူတွေ စုံကြပြီလား'

'မစုံသေးဘူး၊ ကြီးလှခင်ကျန်သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်အနေးကို တစ်ယောက်ဝင်နေဖြသည်။

'ဒီမိန်းမကြီး ဒီလိုနောက်ကျ အချည်းပဲ'

ဒေါ်မြင့် မကျေမချမ်းရေရွတ်ပြီးနောက် သူရေရွတ်နေ တုန်းမှာပင် ကြီးလှခင် ရောက်လာသည်။

'ဒေါ်လှခင်၊ ငွေကြိုယူတုန်းကတော့ ချောလို့ချောလို့ အချကျတော့ မလိုက်ချင်သလို လိုက်ချင်သလိုနဲ့ အခု ဘယ်အချိန်ရှိပြီတုန်း'

'ဒီလိုမဟုတ်ပါဘူး မမြင့်ရယ်၊ မြေးကလေး ဖျားတာနဲ့ အားရှာလိုက်နေရလို့ နည်းနည်းနောက်ကျ သွားတာပါ'

'ပြောလိုက်ရင်တော့ ဆင်ခြေချည်းပဲ၊ လာ — သွားကြ မယ်'

ဒေါ်မြင့်က မြင်းအိုးမေါက်သလို အတွတ်တွတ်ရေ ရွတ်ရင်း ရှေ့မှထွက်သွားသည်။ ကျွန်တော်တို့လည်း သူ့ နောက်လိုက်ခဲ့ကြ၏။

ဒေါ်မြင့် ယာသွားရာလမ်း တစ်လျှောက်တွင် နှင်း ရွဲနေသည့် ညိုမှိုင်းမှိုင်း ပြောင်းခင်းတောတော၊ ဝါလက် လက်လှုံးတောတော့ကို တိုးဖြတ်သွားရ၍ တစ်ကိုယ်လုံးရွဲရွဲ စိုလာသည်။

ချမ်းလျှင်မြေချီး နှင်းတောတိုး ဆိုသည့်စကားသည် ကျွန်တော်တို့ကို ပြောင်လှောင်ပြောဆိုသည့် စကားများ ဖြစ်လေရော့သလား။



ကျွန်တော့်မှာ ချမ်းနေသည့် ကြားထဲမှာပင် လူအုပ် နောက်မျှားမှ လိုက်နေသောမိကြည်ကို တိုးတိုးလေးကပ် မေးချင်စိတ်ဖြစ်လာသည်။

'စိုးတင့်အချစ်ကို နှင်လက်ခံလိုက်ပြီလား မိကြည်'

'သွားစမ်းပါဟာ၊ ဘာမှန်းလဲမသိဘူး'

'ပါကတကယ်သိချင်လို့ မေးတာပါဟ၊ ကိုယ့်သူငယ် ချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ'

'စဉ်းစားနေတုန်းပဲ'

မိကြည်က တခြားလူတွေ ကြားသွားမှာ စိုး၍ထင် သည်။ တိုးတိုးတိတ်တိတ်ပင်ပြော၏။

မိကြည်စကားကို ယုံပါသည်။ သူ အမှန်တကယ်ပင် စဉ်းစားနေတုန်းပဲဖြစ်လိမ့်မည်။

မိကြည်မှာ အဖေမရှိ၊ အမေမရှိ။ အမေ့ဘက်မှ ဆောင် သူအဘေကြီးနှင့် နေရသည်။ ယာမြေ ချောင်းမြေမရှိ၊ ပစ္စည်းဥစ္စာနတ္ထိ။

သူများယာ အငှားလိုက်စားမှ စားရသူ။ သို့သော် မိကြည်လိမ္မာယဉ်ကျေးသည်။ ဗိုင်းအောင်းကျောက်ဖိ နေ တတ်သည်။

အနေအထိုင်အပြောအဆိုနှင့် ပတ်သက်၍ သူ့လက်ညှိုး ထိုးမှုမခံရ။ ကိုယ်ချင်းစာနာစိတ်လည်း အပြည့်ရှိသည်။

ပြီးတော့ မိကြည်လှသည် သူ့ပိုင်ပစ္စည်း မရှိပေမယ့် သည်လိုသူမို့ အရည်အချင်းရှိ၍ သူ့ကိုစိုးတင့်ကြိုက်နေတာ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးအောင်ကတော့ ယာမြေချောင်းခြေ ကျယ်ဝန်းသည်။ မစ္စည်းဥစ္စာ ကြွယ်ဝသည်။ သူ့ယာမှာ လူငှားစွာခေါ် စိုင်းနိုင်သူ။

သို့သော် စိုးအောင်သည် သူ့အားမလိုပေ၊ မစ္စည်းဂုဏ် တလေးမြောက်ချင်သည်။ လူတစ်ဘက်သားအပေါ် ဆက်ဆံရာတွင်တော့ ဒေါ်မြင့်လောက် မဆိုးဟုဆင်သည်။

ထိုသို့သော စိုးအောင်ကိုလက်တွဲလိုမြစ်ပါမည်လားဟု မိကြည် အချိန်ယူ စဉ်းစားနေပေလိမ့်မည်။ ပြီးတော့ ဒေါ်မြင့်ကို လည်း မဖြစ်မနေ ထည့်တွက် စဉ်းစားနေရပေလိမ့်မည်။

ဒေါ်မြင့်ယာခင်းကို ရှောက်တော့ နေလုံးပင်အကောင်း ကောင်းကောင်းမပေါ်သေး။

ကျွန်တော်တို့ ကိုယ်ပေါ်မှ အဝတ်တွေကို ညစ်ယူလို့ လောက်အောင် နှင်းရည်တွေ ရွှဲရွှဲစိုနေသည်။

သို့သော် ဘယ်သူမှ ညစ်ချမနေကြ။ ဒေါ်မြင့် မျက်နှာ သေတင်းတင်းကြီးကို မကြည့်ချင်သဖြင့် နောက်လျှောက် ခြင်း ရင့်မှည့်အိတွဲနေသော လူးပင်တွေကို ရိတ်ကြ သည်။

ဒေါ်မြင့်ကလည်း ကျွန်တော်တို့နှင့်အတူ ဝင်ပြီး ဦး ဆောင်ရိတ်သည်။ ကျွန်တော်တို့မှာ ယာရှင်ဒေါ်မြင့် လောဘကြီးစွာ အားသွန် ရိတ်နေသောကြောင့် မြန်မြန် သွက်သွက်လက်လက် ရိတ်နေကြရသည်။ တစ်ချက်ကလေး မျှ ခါးမဆန့်ရ။



ကျွန်တော်တို့ ကျွဲကော်ပန်းတောင်နယ် တစ်ဝိုက်တွင် ဆန်စပါးမထွက်သဖြင့် ဒေါ်မြင့်တို့လို တောင်သူတွေ မှာ လူးကိုသာ အားခဲစိုက်ပျိုးကြသည်။

ဆန်းစပါးအစား လူးဆန်ကိုစားကြရသည်။

စပါးဆန်ကိုကား ဘုန်းကြီးရဟန်းအတွက် ဧည့်သည် ခေါင်းသည်အတွက်ပဲထားကြသည်။

ထို့ကြောင့် လူတစ်ယောက်အတွက် နှစ်ပတ်လည်စား လူးဆယ်တင်းနှုန်းဖြင့် မိသားစု ငါးယောက်ရှိလျှင် လူး အတင်းငါးဆယ်ရအောင် ကြိုးစားစိုက်ပျိုးကြသည်။

ဒေါ်မြင့်တို့မှာ သူ့သားစိုးတင့်နှင့်အား အမိနှစ်ယောက် သာရှိသော်လည်း သည်နှစ်လူးအတင်း ငါးဆယ်အောက် မလျှော့။

ပိုသည့်လူးကိုတော့ မြေမရှိ၍ လူးမစိုက်ပျိုးရသူတွေကို ရောင်းရပေလိမ့်မည်။ ထိုသူများအဖို့လည်း စပါးဆန်ထက် ဈေးအက်သာပြီး အစားပိုခံသည့် လူးကို ဝယ်စားကြ လိမ့်မည်။

လူးကို မိုးသီးနှံများအသိမ်းပြီး သီးထပ်အဖြစ်စိုက်ပျိုးရ သည်။ တော်သလင်းလဆန်းတွင် စိုက်ပျိုး၍ နတ် တော်လလောက်တွင် ရိတ်သိမ်းရသည်။

လူးပင်သည် စပါးပင်အမျိုးအနွယ် တစ်ခုပင်၊ မရင့် မှည့်မီ စိမ်းမြရောင်ပြေး၍ ရင့်မှည့်လျှင် ရွှေဝါရောင် ပြောင်းလာသည်။ အနံ့ကလည်း စပါးနံ့လိုပင် သင်းပျံ့ လိုက်တွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစိတ်အကျဲညီစွာဖြင့် ကြည့်၍ကောင်းသေးတော့ လူး
လှိုင်းစည်းရာတွင် စပါးလှိုင်းစည်းလို သူ့လူးပင်နှင့် သူ့
အုံကြိုး (စည်းကြိုး) လုပ်၍စည်းရသည်။

လူးလှိုင်းတွေကို ရိတ်ပြီးလျှင်ပြီးချင်း စုပုံမသိမ်းဆည်း
ရပေ၊ နေလှန်း၍ ခြောက်သွားအောင် လေးငါးရက်လောက်
သည်အတိုင်းပစ်ထားရသည်။

လူးက စပါးထက်တော့ အသုံးသေး၏။

စပါးလို လုံးရှည်ရှည်မဟုတ်။ ဆတ်လို လုံးဝိုင်းဝိုင်း
အစေ့လေးဖြစ်သည်။ စပါးဆန်လို စားမကောင်း၊ ကြမ်းရှရှ
နိုင်သည်။

ကျွန်တော်တို့ လူးရိတ်သမားတွေသည် ဒေါ်မြင့်ရွှေကာ
အားသွန် ရိတ်အလောက် နောက်မှ သွက်သွက်လက်ဖောက်
လိုက်ရိတ်နေရာဖြင့် ငန်းပက်လောက် ရိတ်ပြီးလျှင်ပင်
ချေးပြန်လာသည်။

မိကြည့်တို့ မိန်းမသားတွေမှာ ခေါင်းထောင် သိုင်းစည်း
ထားသည့် အဝတ်တွေကို ဖြုတ်ပစ်လိုက်ကြပြီး

ရိတ်ပြီးသား ငန်းနောက်ကို ပြန်ကြည့်လိုက်တော့ ရိုး
ပြိုက်ထဲတွင် လူးလှိုင်းစည်းကလေးတွေ တန်းစီလဲလျောင်း
နေကြသည်ကို တွေ့ရ၏။



အစိတ်အကျဲညီစွာဖြင့်ကြည့်၍ပင် ကောင်းသေးတော့
၏။ လူးလှိုင်းစည်းရာတွင် စပါးလှိုင်းစည်းသလို သူ့လူး
ပင်နှင့်သူ့အုံကြိုး (စည်းကြိုး)လုပ်၍ရသည်။

လူလှိုင်းတွေကို ရိတ်ပြီးလျှင်ပြီးချင်း စုပုံမသိမ်းဆည်း
ရပေ။ နေလှန်းပြီးခြောက်အောင် လေးငါးရက်လောက်
သည်အတိုင်းပစ်ထားရသည်။

လူးလှိုင်းစည်း မခြောက်မီ စုပုံ သိမ်းဆည်းလိုက်လျှင်
လူးဆန် အောက်တတ်သည်။ လူးနယ်ရာတွင်လည်း စပါး
နယ်သလိုပင် ဘော့လှည်းဖြန့်ကာ နွားဖြင့်နယ်ရ၏။

ဒေါ်မြင့် လူးခင်းသည် အပင်ကလည်း ကောင်း၊ လူး
ကလည်း ထူမို့ လူးလှိုင်းစည်း ထွက်လှ၏။ အနည်းဆုံး
လှည်း ဆယ်စီးတိုက်လောက်တော့ ရမည်။

လူးလှိုင်း လှည်းတစ်စီးတိုက်ကို လူးစေ့ ငါးတင်းနှုန်း
ထွက်သည်ထားဦး၊ လူး ငါးဆယ်ထွက်ဖို့ ဘယ်လိုမှ မပြေး
မလွတ်တော့။

ကျွိ-ကျွိ-ကျွိ

တစ်နေ့ ခေါက်ချိန်လောက် စိုးတင့်၏ လှည်း ယာထဲသို့
ရောက်လာသည်။ စိုးတင့်က လူးရိတ်သူတွေကို ကျွေးမွေးဖို့
လက်ဖက်သုပ်၊ ထန်းလျက်၊ ရေအိုးတို့ကို လှည်းဖြင့် ထင်
ဆောင်ပြီး ယာခုမှ လာခြင်း ဖြစ်သည်။

'အမေတို့ နွားတော့မှာလား၊ စားစရာတွေနဲ့ ရေအိုး
ယူခဲ့မယ်'

www.burmeseclassic.com

www.burmeseclassic.com

စိုးတင့်က လျှည်းဖြုတ်ရင်း ဒေါ်မြင့်ကို လှမ်းမေးသည်။

'နောက်တစ်နှီးပေါက်မှ နားမယ်၊ အဲဒါတွေ လှည်းပေါ်မှာ မဲထားလိုက်၊ ကျီးတာန်း ထိုးလှန်မပစ်နိုင်အောင် လည်း သေချာဖုံးဖိထားခဲ့'

ဒေါ်မြင့်က အနား မပေးသေးဘူး ဆိုသဖြင့် ကျွန်တော်တို့မှာ အလိုက်အသိ နောက်တစ်နှီး ပြန်ဝင်လိုက်ကြရသည်။

ထိုနှီးတွင်တည်း ဒေါ်မြင့်အမင် ဦးဆောင် ရိတ်သည်။ စိုးတင့်တစ်ယောက် လူးရိတ်ပြီး ခရီးပြတ်ထဲမှာ နွားစာသွားရိတ်သည်။

ကျွန်တော်က မိကြည်တစ်ယောက် စိုးသင့်ကို ကြည့်နေမလားဟု အကဲခတ်လိုက်သည်။ မိကြည်သည် စိုးတင့်ကို လုံးဝ လှည့်မကြည့်။

လူးကိုသာ တွင်တွင် ဖိရိတ်နေ၏။ စိုးတင့်အတော့ နွားစာရိတ်ရင်း သူ့အမေ ဒေါ်မြင့်မမြင်အောင် မိကြည်ကို ခိုးခိုးကြည့်နေသည်။

'ဟယ် ဖားကျစ်စို့ကလေး၊ ချဉ်ပေါင်ရွက် အချဉ်ပြေရောရအောင် နှိုက်လိုက်ဦးမယ်'

သည်အခိုက် ဒွေးရီက လူးရိတ်ရင်း ဖားကျစ်စို့ကို မြင်သဖြင့် မအောင့်နိုင်ဘဲ ပြောလိုက်သည်။

'ဟဲ့ကောင်မ… လူးရိတ် လိုက်လာတာ လူးမဲ ရိတ်၊ တခြား အာရုံမများနဲ့'

ကြည့်မေး၊

သည်ကိစ္စကလေးသောက်ကိုပင် ဒေါ်မြင့်က အားမနာသလုံမကျိုး ပြောရက်လေပြီ။

မိကြည်သည် ဒွေးရီအစား ကြားထဲမှ စိတ်မျက်သွားပုံရ၏။ ဒေါ်မြင့်ကို ဆတ်ခနဲ မျက်စောင်းထိုး ကြည့်လိုက်သည်။

သည်လို လူတစ်ဘက်သားအပေါ် စာနာ ထောက်ထားမှုတရား ကင်းမဲ့ရှိသည်း သူ့သားစိုးတင့်ကို လက်ခံဖို့ မိကြည် အချိန် ကြာမြင့်စွာ စဉ်းစားနေရာ ဖြစ်မည်။ လက်ခံဖို့ မဝံ့ရဲတာသည်း ဖြစ်ကောင်း ဖြစ်နိုင်ပါ၏။

သို့ဖြစ်လျှင် ဒေါ်မြင့် ယာကို သူဘာကြောင့် လူးရိတ်အငှား လိုက်လာပါသနည်း။

သူမှာ ဒေါ်မြင့်ငွေသည်း ယူထားရှိသည် မဟုတ်ဘဲ။ သူ့အပေါ် ရက်ရှည်လများ တကျိကျိ ချစ်ခွင့်တောင်းနေရာ စိုးတင့်ကို အလွန်အမင်း မစိမ်းကားရက်စွာ လိုက်လျှောခြင်းပေလော။

သည်နေ့ လူးရိတ်လာရွာတွင် စိတ်လိုလက်ရ အလှမြင်လာခဲ့ပုံထောက်ရှု၍သည်း မိကြည်သည် စိုးတင့်ကိုလက်ခံဖို့ စလေး သာနေပြီလားဟု နားလည်ချင်မိသည်။

သို့သော်၊ လူးရိတ်နေချိန် တစ်လျှောက်လုံး စိုးတင့်ကို မိကြည် လုံးဝ လှည့်မကြည့်။ လူးပင်ကိုသာ စည်းချက်မှန်မှန် ရိတ်နေမြဲသည်။

www.burmeseclassic.com

www.burmeseclassic.com

'အား……'

သည့်တုန်းမှာ တစ်စုံတစ်ယောက်၏နာကျင်စွာ အော်လိုက်သံ ကြားရသည်။ ကျွန်တော် လူးရိတ်နေရာမှ ခေါင်းထောင် ကြည့်မိသွားသည်။

'ကြီးလှခင် လက်ကို တံစဉ်ထိသွားပြီ'

ကြီးလှခင် ဘေးမှကပ်လျက် လူးရိတ်နေသူ ဒေါ်ထွေးမက ပြောသည်။

ကျွန်တော် ကြည့်လိုက်တော့၊ ကြီးလှခင် လက်တွင် သွေးတွေ စီးထွက်နေ၏။

ကြီးလှခင်က တံစဉ်ထိသွားသော သူ့ဘယ်လက် လက်သူကြွယ်နှင့် လက်သန်းကို ညာဘက် လက်ဖြင့် ဆုပ်ကိုင်ထားသည်။

သွေးက အဆက်မပြတ်ယိုစီးထွက်ကျနေသဲ့ပင်၊ ထိခိုက်ရာမှာ လက်သူကြွယ်တွင် သိပ်မများ၊ လှသော်လည်း လက်သန်းတွင် များသည်။ အပေါ်အသား ပဲ့ထွက်သွားသော အရိုးပင် ပေါ်နေသည်။

'ကြီးလှခင် ထိုင်လိုက် ထိုင်လိုက်၊ မူးလဲသွားလိမ့်မယ်'

'ရော့ ရော့ မိကြည်၊ ဒီနာ သွေးတိတ်သွားအောင် ကြိတ်မှုန့်ရွက်ကို ချေပြီး အုံပေးလိုက်'

'ဟဲ့ ဒီနာကို ရေအရင်ဆေးလိုက်ပါဦး၊ ဒီမှာရေ'

'သွေးထွက်လွန်ပြီး မူးသွားမယ်၊ ဩဇာရွက် အရှူခိုင်းရအောင်၊ ခူးချေပါဟဲ့'



'အပ မမှိုအောင် ကြီးလှခင် ထသီတာလေး နည်းနည်းယူပြီး ခေါင်းပေါ် တင်ပေးလိုက်ပါလား'

'ဩဇာရွက် ရလာပြီ၊ ကြီးလှခင် မမူးအောင် ရှူလိုက်နော်'

ကျွန်တော်နှင့်မိကြည်အပါအဝင် လူးရိတ်သူ အားလုံး ကြီးလှခင်ကို တတ်သမျှ မှတ်သမျှ ဝိုင်းဝန်းပြုစုကြသည်။

ဒေါ်မြင့်နှင့် စိုးတင့်တော့ ဘာမှ ဝင်မလုပ်ပေး။

ကျွန်တော်တို့ ဝိုင်းဝန်းလုပ်ကိုင်ပေးသမျှကို မျက်နှာထားတင်းတင်းကြီးတွေနှင့်သာ ရပ်ကြည့်နေကြသည်။

သူတို့သားအမိသည် အိုကြီးအိုမ အရွယ်အထိ လူတွေနှင့်ပန်းတူ လုပ်ကိုင်စားသောက်နေရသော ကြီးလှခင်ကို စာနာထောက်ထား၊ မသနားသည့်အပြင် 'သင်းကြောင့် အလုပ် ပျက်ရတော့'ဟုပင် ငြိုငြင် နေကြပုံ ပေါ်သည်။

သည်အချိန်တွင်တော့ သူတို့သားအမိ၏ မျက်နှာထားတွေကို ဘယ်သူမှ ဂရုစိုက်မနေကြပါ။

ကြီးလှခင်ကိုသာ သွေးထွက်လွန်ပြီး မူးလဲမသွားအောင် အစွမ်းကုန် ပြုစုပေးနေကြသည်။

သွေး ကလည်း၊ ဆောင်းတွင်း နံနက်ပိုင်း ပေမယ့် လှုပ်ရှားမှု များထားတော့ အဆက်မပြတ်ထွက်နေသည်။

'ကဲ အလုပ်ဖြစ်တယ် ဒေါ်လှခင်၊ တော် မရိတ်နိုင်တော့ရင် ပြန်၊ ရိတ်မယ်ဆိုရင်လဲ ဆက်ရိတ်မယ်၊ တစ်ယောက်အတွက်နဲ့ အများ အလုပ်ပျက် မခံနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကြီးလှခင်၏ ဒဏ်ရာကို မိကြည် ပုဆိုးစုတ်နှင့် ချည်ပေးနေစဉ် ဒေါ်မြင့်က ဆက်လက် သည်းမခံနိုင်တော့ဘဲ ဒေါသ ရှုကြီး ပြောလိုက်သည်။

'သိပ်နာနေတယ် မြင့်ရယ်၊ ဆက်မရိတ်နိုင်လောက်တော့ဘူး'

'ဆက်မရိတ်နိုင်ရင် ပြန်၊ ဒီလောက် အချိန်ကလေးနဲ့တော့ နေ့တွက်ခ အခချမပေးနိုင်ဘူး'

'ရပါတယ်အေ'

ကြီးလှခင် စစ်ယောက် တံစဉ်ထိ၍ နာရသည့်အထဲ နှစ်နာရီစာ လုပ်အားခလည်း ဆုံးရှုံးရပြန်လေပြီ။

ကြီးလှခင်တို့လို လုပ်အားသက်သက် ရောင်းစားရသူတွေ အဖို့ အနာဘက်ကချည်း မဲလေ့ရှိသလား။

ကြီးလှခင်သည် အိမ်ပြန်ရန်အတွက် ဒဏ်ရာ မရှိသော လက်ဖြင့် ပုဆိုးပိုင်းနှင့် တံစဉ်ကို သိမ်းဆည်းသည်။ ပြီးတော့ ထမင်းထုပ်ကိုလည်း ယူရလိမ့်ဦးမည်။

အနာက ဖောင်းဖောင်း သွေးမတိတ်သေး။ နဂိုကမှ အာဟာရချို့တဲ့၍ ကိုယ်ခံအား နည်းရသည့်အထဲ အပြန် လမ်းမှာ မူးလဲနေမှဖြင့် အခက်။

ကျွန်တော် ကြီးလှခင်ကို လိုက်ပို့ပေးချင် နေမိသည်။ အငှားလိုက်လာသူသာ ဆိုလျှင် နေ့တွက်ခ အဆုံးခံပြီး လိုက်ပို့ချင်သည်။

ကျွန်တော့်မှာ အငှားလိုက်လာသူမဟုတ်။ ဆက်စား



ကျွန်တော့် ယာရှင် စိုးအင်က တစ်နေ့ကုန် လူ့ရိတ် လိုက်လာသည့်အတွက် ကျွန်တော်ကလည်း သူ့ယာကို တစ်နေ့ကုန်အောင် ရိတ်ပေးရလိမ့်မည်။

လက်စား ပြန်မချေဘဲ ငွေယူပါဟု ပြောလျှင်လည်း သူတို့က ငွေကြေး ပြည့်စုံသူတွေမို့ လက်မခံသည့်အပြင် ရန်ပင် ဖြစ်လိမ့်ဦးမည်။

ကျွန်တော်သည် စိုးအင့်ကို လှည့်ဖြင့် ဆိုက်ပို့လေ မလားဟု အကဲခတ်ကြည့်လိုက်သည်။ စိုးအင့်သည် လိုက်ပို့ဖို့ ဝေးစွ ကြီးလှခင်ကို မသတီကြည့်ပင် ကြည့်နေသေး၏။

'ကြီးလှခင်၊ ကျွန်မ ပြန်လိုက်ပို့ပေးမယ်'

သည်အခိုက် မိကြည်က စိတ်ထားမွန်မြတ်စွာ၊ စာနာ ပေးမစိတ်ဖြင့် ပြောလာသည်။

'ပို့ပါနဲ့ မိကြည်ရယ်၊ ကြီးလှခင် ပြန်နိုင်ပါတယ်'

'အို ဘယ်ဟုတ်မလဲ၊ ကြီးလှခင်က အသက်ကလည်း ကြီးပြီ၊ အနာကလည်း သွေးတွေ ထွက်နေတုန်း၊ ပြန်ရမယ့် ခရီးကလည်း လှမ်းသေး၊ လမ်းမှာ မူးလဲနေမှဖြင့် အခက်။ ကျွန်မ လိုက်ပို့ပေးမယ်'

'ဟော့ မိကြည် ညည်း လိုက်ပို့ပေးချင်ရင်ပို့၊ ပြန်လည်း မလာခဲ့နဲ့တော့။ တစ်ခါတည်း အပြတ် ပြောလိုက်မယ်။ နေ့တွက်လည်း မပေးနိုင်ဘူး'

ဒေါ်မြင့်က မိကြည်ကို ခပ်ထန်ထန် ပြောသည်။

'ရပါတယ်၊ ဒေါ်မြင့်'

မိကြည်ကလည်း ခပ်မြတ်မြတ်ပင် ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တံစဉ်၊ ထမင်းထုပ် စသည့် သူ့ပစ္စည်းတွေ သိမ်းအော ကြိုးလှခင်ကို လက်တွဲလျက် ယာခင်းထဲမှထွက် သွားသည်။

'ဆင်း၊ အိုကြီးအိုမနဲ့ ငွေအော့ ကြိုးယူထားပြီး သူများ တန်းတွေ မလုပ်နိုင်တဲ့အပြင်၊ အနောက်အယှက်အ ပေး သေး'

မိကြည်တို့ ယာအမြင်မရောက်မီ စိုးတင့်က မကျေမနပ် ရေရွတ်လိုက်သေးသည်။ မိကြည်ကတော့ နောက်ကြောင်း ပြန်လှည့်ကြည့်မနေ။

ရွာဆီသို့သာ ဖြောင့်ဖြောင့်တန်းတန်း ပြန်သွားသည်။

တစ်နေ့လုပ်မှ တစ်နေ့စားရသူအတွက်၊ တစ်နေ့လုပ်မှ တစ်နေ့စားရသူ အတူတူချင်းအသာ စာနာပေးမခဲ့လေပြီ။

ကံလုံ ကြွယ်ဝသူကတော့၊ စာနာ ပေးမဖို့ ခက်ခဲလှ သည်သာ။

ဤသည်မင် မိကြည်နှင့် စိုးတင့်တို့၏ စာနာမှု ပဋိပက္ခ ဖြစ်စေခြင်း အခြေခံအကြောင်းတရား ဖြစ်ခဲ့သည် ထင်



( ၃ )

သည်နောက်မှာတော့ စိုးတင့်နှင့် မိကြည်တို့ အဆက် အစပ် လုံး ပြတ်တော့တက် သွားကြသည်။ စိုးတင့်က အခြားအမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျသည်။

ယခုဆိုလျှင် သားသမီး လေးယောက်ပင် ပွားစည်း နေပြီ။ မိကြည်ကတော့ အပျိုကြီး တစ်ကိုယ်တည်းသာ ရှိသေး၏။

'ဟော ဘယ်သူများတုန်းလို့၊ ရွှေအောင်ကိုး'

သူ့အကြောင်းကို ထိုင်တွေးနေတုန်းမှာပင် တိုက်ဆိုင် လှန်းလှစွာ ယာတောမှပြန်လာသည့် မိကြည် ကျွန်တော့် အနီး ရောက်လာသည်။

မိကြည်သည် ပုဆိုးအိုတစ်ထည်ကိုခေါင်းပေါင်းလျက် မည်းမည်းဖဲကြီးနှင့် ထဘယ့် ယာသူမရုပ်ကြီး ပေါက် နေသည်။

ဆင်းရဲပင်ပန်းမှု ဒဏ်ကြောင့် အသက်အရွယ် ထက် လည်း ပိုမိုအိုစာနေသည်။

'ဟာ မိကြည်၊ နင် အသက်ရှည်ဦးမယ်'

'ဘာဖြစ်လို့တုန်းဟ'

www.burmeseclassic.com

'လူးခင်း လူးတောတွေကို ကြည့်ပြီး နှင့်အကြောင်း တွေးနေတုန်း နှင်ရောက်လာလို့'

'ဘာမှုလား၊ လူးခင်း လူးတောတွေကို ကြည့်ပြီး ငါ့ အကြောင်း တွေးနေလိုက်တော့ သုံးနိုင်မှာ မဟုတ်ဘူး ဒွေးတောင်ရဲ့ ငါတို့ရွာလေးလေးက နှင်တို့မြို့လို ပေါ်ဆန်း မစားနိုင်ဘူး၊ လူးဆန်ပဲစားနေရတာ နှင်မေ့သွားပြီလား၊ ဒါကြောင့် တို့ တစ်နယ်လုံး လူးစားကြီးတွေ ဟိုးထ နေအောင် အားခဲ စိုက်နေရတာပေါ့'

'ဟုတ်ပါတယ်ဟာ၊ ဒါနဲ့ နှင် ဘယ်သူ့ယာက မြန်နီလာ တာတုန်း၊'

'ဖိုးအေး ယာကို လူးရိတ် အငှားလိုက်ချေတာပါဟာ၊ လူးရိတ်က အပြန် ဟင်းသီး ဟင်းရွက် ခူးရင်း ဒီဘက် လျှောက်လာတာ။ အခု နှင် ရွာကို အလည်ပြန်လာတာ ပဲလား၊ အကြောင်းထူးရှိလို့လား'

'အကြောင်းထူး မရှိပါဘူး၊ အလည် ပြန်ခဲ့တာ ပါပဲ'

'သွားကြစို့လေ၊ ငါဘာကူသယ်ရဦးမတုန်း'

'ဘာမှ သယ်စရာ မပါပါဘူး၊ ဒီခရီးဆောင်အိတ်ပဲ ပါတာ'

'ပေး ပေး....၊ အဲဒီအိတ်ကို ငါရွက်ခဲ့မယ်'



မိကြည်က ပြောပြောဆိုဆို ကျွန်တော့် ခရီးဆောင် အိတ်ကိုယူပြီး ခေါင်းပေါ်ရွက်ကာ ရှေ့မှထွက်သွားသည်။ ကျွန်တော် သူ့နောက်လိုက်ခဲ့၏။

ဩော်...မိကြည်။

သူတစ်ပါးအပေါ် ကူညီချင်သည့် မိကြည်။

စေနာမှု အရေးတွေသာ ချမ်းသာသည့် မိကြည်။

တို့ တစ်နယ်လုံး လူးဆန်နှင့် မဆောင်နိုင်သေးသလို၊ နှင်လည်း ဟိုတုန်းကလိုပဲ လူးရိတ်အငှားလိုက်ပြီး ဘဝကို လူးလဲ ရုန်းကန်နေရဆဲပါလားလေ။

* * *

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# အဖေမဟုတ်သော အဖေ

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ကျွန်တော်တို့ရွာအနေအထားနှင့် လေးမိုင်ခန့်ဝေးကွာသည့် မင်းကံကျောင်း ဘုရားပွဲသို့သွားဖို့ အစ်ကိုကြီး ညွန့်အင်၊ အရိုးအုန်း၊ အရိုးအေးအောင်နှင့် ကျွန်တော်တို့ ရွာတံခါးဝမှ တိတ်ဆိတ်စွာထွက်လာခဲ့ကြသည်။

မင်းကံကျောင်းသည် အဘနှင့်အမေကြီးတို့ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဖြစ်သည်။

အဘသည် ကျွန်တော်တို့ ရွာသားစစ်စစ်မဟုတ်၊ မင်းတံရွာဇာတိဖြစ်၏။

ကျွန်တော်တို့ ရွာသူအမေကြီးနှင့် အိမ်ထောင်ကျရှိသော ကျွန်တော်တို့ရွာလေးမှာ အခြေချ နေထိုင်ခြင်းဖြစ်သည်။

သည့်နောက် သားသမီး ငါးယောက် ပွားစီး၍ စီးပွားရေးလည်း အသင့်အတင့် တောင့်တင်းလာခဲ့သည်။

www.burmeseclassic.com

 www.burmeseclassic.com

ထိုအခါအဘအ သူ့ဇာတိမင်းကံရွာသူ ဆရာတော်၏ကျောင်းအိုကလေးကို ပြုပြင်၍ ကျောင်းသစ်ကြီး တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထိုကျောင်းသို့ ဆရာတော်၏ အကြောင်းကိစ္စရှိတိုင်း အဘနှင့်အမေကြီးတို့ လှည်းကလေးစီးပြီး သွားကြသည်။ ဘုရားပွဲရက်ရောက်လျှင်ကား အဘနှင့် အမေကြီးတို့သည် နှစ်စဉ်နှစ်တိုင်း သားမြေးတစ်စု အစုံအလင် လှည်းတွေ တစီတတန်းဖြင့် စည်းလုံးချစ်ခင်စွာ ပျော်ပျော်ပါးပါး သွားကြသည်။

မင်းကံကျောင်း ဘုရားပွဲနေ့ မနက်ဆိုလျှင် အဘနှင့် အမေကြီးသည် စီးတော်ယာဉ် နွားလှည်းကလေးကို မြူးသံတလွင်လွင်ဖြင့် မောင်းထွက်လာခဲ့သည်။

လှည်းပေါ်တွင် အဘက မောင်းကျက်သရေ ခေါင်းပေါင်းတလူလူ၊ တိုက်ပုံအင်္ကျီအခန့်သားနှင့်။

အမေကြီးကလည်း မြသဘက်ကြီးခြုံကာ ဘီးဆံပတ်ဆံထုံးကြီး အကြော့သားနှင့် လှည်းဦးမှာတော့ ဆရာတော်ကိုဆပ်လှူဖို့ ဆွမ်းအုပ်ကြီး တစ်အုပ် ဆင်ယူလာခဲ့သည်။

ဘုရားပွဲထွက်လာခဲ့သော အဘနှင့်အမေကြီးတို့ လှည်းကလေးသည် ရွာထိပ်တံခါးဝ အရောက်တွင်ပင် တုန့်ခနဲ ရပ်တန့်သွားသည်။

လှည်းရပ်ထားစဉ် အဘ၏နွားချောတစ်ရှဉ်းမှာ ကြော့ကော့လို့နေသည်။



အဘနှင့်အမေကြီးတို့ လှည်းကလေး ရွာထိပ်တံခါးဝကိုရောက်ရှိရပ်တန့်သွား၊ပြီးဆိုသည်နှင့် အိမ်ထောင်ခွဲတွေချည်း ဖြစ်ကုန်ကြပြီဖြစ်သည့် သားကြီး ဦးထွန်းရွှေ၊ ဒုတိယသား ဦးထွန်းငွေ၊ တတိယသား ဦးစိန်ကတုန်း၊ သမီးဒေါ်စောရင်နှင့် သားငယ် ကိုအောင်လှိုင်တို့၏ လှည်းအသီးသီးသည်လည်း မိမိတို့အိမ်မှ ချက်ချင်း မောင်းထွက်လာကြရသည်။

ပြီးတော့ ရွာထိပ် တံခါးမှာ ရပ်တန့်ထားသည့် အဘနှင့်အမေကြီးတို့ လှည်းနောက်မှာ အစဉ်လိုက်တန်းစီရပ်ကြရသည်။

'အဘ'

'အမေကြီး'

ထိုအချိန်တွင် လှည်းပေါ်မှာ ပါလာကြသည့် မြေးတွေ၏ သူ့ထက်ငါအပြိုင် 'အဘ၊ အမေကြီး' ခေါ်သံသည် ဆူဝေညံစီသွားသည်။

အဘနှင့် အမေကြီးမှာလည်း မြေးပေါင်း နှစ်ဆယ်ကျော်၏ သူ့ထက်ငါ အပြိုင်ခေါ်သံကို 'တဟဲဟဲ၊ တအားအား'ဖြင့် ပြန်ထူးရတာအမော။

လှည်းတွေစုံသောအခါ အဘနှင့်အမေကြီးက လူများသည့်လှည်းနှင့် လူနည်းသည့်လှည်းကို မျှစီးစေသည်။

ဘယ်သူ့သားသမီးမို့ ဘယ်သူ့လှည်းပေါ် မတင်ခွဲခြားမလုပ်ရ။ သားသမီးတွေမှာ ကိုယ့်အိမ်ထောင်နှင့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြပြီ ဖြစ်သော်လည်း ဤကိစ္စလေးလောက်သို့ပင် အဘနှင့်အမေကြီးတို့ စီစဉ်သမျှ လိုက်လုပ်ကြရသည်။

လုံးဝအတွန့် မတက်ရဲကြ၊ မိဘကို ရိုသေလေးစားကြသူများမို့ မိဘစီစဉ်သမျှကို လိုက်နာကာ အတွန့်မတက်ချင်ကြသည်လည်း ဖြစ်ပေမည်။

မည်သို့ဆိုစေ သားသမီးတွေ၏ ရိုသေလေးစားခြင်း ခံရသဖြင့် မိဘဂုဏ်တက်သည်။

မိဘဂုဏ်ရှိသဖြင့် သားသမီးတွေသည် လူ့လောကအလယ် မျက်နှာပန်းပွင့်ကြရသည်။

မိဘကို သားသမီးက အလုံးစုံရိုသေခြင်းသည် မိဘရော သားသမီးပါ ဂုဏ်ကျက်သရေ ရှိနိုင်ပါပေ၏။

လူများသည့်လှည်းနှင့် လူနည်းသည့်လှည်း မျှပြီးစီးစေသောအခါ ဦးထွန်းငွေ၏သား ဝင်းစိုးနှင့် ဦးစိန်ကတုန်း၏သမီး ခင်စန်းကြည်တို့သည် သူတို့လှည်းပေါ်တွင် လူများသဖြင့် အဘနှင့်အမေကြီးတို့ လှည်းပေါ်သို့ ပြောင်းရွှေ့စီးခွင့်ရသွားတတ်သည်။

ဒေါ်စောချင်၏သားများဖြစ်ကြသော ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်မှာ ဘယ်သောအခါမျှ အဘနှင့်အမေကြီးတို့လှည်းပေါ် လိုက်ပါစီးနိုင်ခွင့်မရတတ်။

ကျွန်တော်တို့လှည်းမှာ အဖေအမေနှင့် ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်သာ ပါသဖြင့် ကိုယ့်လှည်းပေါ် ကိုယ်ပဲစီးရသည်။



တစ်ခါတစ်ရံ လူများသည့်လှည်းပေါ်မှ တစ်ယောက်နှင့်တစ်ယောက်ကိုပင် ကျွန်တော်တို့လှည်းပေါ် ခေါ်စီးစေရတတ်သေးသည်။

အဘနှင့် အမေကြီးတို့ လှည်းပေါ် စီးနင်းခွင့်ရသည့် ဝင်းစိုးနှင့် ခင်စန်းကြည်က အခြားသော မြေးများထက် ဂုဏ်ယူရှင်မြူးနေတတ်သည်။

ထိုအခါ ဦးတင်လှိုင်၏သား ခင်မောင်ကြည်က ဝင်းစိုးနှင့်ခင်စန်းကြည်လို အဘနှင့်အမေကြီးတို့ လှည်းပေါ် မစီးရသဖြင့် အောင့်ငိုတတ်သည်။

အဘနှင့် အမေကြီးသည် ခင်မောင်ကြည်ကို သဘောကျစွာ ဟဲဟဲရယ်ရင်း သူတို့လှည်းပေါ် ခေါ်တင်ရသည်။

ယခုလို ရွာထိပ်တံခါးဝတွင် အဘဦးရှိန်နှင့် အမေကြီးဒေါ်ခတို့ သားမြေး တစ်စု ကျက်သရေ မင်္ဂလာ ရှိစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ဘုရားပွဲ သွားဖို့ မြင်ဆင်နေကြခြင်းကို ရွာထဲရှိ ကလေး လူကြီးများ စုစုရုံးရုံး ထွက်ကြည့်ကြသည်။

သူတို့သည် အဘနှင့် အမေကြီးတို့ သားမြေးတစ်စုကို ကြည့်ပြီး ကြည်နူး အားကျနေကြပုံ ရပါ၏။

သည်နောက်မှာတော့ အဘနှင့်အမေကြီးတို့ ဦးဆောင်သော ဘုရားပွဲသွား လှည်းခြောက်စီးသည် ရွာထိပ် တံခါးဝမှ ကျက်သရေ မင်္ဂလာရှိစွာ ထွက်ခွာ လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါပင်။

ကျွန်တော်တို့ ရွာလေး၏ ထိုနေ့ မနက်ခင်းသည် အဘနှင့် အမေကြီးတို့ သားမြေးအစုံ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ဘုရားပွဲ သွားကြခြင်း တစ်ခုတည်းဖြင့်ပင် ကျက်သရေမင်္ဂလာရှိဖို့ လုံလောက် နေခဲ့ဖူးပါ၏။

အခုတော့ အဘနှင့်အမေကြီးတို့ကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ ကျွန်တော်ကိုယ်တိုင် မင်းကံကျောင်း ဘုရားပွဲကို မရောက်ဖြစ်တာလည်း ဆယ်နှစ် ကျော်ပြီ။

ရွာမှထွက်ကာ သတ္တုတွင်းအလုပ်သွားလုပ်နေ၍လည်း မရောက်ဖြစ်ခဲ့ခြင်းပင်။ သည်နှစ်မှ ရွာကို ခွင့်ပြန်လာသည့် ရက်နှင့် မင်းကံကျောင်း ဘုရားပွဲရက် တိုက်ဆိုင်နေသဖြင့် တစ်ခေါက် တစ်ခါ ပြန်လည်ရောက်ရှိဖို့ လာခဲ့မိသည်။

လာခဲ့ပြန်တော့လည်း၊ အဘနှင့် အမေကြီးတို့ ရှိစဉ်တုန်းကလို သားမြေးအစုံ အစုံအလင် လူညီတော့ တစီတတန်းဖြင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး လာခဲ့ရခြင်းမဟုတ်၊ ကျက်သရေမင်္ဂလာရှိစွာ လာခဲ့ရခြင်းမဟုတ်။ ကျွန်တော်တို့လေးယောက်သာ တိတ်ဆိတ်ခြောက်ကပ်စွာ လာခဲ့ကြခြင်း ဖြစ်သည်။

ဒါတွေကို စဉ်းစားလိုက်မိပြန်တော့၊ ကျွန်တော့် ရင်ထဲမှာ မကောင်း။ အဘနှင့် အမေကြီးကို လွမ်းဆွတ်မိသလိုလို၊ တစ်စုံတစ်ခု လစ်ဟာ လိုအပ်နေသလိုလို ကြေကွဲခံစားရသည်။



အကယ်ဆို အဘနှင့်အမေကြီးတို့ မရှိတော့သော်လည်း အဘနှင့်အမေကြီးတို့၏ သားသမီးတွေက ဦးဆောင်ပြီး၊ နောက်မျိုးဆက်သစ်တွေနှင့် စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင် သွားသင့်သည်၊ လူညီတော့ တစီတတန်းဖြင့် အစဉ်အလာမပျက် သွားသင့်သည်။

ယခု ကျွန်တော်တို့ ဘုရားပွဲသွားက အဘနှင့်အမေကြီးတို့၏ ကုသိုလ်အမွေကို လိုလိုလားလား၊ အသိအရေးရှိရှိ ဆက်ခံဖို့ သွားနေပုံမျိုး မဟုတ်။

လူမြင်ကောင်းရုံ၊ ဝတ္တရားကျေ သွားနေပုံမျိုး ဖြစ်သည်။ အလွန်ဝမ်းနည်းဖွယ် ကောင်းလေစွ။

အဘနှင့် အမေကြီးတို့ ရှိစဉ်တုန်းကလို ဘယ်မှာ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် သွားနိုင်တော့မည်နည်း။

ဘယ်မှာ လူညီတော့ တစီတတန်းဖြင့် အစဉ်အလာမပျက် သွားနိုင်တော့မည်နည်း။

အဘနှင့်အမေကြီးတို့၏ သားသမီးတွေ အားလုံးက စိတ်ဝမ်း ကွဲကုန်ကြပြီလေ။

အဘနှင့်အမေကြီးဆိုသည့် စည်းကြိုးနှစ်ချောင်း ပြတ်တောက်သွားသဖြင့် သားသမီးဆိုသော ဝါးများ တစ်သီးတစ်ခြားစီ ကွဲကုန်ခြင်းပင်။

အဘနှင့်အမေကြီးတို့ ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားတော့၊ သားသမီးတွေက ထုံးစံအတိုင်း အမွေခွဲခဲ့ကြသည်။

www.burmeseclassic.com

ယာ၊ မြေ၊ လှည်း၊ နွား၊ သစ်ပင်၊ ထန်းပင်၊ အိမ်၊ အိမ်ဝင်းနှင့် အိမ်တွင်းပစ္စည်းပါမကျန် ခွဲစိတ်ယူကြသည်။

အမွေခွဲရင်း ဦးထွန်းမြနှင့် ဦးထွန်းငွေက သူ့ထန်းပင် အရေများသည်၊ ငါ့ထန်းပင် အရေများသည်၊ အငြင်းပွားကြသည်။

ဦးစိန်ဇာတိုးနှင့် ဦးတင်လှိုင်က သူ့ယာမြေအရေကျယ်သည်၊ ငါ့ယာမြေအရေကျယ်သည်၊ ခိုက်ရန်ဒေါသ ဖြစ်ကြသည်။

ကျွန်တော်တို့အမေ ဒေါ်စောရင်ကတော့ ကွယ်လွန်သွားတာ မကြာသေးသော အဘနှင့် အမေကြီးကို သားတွေ အမွေခွဲတာ လာကြည့်လှည့်ပါဦးဟု တမ်းတပြီး ငိုသည်။

အမွေခွဲခြင်းကိစ္စကို ဘာတစ်ခုမျှ ဝင်မပြော။

သို့သော် အမွေအပေါ်တွင်လည်း သူ့အစ်ကိုတွေနှင့် မောင်လှပ်သူက သိပ်ပြီး အမြင် ကြည်လင်ကြတော့ဟန် မတူပါပေ။

အခုတော့ မောင်နှမချင်းတွေ အားလုံး တစ်ယောက်နှင့် တစ်ယောက် လမ်းမှာ ဆုံမိလို့မှ မခေါ်နိုင် မပြောနိုင်လောက်အောင် အမုန်းပွားကုန်ကြပေပြီ။

သူတို့ အိမ်သူ အိမ်သားတွေနှင့် သားသမီးတွေချင်း လောက်သာ မခေါ်ချင်ခေါ် မပြောချင်ပြော လုပ်ကြ



ယခုလည်း ကြည့်ပါ...။

အဘနှင့် အမေကြီးတို့ ဆောက်လုပ် လှူဒါန်းခဲ့သည့် မင်းကံကျောင်း ဘုရားပွဲကို သူတို့သားသမီး အရင်းတွေ လိုက်ပါမလာခဲ့ကြပေ။

ဦးထွန်းမြ၏သား ကိုညွန့်ဖောင်၊ ဦးထွန်းငွေ၏ ဇနီး ဒေါ်အုန်း၊ ဦးစိန်ဇာတိုး၏ဇနီး ဒေါ်အေးတင်နှင့် ဒေါ်စောရင်၏သား ကျွန်တော်တို့သာ လာခဲ့ကြရသည်။

ဦးတင်လှိုင်၏ဇနီး ဒေါ်ကြင်ရီကတော့ ဘယ်သူနှင့်မှ မျက်နှာချင်း မဆိုင်လိုဟန်မျိုးဖြင့် စောစောကတည်းက တစ်ယောက်တည်း ကြိုသွားနှင့်ပေပြီ။

( ၂ )

မင်းကံကျောင်းဘုရားကို ကျွန်တော်တို့ ရောက်သွားတော့၊ ကျောင်းဝင်းထဲတွင် တံခွန်တိုင် အလှူများ၊ [illegible]တီးအဖွဲ့၏ [illegible]ခုန်များ၊ ဆွမ်းလောင်းလာသူများ၊ ဘုန်းကြီးဆန့်တော့ လာသူများဖြင့် ပျားပန်းခတ် စည်ကားနေပေပြီ။

ကျွန်တော်တို့သည် ကျောင်းဝင်းထဲမှာ ငေးမော ကြည့်ရှုမနေတော့ဘဲ ဆရာတော် ရှိရာ ကျောင်းပေါ် သို့သာ တန်းတန်းမတ်မတ် တက်ခဲ့ကြ၏။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးတေဇောသာရက ကျွန်တော်တို့ကို မြင်သည်နှင့် ဝမ်းမြောက်စွာ ဆီးကြိုနှုတ်ဆက်သည်။

ဆရာတော်ဦးတေဇောသာရသည် အဘနှင့်အမေကြီး ကျောင်းဆောက် လှူဒါန်းခဲ့သည့် ကနဦး ဆရာတော် မဟုတ်။ ကနဦးဆရာတော်မှာ အဘ၏ငယ်ဆရာ ဦးသံဝရ ဖြစ်သည်။

ဆရာတော် ဦးသံဝရ ရှိစဉ်က ဦးတေဇောသာရမှာ ခန်းနေဘုန်းကြီးသာ ရှိသေး၏။

ဦးသံဝရ ပျံလွန်တော်မူသောအခါ မှ ကျောင်းအပ်ပစ်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော် ဖြစ်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်တို့သည် ပါလာသော လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆရာတော် ဦးတေဇောသာရကို ကန်တော့ကြသည်။

ကန်တော့ပြီးတော့၊ ဆရာတော်က အေးအေး ဆေးဆေး နားနေရန် ကျောင်းပေါ်ရှိ ဆောင်ဘက်အစွန်ဆုံး အခန်းကို နေရာချထားပေးသည်။ ပြီးတော့ မုန့်ပဲ သွားရေစာ အပြည့်အစုံနှင့် ရေနွေးစားပွဲသည်း ချပေးသည်။

အဘရှိစဉ်တုန်းကလည်း သည်အတိုင်းပင်။ ဘုန်းကြီး ကန်တော့ပြီးသည်နှင့် ဆရာတော် ဦးသံဝရက အားလုံး စုဝေး နားနေဖို့ အတွက် နှစ်စဉ် နှစ်တိုင်း သည်နေရာ တလေးမှာပဲ နေရာ ချထားပေးလေ့ရှိသည်။



ပြီးတော့၊ မုန့်ဆီကြော်၊ မုန့်ကြော်၊ ကိတ်မုန့်၊ ငှက်ပျောသီး၊ ချိုချဉ်၊ လက်ဖက်သုပ် စသည့် စားဖွယ် သောက်ဖွယ် အစုံအလင်ပါသည့် ရေနွေးစားပွဲဝိုင်းကြီး ချပေးသည်။

သည်စားပွဲဝိုင်းကြီးမှာ အဘနှင့်အမေကြီးတို့၏ သားသမီးတစ်စု ဝိုင်းဖွဲ့စားသောက်ရင်း ဟိုအရေး သည့်အရေး ခန့်ခန့်ထွေးထွေး ဆွေးနွေးကြသည်။

ဟိုအကြောင်း သည်အကြောင်း ပြောဆို ရယ်မောဖွဲ့ကြသည်။

ကျွန်တော်တို့အလေးတွေကတော့ ကျောင်းအောက်ကို ပြေးဆင်း ဆော့လိုက်၊ လူကြီးတွေဆီမှာ ရေနွေးအမြည်း လာတောင်းစားလိုက်၊ အတီးအမှုတ် အလှအခုန်တွေကို ကြည့်လိုက်နှင့်။

ထိုအချိန်တွင် အမေနှင့် အဘ ချွေးမ တွေးယောက်က အိမ်မှ ယူလာသော လက်ဖက်မြေကြော်တို့ကို ဇလုံအကြီးကြီးတွေထဲ ထည့်သုပ်ကာ ဘုန်းကြီး ကန်တော့လာသူများအား လက်ဖက်ကမ်းကြသည်။

အဘနှင့်အမေကြီးကား ဆရာတော် ရှေ့တွင်ထိုင်ကာ ဘုန်းကြီး ကန်တော့လာသူမှန်သမျှကို ညွှန်ခံစကား ပြောနေသည်။

ဘုန်းကြီး ကန်တော့များအား လက်ဖက်ကမ်းနေကြသည့် ချွေးမလေးယောက်နှင့် သမီးကို ကြည်နူးစွာကြည့်ပြီးသည်။ ပီတိသောမနဿဖြစ်လို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ဆယ်နာရီ ကျော်လောက်တွင် ဘုန်းကြီးအနီး တော့သသူတွေ တစ်သုတ်ပြီးတစ်သုတ် ပြန်ဆင်းသွားကြသဖြင့် ကျောင်းပေါ်မှာ လူရှင်းသွားတော့သည်။

ထိုအခါ နားအနည်းငယ်လေးသော ဆရာတော် ဦးသံဝရနှင့် နားသိပ်မကောင်းသော အဘတို့ခေါင်းချင်းဆိုင်ကာ အော်ကြီးဟစ်ကျယ် ပြောကြတော့သည်။

'ဒကာကြီး၊ ဒီနှစ်လုပ်သီးဆောင် စာရရဲ့လား'
'ဘုရား'
'လုပ်သီးဆောင်စာရရဲ့လားလို့'
'ရပါတယ်ဘုရား'
'အိမ်း၊ ကောင်းပါလေ့'
'ဆရာတော်ဘုရားရော ကျန်းမာရေး ကောင်းရဲ့လား ဘုရား'
'ဘယ်လို'
'ကျန်းမာရဲ့လား ဘုရား'
'ကျန်းမာပါတယ်၊ ဒါပေမယ့် ခါးအတော့ခဏခဏ နာချင်တယ်'
'အပူဝပ်လို့ ဖြစ်မှာပါဘုရား'
'အေး၊ လူအော်တော့ မနှစ်ကထက်ပိုများတယ်'
'အပူဝပ်လို့ အရှင်ဘုရားခါးနာတာ ဖြစ်မှာလို့ပြော တာပါဘုရား'



သားသမီးမြေးတစ်စုသည် ဆရာတော်နှင့် အဘတို့ နှစ်နားလေးပြီး အော်ကြီးဟစ်ကျယ် ပြောနေပုံကိုကြည့်ပြီး တိုးတိုးတိတ်တိတ် ရယ်ကြသည်။ အမေကြီးလည်း ကြိတ်ပြုံးပြုံးနေသည်။

ဆရာတော် ဆွမ်းစားချိန် ရောက်တော့ သမီးတွေက ဆွမ်းပွဲ ဝိုင်းဝန်းပြင်ဆင် ပေးကြသည်။ သားသမီးတွေ ဝိုင်းဝန်းပြင်ဆင်ပေးသည့် ဆွမ်းပွဲကိုအဘနှင့် အမေကြီး ဆရာတော်အား ကပ်သည်။

ဆရာတော် ဆွမ်းစားပြီးပို့သည့် ဆွမ်းကျန်ဟင်းကျန် တွေကိုတော့ စောစောက ရေနွေးစားပွဲဝိုင်းကြီးပေါ် တင်ကာ အဘနှင့်အမေကြီးအပါအဝင် သားသမီးမြေး တစ်စု လက်ဆုံတပြင်တည်း စားသောက်ကြပြန်၏။

ထမင်းဝိုင်းတွင် အဘနှင့် အမေကြီးမှာ မြေးတွေကို ဟင်းခတ် ထည့်ပေးလိုက်ဖြင့် ဖြောင့်ဖြောင့် တန်းတန်း စားရသည်မရှိ။

သို့သော် မြေးတွေကို သည်လိုဟင်းခတ် ထည့်ပေးနေရတာကိုပင် သူတို့မှာ အရသာပိုတွေ့နေကြဟန်တူသည်။ အဘနှင့်အမေကြီးတို့ မျက်နှာတွေက ကြည်နူးဝင်းပလို့ နေ၏။

အခုတော့ ဆရာတော်ဦးသံဝရသည်း ပျံလွန်တော်မူ သွားခဲ့ပြီ။ အဘနှင့် အမေကြီးတို့လည်း ကွယ်လွန်ကုန် ကြပြီ။ ဆရာတော် ဦးသံဝရအဘနှင့် အမေကြီးတို့အချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ပျံလွန်တော်မူသော အဘနှင့်အမကြီး တို့မှာ မြအလပ်လုပ်ပြီး ကုသိုလ်ယူသည်။

ဆရာတော်အလောင်းကို အဘနှင့်အမကြီးတို့ ပြုလုပ်လှူဒါန်းသည့် မြအလပ်ပေါ်တွင် သုံးလကြာတင်ထားခဲ့သည်။ အဘနှင့်အမကြီးတို့မှာ မြအလပ်ကိုကြည့်ပြီး ကုသိုလ်စိတ်တွေ အကြာကြီး ပွားများခွင့်ရခဲ့သည်။

ဆရာတော်အလောင်းကို သုံးလကြာ ထားပြီးနောက် အန္တိမဈာပန ပွဲတော်ပွဲပြုလုပ်သောအခါ ကနုတ်ဖော်တွေ ပန်းရထားတွေဖြင့် ပို့ဖို့စီစဉ်ကြသည်။

သို့သော် ဆရာတော့်အလောင်းကို လောင်တိုက်ပို့မည့်နေ့၌ ကနုတ်ဖော် ဒကာများနှင့် ပန်းရထား ဒကာများ သူ့အရင်တင်ပို့မည် ငါ အရင်တင်ပို့မည် စကားများကာ ရန်ဖြစ်ကြသည်။

တစ်ဖက်နှင့် တစ်ဖက် ရိုက်ပုတ် ဖျက်ဆီးကြသဖြင့် ကနုတ်ဖော်ရော ပန်းရထားပါ အလောင်းတင်ပို့လို့ မရအောင် ပျက်စီးသွားသည်။

ထိုအခါ အဘနှင့် အမကြီးတို့ ပြုလုပ်လှူဒါန်းထားခဲ့သည့်မြအလပ်ကိုပင် လှည်းလေးစီးပေါ် အမြန်တင်ဆောင်ကာ ဆရာတော်အလောင်းကို တင်ပို့ရသည်။

အဘနှင့်အမကြီးတို့သည် တစ်ကုသိုလ်အစ နှစ်ကုသိုလ် ရသဖြင့် ဝမ်းသာကြီး သာခဲ့ကြဖူးပေ၏။



( ၃ )

နံနက်ဆယ်နာရီ ကျော်လောက်တွင် ဟိုစဉ်တုန်းကလိုပင် ဘုန်းကြီး ကန်တော့လာသူတွေ ကျောင်းပေါ်မှ တစ်သုတ်ပြီးတစ်သုတ် ပြန်ဆင်းကြပါ၏။

သို့သော် သူတို့ကို ဟိုစဉ်တုန်းကလို လက်ဖက်သုပ်ကမ်းသူအစ မရှိတော့ပေ။

ကျွန်တော့် စိတ်ထဲမှာ အဘနှင့် အမကြီးတို့ ရှိစဉ်တုန်းကလို စိုပြေမှုမရှိဘဲ ခြောက်ကပ်နိုင်လှသည်ဟု ထင်နေမိသည်။

ဘုန်းကြီး ကန်တော့လာသူတွေ ရှင်းသွားတော့ ဆရာတော်ဦးတေဇောသာရ ဆွမ်းစားသည်။

ဆွမ်းစားပြီးနောက် ဆွမ်းကျန်ဟင်းကျန် တွေဖြင့်ပင် ကျွန်တော်တို့ကို စားပွဲတစ်ဝိုင်း တည်းမှာ ထမင်းပြင် ကျွေးသည်။

နေ့နွေးဝိုင်းတုန်းက ကျွန်တော်တို့နှင့် ဝင်မထိုင်သည့် ဒေါ်ကြင်ရီလည်း ကျွန်တော်တို့နှင့်အတူ ဝင်စားပါ၏။

ဆရာတော်က ကျွန်တော်တို့ကို အဘနှင့် အမကြီး တို့၏ သားသမီးမြေးတွေဆိုပြီး ဟိုစဉ်တုန်းကလိုပဲ စည်းလုံးချစ်ခင်စွာ ရှိမည်အထင်ဖြင့် စားပွဲ တစ်ဝိုင်းထဲမှာ ထမင်းအတူ ပြင်ကျွေးခြင်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့မှာ ဆရာတော်ရှေ့မှာကမို့ ဟန်ဒဆောင်တာ စားပွဲတစ်ဝိုင်းတည်း စားနေသော်လည်း တစ်ယောက်နှင့်တစ်ယောက် သိပ်ဟက်ဟက်ပက်ပက် မလုပ်ကြ၊ ဒေါ်ကြွင်ရီနှင့် ဒေါ်အုန်းသည်မှာ ဒေါ်ဒေါ်အေးတင်နှင့် ဒေါ်ကြွင်ရီသည် ခပ်တန်းတန်း။ ကိုညွန့်ဟင်နှင့် ဒေါ်အုန်းသည်လည်း မပြောလည်ချင်။

ကျွန်တော်က ဘယ်သူ့အပေါ်မှ အကြိုက်အခံမထားမိပါ။ အဘနှင့်အမေကြီး တို့ရှိစဉ်က စည်းလုံးချစ်ခင်စွာ စားသောက်ခဲ့ရတာကိုပဲ ပြန်လည်အတိရနေမိသည်။

သို့ဖြင့် ကျွန်တော်တို့ ထမင်းဝိုင်းသည် ခဏအတွင်းမှာ ပျင်းရိဖွယ်ပြီးဆုံးသွားသည်။ ဆရာတော်က ဟင်းကောင်းတွေနှင့်ကျွေးသော်လည်း စားလို့မြိန်ကြဟန် မတူပါပေ။

ကျွန်တော်တို့ ထမင်းစားပြီးအချိန်တွင် အဘ၏ဇာတိ မင်းကွဲရွာမှ အဘတူမတော်သူ ဒေါ်ကြီးသိန်းတင် ရောက်လာသည်။

'ဟဲ့.... မီအုန်းတို့ အေးတင်တို့'

'ဟော.... အစ်မသိန်းတင်ပါလား လာလေအစ်မထိုင်'

'ထွန်းငွေတို့ စိန်ဘတုန်းတို့ မပါကြဘူးလား'

'မပါကြဘူးအစ်မ၊ ကျုပ်တို့ချည်းပဲ လာခဲ့တာ'

'ထွန်းရွှေနဲ့ စောရှင်ရော မပါကြဘူးလား'

'သူတို့လဲ မပါဘူးအစ်မ၊ သူက ကိုထွန်းရွှေသား ညွန့်တင်လေ၊ သူက စောရှင်သား အကြီးကောင်'



'နောက် လူငယ်တွေတော့ မြော်မှတဲ့ သိတော့မယ် အေးဆင်ရယ်၊ ဒါနဲ့ညည်းတို့ တစ်တွေကို ဟိုတုန်းကလိုပဲ မီးသေးစုလိုက် ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးလာကြစမ်းပါအေ၊ ကျောင်းဒါယကာ ဦးရှိန်ဒေါ်ခ သားသမီး မြေးတွေစုံစုံလင်လင် လာကြတယ်ဆိုရင် တို့ရွာက လူတွေ ဘယ်လောက်ဝမ်းသာမတုန်း။ ပြီးတော့ ဘုန်းကြီးလည်း ဘယ်လောက်ဝမ်းသာမတုန်း၊ မိဘအမွေဆက်ခံထိမ်းသိမ်းသူတွေဆိုပြီး ဂုဏ်ရှိတာပေါ့'

'ဦးရှိန်ဒေါ်ခထားပစ်ခဲ့တဲ့ ယာမြေချောင်းမြေ အမွေအနှစ်လည်း မနည်းပါဘူးအေ၊ ညည်းတို့ရဲ့ ဒီအမွေအနှစ်တွေဆက်ခံပြီး လုပ်ကိုင်စားသောက်နေရလို့ အားလုံးစီးပွားတောင့်တင်းကြတာပဲ၊ သူ့အိမ်သားနှာတာရှည်ဖြစ်လို့ စီးပွားရေးချွတ်ခြုံကျသွားတဲ့ စောရှင်လည်း သူ့သားတွေလိမ္မာလို့ ပြန်ချောင်လည်လာပြီ ကြားတယ်၊ အဲဒီတော့ ထွန်းရွှေတို့ညီအစ်ကို တစ်တွေနဲ့ စောရှင်ကို ပြောလိုက်'

'ကိုယ့်မိဘ ဆောက်လုပ် လှူဒါန်းပစ်ခဲ့တဲ့ ကျောင်းဘုရားပွဲ ရက်ထလေးတွေကိုတော့ တစ်နှစ်မှတစ်ခါပဲဟာ ကိုမိဘရှိစဉ်တုန်းကလို ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး လာကြလို့၊ မီအရှဲ့ပစ္စည်းအမွေကိုချည်း ဆက်ခံမနေကြနဲ့ ကုသိုလ်အမွေကိုလဲ ဆက်ခံကြဦးလို့ ကြားလား'

ဒေါ်ကြီးသိန်းတင်က ပွင့်ပွင့်လင်းလင်းပင် တူ၏တို့ အိုးပေါက် ပြောချသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိဘရဲ့ပစ္စည်းအမွေကိုလည်း ဆက်ခံမနေကြနဲ့ ကုသိုလ်အမွေကိုလည်း ဆက်ခံကြဦး' တဲ့။

ဒေါ်ကြီးသိန်းတင်စကားသည် မှန်လှန်းလှပါ၏။ အဘနှင့် အမေကြီးတို့၏ သားသမီး ငါးယောက်သည် အဘနှင့်အမေကြီးတို့ ထားရစ်ခဲ့သည့်ပစ္စည်းအမွေတွေကို ဆက်ခံခွဲဝေယူရင်း မကျေမလည်ဖြစ်ကာ စိတ်ဝမ်းကွဲကုန်ကြသည်။

သွေးသားအရင်းက ရန်သူကြီးတွေလို ဖြစ်ကုန်ကြသည်။ လူတွေကအမွေခွဲလျှင် ဤကဲ့သို့ ဖြစ်လေ့ဖြစ်ထ ရှိသဖြင့် အမွေကိုအမွေဟု ခေါ်တတ်ကြသည်။ အမွေသည်အမွေဟုတ်ပါသလား။

တကယ်တော့ သားသမီးဟူသည် မိဘ၏အမွေမှန်သမျှကို ခွဲဝေ၍သော ဆက်ခံရမည်သာ။ ပစ္စည်းအမွေကို ဆက်ခံရင်း အချင်းချင်း စိတ်ဝမ်းကွဲစေတတ်သည်ထားတော့ ကုသိုလ်အမွေကို ဆက်ခံလျှင်တော့ စိတ်ဝမ်းကွဲစေတတ်ပါမည်လား။

ကုသိုလ်အမွေကို ဆက်ခံ၍တော့ စိတ်ဝမ်းကွဲစေတတ်မည်မထင်ပါ။ အချင်းချင်း ပို၍ပင် စည်းလုံး ချစ်ခင်လာပါလိမ့်ဦးမည်။

သို့ဆိုလျှင် အမွေသည် အမွေမဟုတ်နိုင်၊ စင်စစ် အချင်းချင်းကို စိတ်ဝမ်းကွဲစေတတ်သည့် တရားခံသည် လောဘသာဖြစ်ချေ၏။



လောဘသာ သယ်မလျှိုပါက ပစ္စည်းအမွေကို ဆက်ခံသည်ဖြစ်စေ ကုသိုလ်အမွေကို ဆက်ခံသည်ဖြစ်စေ စိတ်ဝမ်းကွဲစရာအကြောင်း မရှိလှပေ။

အခုတော့ အဘနှင့် အမေကြီးတို့ သားသမီး ငါးယောက်သည် ပစ္စည်းအမွေကို ဆက်ခံရင်း လောဘသပ်လျှိုခြင်းခံရသဖြင့် စိတ်ဝမ်းကွဲကုန်ကြသော ကုသိုလ်အမွေကိုလိုလိုလှလှ ဆက်ခံဖို့ပါ မေ့လျော့နေကြလေပြီ။ လောဘအသည် မည်မျှ ကြောက်စရာ ကောင်းလိုက်လေသနည်း။

ကျွန်တော် ရင်ထဲမှာတော့ အဘနှင့် အမေကြီးတို့၏ သားသမီး ငါးယောက်ကို လောဘသင့်လျှိုခြင်း ကင်းစွာဖြင့် ပစ္စည်းအမွေတို့ကို စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် ဆက်ခံစေချင်မိပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အိပ်ခွေ မဟုတ်သော ဘဝ

www.burmeseclassic.com

www.burmeseclassic.com

( ၈

ရွှေမင်းသားလက်ဖက်ရည်ဆိုင်အလေး၏ မနက်ခင်းသည် ထုံးစံအတိုင်း စည်ကားနေပြီ။ ဝါသနာတူသူချင်း ဝိုင်းဖွဲ့ထိုင်နေကြသူတွေ။ ဘာသာစကားတူသူချင်း ဝိုင်းဖွဲ့ထိုင်နေကြသူတွေ။

ရင်းနှီးခင်မင်သူချင်း အလုပ်တူသူချင်း ဝိုင်းဖွဲ့ထိုင်နေကြသူတွေ၊ သူ့အုပ်စုနှင့်သူ ထိုင်နေကြသည့် စားပွဲဝိုင်းလေးတွေမှာ စကားသံတွေက တိုးတိုးအုပ်အုပ်။

ကျွန်တော်ထိုင်နေသည့် စားပွဲဝိုင်းမှာတော့ ကျွန်တော် တစ်ယောက်တည်း။ အခြားသူ တစ်ဦး တစ်ယောက်မျှ ရောက်မလာသေး။ ခဏကြာလျှင်တော့ သူငယ်ချင်း ကျော်တင်ရောက်လာလိမ့်မည်။

ကျော်တင်က ကြံစိုးရှာသေး။ ကျွန်တော်နှင့်သည် ပေါက်ကန်ဒ် အလယ်တန်းကျောင်းမှာကတည်းက ကျောင်းနေဘက်။

www.burmeseclassic.com



သည်ကျောက်ပန်းတောင်းမြို့ အထက်တန်းကျောင်းတွင် ဆယ်တန်းအထိ အတူတက်ခဲ့သူ။ နောက်တော့ သူက ဆယ်တန်း မအောင်သဖြင့် ပညာရေးကို ကျောခိုင်းကာ ကျောက်ပန်းတောင်းဈေးထဲမှ ပွဲရုံတစ်ရုံတွင် အလုပ်လုပ်နေခဲ့သည်။

ပွဲရုံမှာ အလုပ်လုပ်ရင်း အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျကာ မြို့ပေါ်မှာပင် အခြေချနေထိုင်သည်။

ကျွန်တော်ကတော့ ဇာတိမြေနှင့် မိုင်ပေါင်းများစွာ ဝေးရာ ကြေးနီ သတ္တုတွင်းမှာ အလုပ်သွားလုပ်နေရသည်။

ယခုလို ကိုယ့်ဇာတိကို ပြန်ရောက်တိုင်း ကျော်တင့်ဆီ ဝင်ဖြစ်အောင်ဝင်သည်။ ကျော်တင့်ကလည်း ဝင်မှကြိုက်သည်။

ထို့ကြောင့်ပင် မနေ့ညနေကတည်းက သူ့အိမ်ကို ကျွန်တော်ရောက်နေသည်။ ညက စကားမပြတ် ပြောရင်း သူ့အိမ်မှာ အိပ်သည်။

မနက်လင်းတော့ ကျွန်တော်တို့နှစ်ယောက် မြို့ထဲထွက်ခဲ့သည်။ ကုန်းတော်ကြီးဘုရားအနောက်ဘက်တွင် ကျော်တင့်အကိစ္စတစ်ခုရှိ၍ ဘုရားဘက်ကို သွားဦးမည်ဟုဆိုလာသည်။

ကျွန်တော့်ကို ရွှေမင်းသား လက်ဖက်ရည်ဆိုင်တွင် ထိုင်စောင့်ဖို့ မှာပစ်ခဲ့သည်။ သူမလာမချင်း ထိုင်စောင့်ရမည်ပေါ့။



သိပ်တော့ကြာကြာ မစောင့်လိုက်ရပါ၊ မိနစ်နှစ်ဆယ်လောက်ကြာတော့ သူပြန်ရောက်လာသည်။

'ထိုင်ဗျာ ဦးတိုးဝင်း၊ ဒါက ကျွန်တော့်သူငယ်ချင်း စာရေးဆရာ မောင်မြနီပါ'

ကျော်တင်က ကျွန်တော့်ကို မောင်မြနီ အနေဖြင့် လူစိမ်းနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော် ပြုံးပြုံးပြီး ခေါင်းညိတ်ကာ သိအမှတ်ပြုလိုက်၏။

'သူက ကိုယ့်မိတ်ဆွေ ဦးတိုးဝင်းတဲ့။ ပြီးခဲ့တဲ့ နှစ်ကမှ တို့မြို့က အမှတ် (၃) သတ္တုတွင်းလုပ်ငန်း၊ လက်အောက်ခံ လမ်းခင်းကျောက် ထုတ်လုပ်ရေးစခန်းကို ရောက်လာတဲ့ အင်ဂျင်နီယာလေ'

'ကျွန်တော်တိုးဝင်းပေါ့၊ ကိုကျော်တင်နဲ့ ကျွန်တော်က လုပ်ငန်းချင်းအဆက်အစပ်မရှိဘဲ လူချင်း ဆက်စပ်ခင်မင်နေမိကြတဲ့ မိတ်ဆွေပေါ့၊ ဟဲ ဟဲ'

သူကပြောပြီး ရယ်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်လဲ ကြေးနီသတ္တုတွင်းမှာတာဝန်ထမ်းဆောင်ပါတယ်'

'ကိုမြနီအကြောင်းကို ကိုကျော်တင် ခဏခဏပြောပြဖူးပါတယ်၊ စာပေဗိမာန် ပထမဆုရ စာရေးဆရာတစ်ယောက်ဖြစ်တယ်ဆိုတာလေပေါ့'

သူက ကျွန်တော့်အကြောင်းကို တော်တော် သိထားသည့်ပုံပင်။ သူ့ပြောပုံ ဆိုပုံကလည်း တရင်းတနှီး ရှိလှသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဝါသနာအရပေါ့ဗျာ'

'ကျွန်တော်လဲ စာပေဝါသနာပါတယ်ဗျ၊ ညာဆောင် မဂ္ဂဇင်းတစ်အုပ်ဖတ်ကြည့်ပြီး စာရေးဆရာဖြစ်ချင်နေမိသေးတယ်'

မဂ္ဂဇင်းတစ်အုပ်ကို ဖတ်ကြည့်ပြီး ဘာ့ကြောင့်များ ဦးတိုးဝင်း စာရေးဆရာ ဖြစ်ချင်သွားပါသနည်း။

'ဘယ်လို အကြောင်းတိုက်ဆိုင်မှုရှိလို့ပါလိမ့်ခင်ဗျာ'

'သိပ်တော့ ရည်ရွယ်ချက် ကြီးကြီး မားမား ရှိလို့ မဟုတ်ပါဘူး၊ ကျွန်တော် ပြောရင်ကို မြနီရယ် ဆောင် ရယ်ချင်နေမယ် ထင်တယ်။

'ကျွန်တော် ဖတ်ကြည့်ဖြစ်တဲ့ မဂ္ဂဇင်းထဲမှာ တသသ ဆိုတဲ့ ကဏ္ဍလေး ပါတယ်လေ၊ စာရေးဆရာတွေဟာ အဲဒီကဏ္ဍမှာနေပြီး သူတို့ဘဝမှာ ရင်းစားပြန်မရနိုင်တော့ မှန်းသိပေမယ့် တသသဖြစ်နေရတဲ့အကြောင်းတွေကို ပြန် ပြောခွင့်ရနေကြတယ်။

'ကျွန်တော်လည်း ကျွန်တော့်ဘဝမှာ ရင်းစားပြန် မရနိုင်တော့မှန်းသိပေမယ့် တသသဖြစ်နေရတဲ့အကြောင်း လေးကို ပြန်ပြောပြချင်လို့ပေါ့'

ဦးတိုးဝင်း စကားအဆုံး ရှုတ်အရက် ဆိုလျှင်တော့ သူ ပြောသလို ရယ်ချင်စရာပေါ့။ ဒါပေမယ့် စာရေးဆရာတွေ စာရေးကြတယ် ဆိုတာတွေလည်း ကိုယ်တွေ့ကြုံခဲ့ရသော အကြောင်းအရာလေးတွေကို အခြေခံပြီး စာဖတ်သူကို



တစ်စုံတစ်ခု အကျိုးပြုနိုင်သည့် ဝတ္ထုမျိုး ဖြစ်အောင် ဖန်တီးကြခြင်းပဲ မဟုတ်လား။

တသသဆိုတာဟာလည်း ကိုယ်တွေ့ကြုံခဲ့ရသောအကြောင်း အရာလေးတစ်ခုပဲ မဟုတ်လား။

စာမျက်နှာပေါ်က ပြောပြီဆိုလျှင်တော့ တသသသည် လည်း စာဖတ်သူကို တစ်စုံတစ်ရာ အကျိုးပြုဖို့ လိုမည် ပေါ့။

ကျွန်တော်တို့ ရေးတိုင်းအောင်မြင်နေသူ မဟုတ်သည့် တိုင် စာရေးဆရာ တစ်ယောက် အနေဖြင့် အသိအမှတ် ပြုပြီး–

'ကျုပ် အကြောင်းတွေ ရေးစမ်းပါဗျာ'

ဟု လာပြောကြသူတွေ ရှိသည်။

ပြောပြကြသူတွေ၏ စိတ်အခံကတော့ အမျိုးမျိုးပင်။ သူတို့အကြောင်း စာစောင်မဂ္ဂဇင်းတွေထဲ ပါချင်၍ ပြော ပြကြသူတွေ၊

ကိုယ် ချစ်သူအပေါ် စိတ်နာ၍ ပြောပြကြ သူတွေ၊ အထက်လူကြီးနှင့် အဆင်မပြေ၍ ပြောပြကြသူတွေ၊ မနှင်း ချင်း နှိပ်စက်ခံရ၍ ပြောပြကြသူတွေ။

မှတ်မှတ်ထင်ထင် ကြုံတွေ့ဖြစ်ပျက်ခဲ့ဖူးတာလေးတွေ ကို အသိနှင့်ဉာဏ်အား ပြန်လည်သုံးသပ်မိ၍ ပြောပြကြသူ တွေ။ အမျိုးမျိုးအထွေထွေ စုံလှပင်။

ကျွန်တော်အတွေ့ သူတို့ ပြောပြကြ သမျှတွေထဲက စာဖတ်သူအပေါ် တစ်စုံတစ်ရာ အကျိုး သက်ရောက်မှု

www.burmeseclassic.com

www.burmeseclassic.com



ရှိမရှိ အပေါ်မူတည်ပြီး ဝတ္ထုအဖြစ် ဖန်တီးရေးသား ဖြစ်ခဲ့သည်လည်း ရှိသည်။ မရေးသား ဖြစ်ခဲ့သည်လည်း ရှိသည်။

ယခုလည်း ဦးတိုးဝင်းက -

'ကျွန်တော့် အကြောင်းကို ဝတ္ထုရေးစမ်းပါဗျာ'

ဟု မဆိုသော်လည်း သူ့ဘဝတွင် ရင်းစား ပြန်မရနိုင်တော့သည့် အဖြစ် အလေးတစ်ခုကို တသသ ပြောပြချင်ဟန်ရှိသည်။

'ခင်ဗျား တသသ ဖြစ်နေရတာအလေးကို ပြောပြစမ်းပါဦးဗျာ'

ကျွန်တော် စကားဆွယ်လိုက်သည်။

ဦးတိုးဝင်းက ကျွန်တော်တို့ စကားပြောင်းနေစဉ် ကျော်တင် မှာလိုက်သည့် လက်ဖက်ရည်ကို တစ်ငုံ ယူသောက်သည်။ ပြီးမှ သူ့တသသကို စ ပြောသည်။

'ကျွန်တော်က မုံရွာသားဗျ'

'ဩော်... ဟုတ်လား'

ဦးတိုးဝင်းက ကျွန်တော်တို့ ကြေးနီသတ္တုတွင်း ရှိရာ မုံရွာမြို့သားဟု ဆိုလိုက်သဖြင့် အနည်းငယ် အံ့ဩသွားမိသည်။

'ဟုတ်တယ်၊ ဟိုး လွန်ခဲ့တဲ့ ၁၉၇၂ ခုနှစ်ဆီလောက်က ပေါ့၊ ကျွန်တော် စက်မှုတက္ကသိုလ်က ဘွဲ့ရပြီး စပေါ့၊ ခင်ဗျားတို့ ကြေးနီသတ္တုတွင်းကြီးကလည်း စီမံကိန်း စဝင်ချိန်ပေါ့၊ စီမံကိန်း ကြီးကြပ်ရေးမှူးနဲ့ သိကျွမ်းတဲ့ ကုန်



သည်ကြီးတစ်ဦးက ကျွန်တော့်ကို ကြေးနီစီမံကိန်းမှာ အလုပ်ဝင်နိုင်ဖို့ ဆက်သွယ်ပေးဖူးတယ်လေ။

ဒီကုန်သည်ကြီးဟာ ဖေဖေ့ မိတ်ဆွေပေါ့၊ သူ့မှာ စီးပွားရေးတက္ကသိုလ်က ကျွန်တော်နဲ့ တစ်နှစ်တည်းကျောင်းပြီးခဲ့တဲ့ ခင်လေးနွယ် ဆိုတဲ့ သမီးတစ်ယောက် ရှိတယ်၊ ဖေဖေနဲ့ ကုန်သည်ကြီးက မိတ်ဆွေတွေဆိုတော့ ကျွန်တော်နဲ့ ခင်လေးနွယ်ဟာ ကိုယ့်မြို့ အထက်တန်း ကျောင်း သားကျောင်းသူဘဝကတည်းက ခင်ခဲ့ကြတယ်။

'ချစ်သူတော့ မဖြစ်ကြသေးဘူး၊ နောက်တော့ ကျွန်တော်က ဆယ်တန်းအောင်ပြီး၊ ရန်ကုန်စက်မှုတက္ကသိုလ်ကို တစ်နှစ် စော၍ ရောက်သွားတယ်....

'ကျွန်တော် ဒုတိယနှစ် ရောက်တဲ့အချိန်ကျမှ ခင်လေးနွယ် စီးပွားရေးတက္ကသိုလ်ကို ရောက်လာတယ်၊ သူငယ်ချင်း ချင်းလည်း ဖြစ်၊ တစ်မြို့တည်းသားချင်းလည်းဖြစ်၊ မိဘချင်းကလည်း မိတ်ဆွေတွေဖြစ်ဆိုတော့ ကျွန်တော့်ထက် ရန်ကုန်ကို တစ်နှစ် နောက်ကျရောက်လာတဲ့ခင်လေးနွယ်အပေါ် အစစ ကူညီစောင့်ရှောက်ရတာပေါ့၊ ဒါဆိုရင် ကျွန်တော်တို့အခြေအနေကို ကိုမြနီ ကြိုမြင်နေမယ် ထင်ပါရဲ့'

ဦးတိုးဝင်းက လက်ဖက်ရည် တစ်ကျိုက် ထပ်သောက်လိုက်ရင်း ကျွန်တော့် အဖြေကိုစောင့်သည်။ ကျွန်တော်က ခေါင်းညိတ်ရုံပဲ ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ကိုမြနီရေ၊ ခင်ဗျားတို့ မြင်သလိုပဲ ကျွန်တော်တို့နှစ်ယောက် ချစ်သူဖြစ်သွားကြတယ်ဗျာ၊ ချစ်သူတွေ ဖြစ်သွားကြတော့၊ ချစ်သူတွေရဲ့ ထုံးစံအတိုင်း စားသောက်ဆိုင် ပေါင်းစုံ၊ ပန်းခြံပေါင်းစုံ၊ ဘုရားပေါင်းစုံ၊ ကန်တော်ကြီး၊ အင်းယား၊ ကျွန်တော်တို့ မသွားဖြစ်ကြတဲ့ နေရာရယ်လို့ မရှိတော့ပါဘူး....

'ကျောင်းပိတ်လို့ မုံရွာကို ပြန်ပြီဆိုရင်လည်း ရထားပေါ်မှာ အတူတူ၊ ကျောင်းဖွင့်လို့ ရန်ကုန်သွားရင်လည်း ရထားပေါ်မှာ အတူတူ။ အို ကိုမြနီရယ်....တစ်ခြားချစ်သူတွေထက် ကျွန်တော်တို့ ပိုပျော်ခဲ့ကြတယ် ထင်ပါရဲ့ဗျာ....'

ဦးတိုးဝင်းအား သူ့စကားကို ကျွန်တော် စိတ်ဝင်စားမှု ရှိမရှိ အကဲခတ်လိုက်သည်။ သူ့စကားကို စိတ်ဝင်စားပါသည်။

ဦးတိုးဝင်းသည် စကားပြောကောင်းသူ တစ်ယောက်ပေပဲ။

ဦးတိုးဝင်း စကားပြောကောင်းလိုက်သမျှ ကျော်ထင်ပင် တစ်လုံးမျှ ဝင်ပြောချိန်မရ။ ပါးစပ်အဟောင်းသားဖြင့်သာ နားထောင်နေရသည်။

'ကျွန်တော် စတုတ္ထနှစ်ရောက်တော့ ဖေဖေ ဆုံးသွားတယ်။ စီးပွားရေး လုပ်ငန်းဖြစ်တဲ့ ရက်ကန်းရုံကိုတော့ မမအပျိုကြီးနဲ့မေမေက ယိုင်နဲ့နဲ့ဆက်ထိန်းတယ်....



'အဲဒီအချိန်မှာ ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေ ဖြစ်နေကြပြီဆိုတာ နှစ်ဘက် မိဘတွေ သိနေကြပြီ ထင်ပါရဲ့၊ ဒါပေမယ့် သဘော တူသည်၊ မတူသည် မပြောကြဘူး။ မသိသလိုပဲ နေကြတယ်....

'ဒီလိုနဲ့ကျွန်တော်တို့ ကျောင်းပြီးသွားတော့ ခင်လေးနွယ်နဲ့ လက်ထပ်မေးဖို့ မေမေ့ကို ဖွင့်ပြော လိုက်တယ်။ မေမေကလည်း ခင်လေးနွယ်တို့ မေမေကို သွားပြောတယ်။ ခင်လေးနွယ်တို့ ဘက်က ပြန်ပြော လိုက်တာက ကျွန်တော်အလုပ်ရမှ လက်ထပ်ပေးမယ်တဲ့လေ။ နှစ်ဆယ့်သုံးနှစ်သာ ရှိသေးတဲ့ ကျွန်တော်ဟာ လူငယ်စိတ်နဲ့ ဒေါ ဆန်သွားတာပေါ့....

'သူတို့မှာလည်း ကုန်သည် လုပ်ငန်းနဲ့ စီးပွားရေး ဆလျှငယ်၊ ကျွန်တော့်ဘက်မှာလည်း ရက်ကန်းရုံ လုပ်ငန်းနဲ့ စီးပွားရေး မပူပင်ရဘူး၊ ဘာအလုပ်မှ လုပ်စရာ မလိုဘူး၊ ဒါ သက်သက်အချိန်ဆွဲတာလို့ ကျွန်တော် မြင်တယ်....

'ဒါနဲ့ ကျွန်တော် ခင်လေးနွယ်တို့အိမ်မသွားတော့ဘူး၊ ခင်လေးနွယ်နဲ့လည်း သိပ်မတွေ့ဖြစ်တော့ဘူး။ ရက်ကန်းရုံကိုလည်း မမနဲ့မေမေက ဦးစီးနေတာမို့ ကျောင်းပြီးလို့ အချိန်ပြည့် အားလပ်နေတဲ့ ကျွန်တော်ဟာ လက်ဖက်ရည်ဆိုင် တစ်နေကုန် ထိုင်တယ်၊ တွေ့ရာလူနဲ့ ပေါင်းတယ်၊ ဝိုင်းတာ ဒေါင်းတယ်၊ ဒါတွေနဲ့ပဲ အချိန်ဖြုန်း နေလိုက်တယ်....

www.burmeseclassic.com

www.burmeseclassic.com



'တစ်နေ့တော့ ခင်လေးနွယ်တို့ ဖေဖေက ကျွန်တော့်ကို သူ့အိမ်ခေါ်တယ်ဗျာ။ ကျွန်တော် သွားတွေ့တော့ မင့်ကို ငါမိတ်ဆွေရဲ့ သားမို့ တူအရင်း တစ်ယောက်လို စောင့်ရှောက်ရမယ့် ဝတ္တရား ငါ့မှာ ရှိတယ်...တဲ့၊ မင်း ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး။ အခု ကြေးနီစီမံကိန်းမှာ အင်ဂျင်နီယာတွဲရတွေ ခေါ်နေတယ်၊ မင်း အဲဒီကို အလုပ် သွားလျှောက်ပါ၊ စီမံကိန်းကြီးကြပ်ရေးမှူးက ငါ့မိတ်ဆွေ၊ ငါစာရေးပေးလိုက်မယ်တဲ့...

'အဘိုးကြီးကတော့ တကယ်စေတနာအရင်းခံနဲ့လား၊ သူ့သမက်လောင်းကို အလုပ်သွင်းပေးထားတာလို့ ဂုဏ်ယူချင်လို့လား မသိဘူး၊ ကျွန်တော်ကတော့ နဂိုကတည်းက သူ့အပေါ် အမြင်မကြည်လင်နေတာ တစ်ပိုင်း၊ မညာမနာ မာနလေးက တစ်ပိုင်းဆိုတော့ ခပ်ရှင်းရှင်းပဲ ငြင်းပယ်ပစ်ခဲ့တယ်...

'အန်ကယ် သွင်းပေးမှ ရတဲ့ အလုပ်ကို ကျွန်တော် မလုပ်နိုင်ဘူးလို့၊ ခင်လေးနွယ် ကလည်း ဒီ အလုပ်ကို လျှောက်ဖို့ တိုက်တွန်းသေးတယ်....

'ကျွန်တော်ကတော့ ဘူးခါလိုက်တာပဲ၊ အဲဒီတော့ ဘယ်လိုမှ ပြောမရ ဆိုမရ မာရေခကြာရေ နိုင်လွန်းလှတဲ့ ကျွန်တော့်အတွက် ခင်လေးနွယ်လည်း ကြိတ်ပြီး ကြေကွဲရတာပေါ့ဗျာ'

'ကျွန်တော်ကတော့ ကိုယ်မှန်တယ် ထင်ရင် မမြင်တဲ့ လူစားမို့ ခင်လေးနွယ်ကို ချစ်ပေမယ့် အားလုံးကို



ဥပေက္ခာပြုထားလိုက်တယ်၊ ဘာအလုပ်မှလဲ မလျှောက်ဘူး၊ လက်ဖက်ရည်ဆိုင် တစ်နေကုန်ထိုင် တွေ့ဆုံလူနဲ့ ပေါင်း၊ ပိုက်ဆံဒေါင်းနဲ့ပဲ အချိန်ဖြုန်းနေတာပေါ့'

'ဒီလိုနဲ့ နှစ်နှစ်လောက် ကြာသွားတယ် ကိုမြနီရေ၊ အဲဒီအချိန်မှာမှ အောက်ကနေချ အိပ်ပျော်နေတဲ့ ကျွန်တော့်ကို အဖြစ်ဆိုးကြီး တစ်ခုက အလန့်တကြား လှုပ်နှိုးလိုက်တယ်၊ မေမေနဲ့တွဲပြီး ယက္ကန်းရုံကို ဦးစီးနေတဲ့ မမအပျိုကြီး ဆုံးသွားတယ်လေ၊ အကုသိုလ် ဆိုတာ အဖော် အပေါင်းနဲ့လာတတ်တာ ဟုတ်တယ်ဗျ။

'မေမေလည်း မမကို လွမ်းဆွေးပြီး နှလုံးရောဂါနဲ့ ကွယ်လွန်သွားပြန်တယ်၊ မေမေ ကွယ်လွန်တော့ မေမေ ရှိစဉ်က သိပ်အဆက်အသွယ် မလုပ်ကြတဲ့ အိမ်ထောင်ခွဲ အစ်ကို အစ်မတွေကလာပြီး အမွေခွဲကြပြန်တော့၊ ကျွန်တော့်အတွက်တော့ အိမ်နဲ့ခြံပဲ ကျန်ခဲ့တယ်။

'အဲဒီတော့မှ ကိုယ့်စွမ်း ကိုယ့်စ လုံးဝမပါဘဲနဲ့ ဘဝကို တည်ဆောက်လို့ မရနိုင်ဘူးဆိုတာ နားလည်သွားတယ်'

'ကျွန်တော် အလုပ်မလုပ်လို့ လုံးဝ မဖြစ်တော့ဘူး၊ ရရာ အလုပ်တစ်ခုကို အမြန်ဆုံး လုပ်မှ ဖြစ်တော့မယ်၊ ကံအားလျော်စွာ ပါပဲ၊ အဲဒီအချိန်မှာ ဝန်ထမ်းလေ့ကျင့် ရွေးချယ်ရေးက သတ္တုတွင်း အင်ဂျင်နီယာတွေ ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်တော် လျှောက်တာပေါ့၊ သူတို့ခေါ်စစ်တဲ့ စာရေး ဖြေ၊ နှုတ်ဖြေ စစ်တာမျိုး တွေကိုလည်း ကြိုးစားပြီး ဖြေတယ်၊ ဒါနဲ့ မြန်မာပြည်တောင်ဖျားက သတ္တုတွင်း တစ်ခုမှာ အင်ဂျင်နီယာ အလုပ်ရတယ်’

‘အလုပ်ရတော့မှ နှစ်နှစ်လုံးလုံး မေ့ထားခဲ့တဲ့ ခင်လေးနွယ်ကို သတိရလာတယ်၊ ကျွန်တော် ခင်လေးနွယ်ကို သွားတွေ့တယ်၊ ကိုယ်အလုပ်ရပြီ၊ လက်ထပ်ဖို့အတွက် မင့်ဖေဖေကို ဖွင့်ပြောလိုက်ရအောင်ပေါ့။

‘ဒီတော့ ခင်လေးနွယ်က ပြောတယ်၊ ရှင်ဟာ တစ်ချိန်တုန်းက ဖေဖေ့စေတနာကို အောက်တန်းကျကျ စော်ကားခဲ့တယ်။

‘ကျွန်မကိုလည်း နှစ်နှစ်လုံးလုံး မေ့လျော့ထားခဲ့တယ်၊ အခုမှလာပြီး အလွမ်းသယ် မနေနဲ့တော့၊ မြန်မာပြည် အစွန်အဖျားကိုလည်း ကျွန်မ မလိုက်နိုင်ဘူး၊ ရှင့်ကိုလည်း လက်မထပ်နိုင်တော့ဘူးတဲ့’

‘မျှော်လင့်ချက်တွေနဲ့ လာခဲ့တဲ့ ကျွန်တော်ဟာ ငိုင်ဆင်းသွားတာပေါ့ဗျာ၊ ငါးနှစ်လောက် အတူတွဲလာခဲ့တဲ့ ငယ်ပေါင်း ချစ်သူတစ်ယောက်ကို လက်လွှတ် လိုက်ရပြီဆိုတဲ့ အသိက ကျွန်တော့်ရင်ကို စင်ဆောင့်တယ်။

အဲဒီအချိန်မှာမဲ ခင်လေးနွယ်က သတင်းစာတစ်စောင် ကို ထုတ်ပြတယ်၊ ဒီမှာ ကြည့်စမ်းပါဦး၊ ဖေဖေ ရှင့်ကို အလုပ်သွင်းပေးမယ်ဆိုတုန်းက ကြေးနီစီမံကိန်းကို အလုပ်



ဝင်သွားကြတဲ့ ရှင့်သူငယ်ချင်း ကျောင်းဆင်းဘက်တွေ လေ။

‘အခု ယူဂိုဆလားဗီးယားကို ပညာတော်သင် သွားရ ပြီတဲ့လို့လည်း ပြောလိုက်တယ်’

‘ငယ်ပေါင်းချစ်သူတစ်ယောက်ကို လက်လွှတ်ဆုံးရှုံး ရပြီမို့ ငိုင်ဆင်းနေတဲ့ ကျွန်တော်ဟာ ဝက်ဘက်က လဲပြို သွားတော့မယောင်တောင် ဖြစ်သွားတယ်၊ နိုင်ငံခြား သွားရတယ်ဆိုတာ ရတောင့်ရခဲမျှ ဒုလ္လဘတစ်မျိုး မဟုတ် လား၊ ကျွန်တော်ဟာ ဒီအခွင့်အရေးကြီးနဲ့လည်း လွဲရ ပြန်ပြီပေါ့လေ။

‘အခုတော့ ကျွန်တော့် သူငယ်ချင်း ကျောင်းဆင်း ဘက်တွေဟာ ခင်ဗျားတို့ကြေးနီသတ္တုတွင်းမှာ နိုင်ငံခြား ပြန်ဆိုတဲ့ဂုဏ်ထူးနဲ့အတူ ရာထူးကြီးကြီးတွေလည်း ပိုင်ဆိုင် နေကြပြီပေါ့၊ ကျွန်တော်မှာသာ ဒီနေ့အထိ နိုင်ငံခြား လည်း ပညာတော်သင်သွားခွင့်မကြုံသေး၊ သူတို့လောက် လည်း ရာထူး ကြီးကြီးမရသေး ဖြစ်နေတာပေါ့’

‘ကျွန်တော် ပြောချင်တာက အဲဒါပဲ ကိုမြနီရေ၊ ကိုယ်တိုင်က ဘာမျှ အဖြစ်မရှိဘဲနဲ့၊ အဖြစ်ရှိအောင်လည်း မကြိုးစားဘဲနဲ့ တလွဲ မာနထားပြီး ဖေဖေ့ မိတ်ဆွေ အဒေါ် ယဉ်အပေါ် မိုက်ရိုင်းမိတာတွေ၊ စေတနာ စော်ကားမိ တာကြောင့် ကျွန်တော် ဒီနေ့အထိ ဒဏ်ခံနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘဝကို တိပ်ခွဲလို နေ့ခက်ပြန်ရစ်ပြီး ပြန် စ လို့ ရရင် အန်ကယ်အစည်း ကြေးနီစိမ်ကိုန်းမှာ အင်ဂျင်နီယာဘွဲ့ရ တွေ့ ခေါ် နေတယ်။

'မင်းသွား လျှာက်ပါ၊ စိမ်ကိန်း ကြီးကြပ်ရေးမှူးက ဂျိုမိတ်ဆွေ၊ စာရေးပေးလိုက်မယ်လို့ ပြန်ပြောချင်တယ်။

'ကျွန်တော်လည်း ဟုတ်ကဲ့ အန်ကယ်လို့ ရိုရို သေသေ ပြန်ဖြေလိုက်ချင်တယ်၊ အဲဒီအခါ ကြေးနီစိမ်ကိန်းမှာ အလုပ်ရ၊ နိုင်ငံခြားကို သွားရ၊ ခင်နလးနွယ်နဲ့လည်း လွှက်ထပ်လို့ပေါ့၊ ကိုမြနိရေ၊ ဘဝ ဆိုတာ တိပ်ခွေ မဟုတ်ဘူးဗျာ'

ဦးတိုးဝင်းက သူ့စာအားကို အဆုံးသတ်ပြီး အေးစက်နေသည့် လက်ဖက်ရည်လက်ကျန်ကို မော့ချလိုက်သည်။

ဒါကတော့ ဦးတိုးစင်း၏ တသသ အလေးပင်း သူ့ဘာသာကလေးက ကိုယ်ပိုင်အဖြစ် မရှိပါဘဲနှင့်၊ အဖြစ်ရှိအောင်လည်း မကြိုးစားပါဘဲနှင့် ထလွဲ မာနထားခဲ့မိသည့် လူငယ်တစ်လး၏ အကျိုးယုတ်မှု အကြောင်းပင်။

ဦးတိုးဝင်းက သူ့အကြောင်းကို ဝတ္ထုရေးစမ်းပါဗျာ ဟု မပြောသော်လည်း ကျွန်တော် ရေးရပေတော့မည်။ ဝတ္ထုအမည်က တိပ်ခွေမဟုတ်သော ဘဝ။

* * *

သာသနာ့ ဝါဝါဝတ်သည့်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ညီမအေး

အစ်ကို စာရေးလိုက်တယ်။

လိုရင်း ရေးရရင်တော့ အစ်ကိုဒီဇင်ဘာ(၂၇) ရက်၊ (၂၈)ရက်မှာ လှူမယ်။ ဆိုင်း၊ မင်းသမီး၊ ဘိုသိက်ထားစာ အစုံလုံး စီစဉ်ပြီးပြီ

ညီမလေးရဲ့ သားကိုလည်း ရှင်အစ်ပါ၊ အစောနဲ့ ထည့်ထားတယ်။ ညီမလေးတို့ မိသားစု အဖြစ် နေအောင် လာခဲ့ကြပါ။

မင်းရဲ့အစ်ကို
ညွှန့်တင်

ရွာမှ အစ်ကိုတစ်ဝမ်းကွဲ ကိုညွှန့်တင်ဆီက စာတစ်စောင် ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်စာကို ကျွန်တော် မျှော်လင့်ထားပြီးသား ဖြစ်၏။ ဟိုတစ်ခေါက် ရွာပြန် ရောက်စဉ် ကတည်းကပင် ကျွန်တော့်ကို အစ်ကိုက သည်ကိစ္စ ပြောပြလိုက်သည်လေ။

'ငါ့ညီ… လာမယ့် ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာ အစ်ကို့သားကို ရှင်ပြုမယ်။ အဲဒီကျ မင့်သားကိုလည်း တစ်ခါတည်း ရှင်ပြုလှူလိုက်ပါ။ မင်းတို့ ကုသိုလ်ရအောင် ပရိက္ခရာဖိုးတော့ ထည့်လိုက်ပေါ့…

'ဒီအတွက် မင့်သားကို မင်းကိုယ်တိုင် မလှူရလို့ စိတ်မကောင်းမဖြစ်နဲ့။ ရှင်ပြုပွဲမှ လုပ်ပြီဆိုရင် ဒီခေတ်မှာ ဘယ်လောက်ကျဉ်းရှုံ့ရှုံ့ တစ်သောင်းလောက် ကုန်မယ်။ ဒီငွေတစ်သောင်း စုမိဖို့ဆိုတာ မင်းတို့ လခစားတွေအဖို့ မလွယ်ဘူး…

'အစ်ကိုကတော့ တောင်သူကြီးမို့ ကိစ္စမရှိဘူး၊ စိန္တာ လုပ်သိမ်းဆောင်စားလည်း ရတော့… ဆိုင်း၊ မင်းသမီး၊ ဘိသိက်၊ မဏ္ဍပ်၊ ဆွမ်း စုံအောင်ထည့်ပြီး ရှစ်သောင်းကုန်လောက် အလှူပေးမယ်။ အလှူရက်သေချာတော့ အစ်ကို စာထည့်လိုက်မယ်၊ မင်းတို့မိသားစု အားဖြစ်အောင် လာခဲ့ကြ…'

အခုတော့ အလှူရက် သေချာပြီမို့ အစ်ကို စာထည့်လိုက်ပြီပေါ့။

သည်စာကလေးကြောင့်ပင် ကျွန်တော်တို့ဇနီးမောင်နှံ အချေအတင် စကားများရပါတော့၏။



'ကဲ လှိုင်ရေ… အစ်ကို့ဆီကတော့ စာရောက်လာပြီ၊ သူတို့လှူဖြစ်မယ်တဲ့။ ကိုယ်တို့မိသားစု ပြန်ကြစို့နော်'

'ရှင်ကလည်း ချဉ်းချဉ်းစားစား လုပ်စမ်းပါ၊ ကိုယ့်မှာ ဒီသားကလေးတစ်ယောက်ရှိတာ ကိုယ့်ဟာကိုယ် မလှူရင် ရှက်စရာကောင်းမှာပေါ့။ သူများ အလှူထဲတော့ မထည့်ချင်ပါဘူး'

'အလှူ တစ်လှူ လုပ်တယ်ဆိုတာ အနည်းဆုံး ငွေ တစ်သောင်းတော့ ကုန်မှာကွ။ ငွေတစ်သောင်းစုမိဖို့ဆိုတာ ကိုယ်တို့အဖို့ မလွယ်ဘူး'

'ဘာပဲဖြစ်ဖြစ် သူများအလှူထဲတော့ မထည့်ချင်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ လှူမယ်'

'ဒါဆိုရင်လည်း ပရိက္ခရာတစ်စုံဝယ်ပြီး တို့မိသားစု ဘုန်းကြီးကျောင်းကိုသွား၊ သားကို သရဏဂုဏ်သုံးပါး ပီပီသသ ရွတ်ဆိုပြီး သာမဏေ ဝတ်ပေးလိုက်ရအောင်လေ'

'အို… ဒီလောက်ကြီးလည်း ပြီးပြီးရော့ မလှူချင်ပါဘူး'

'ဒါ ပြီးပြီးရော လုပ်တာမဟုတ်ဘူး လှိုင်ရဲ့၊ ရှင်သာမဏေ ဖြစ်ဖို့က အဓိက မဟုတ်လား၊ မြတ်စွာဘုရားလောင်းမှ သားတော်ရာဟုလာကို သာသနာ့ဘောင်အတွင်း သွတ်သွင်းတဲ့အခါ ဒီနည်းနဲ့ သွတ်သွင်းခဲ့တာ မဟုတ်လား။ တို့ကမှ ကိုယ့်သားကလေး သာသနာ့ဘောင် သွတ်သွင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ ဘုန်းကြီးကျောင်းကို ကိုယ်ရော လူ်ရော လိုက်လိမ့်ဦးမယ်....

'ရဟန်းသာကို သာသနာ့ဘောင် သွတ်သွင်းတဲ့ အခါ တုန်းက မြတ်စွာဘုရားလည်း မပါဘူး၊ မယ်တော် ယသော်ဓရာလည်း မပါဘူး။ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန်တို့ဆီမှာပဲ အပ်လိုက်တာ မဟုတ်လား'

'အဲဒါက ဘုရား သက်တော် ထင်ရှား ရှိစဉ် တုန်းက ခေတ်ရှင်း အခုခေတ်မှာတော့ အဲဒီလိုလုပ်ရင် လူကဲ့ရဲ့စရာ ဖြစ်မှာပဲ၊ ဆိုင်းတွေ၊ မင်းသမီးတွေ၊ ဘိသိက်တွေ မထည့်နိုင်တောင် အနည်းဆုံး လူတွေကို ဖိတ်ပြီး ဟင်းကောင်း ဟင်းမွန်နဲ့ ထမင်းကျွေးနိုင်မှ တော်အယ်မှာ'

'ဘုရား သာသနာကို သွတ်သွင်းတဲ့ပွဲမှာ ဘုရားသက်တော်ထင်ရှားရှိစဉ်တုန်းက ရှေ့ဆောင်လမ်းပြလုပ်သွားတဲ့ အတိုင်း လိုက်လုပ်တာဟာ လူကဲ့ရဲ့စရာ ဖြစ်ရော့လား။ ကျက်လိုက်ပါဘိ မလိုင်ရှုယ်'

'ခက်တာက ကျွန်မ မဟုတ်ဘူး ရှင်ပါ၊ ဒီလိုကြီးလုပ်လို့ တယ်ဖြစ်မလဲ၊ လူမှုရေးလည်း ကြည့်ဦးမှပေါ့'

'အေး ဟုတ်တယ်။ သားရှင်ပြုတဲ့ ပွဲမှာ အလုပ်ထဲက ဟိုလူကြီး ဒီလူကြီးတွေ၊ ရပ်ကွက်ထဲက ဟိုလူကြီး ဒီလူကြီးတွေ၊ မိတ်ဆွေအပေါင်းအသင်းနဲ့မထင်းရာမကောင်းကြောင်း လူကြီးတွေဖိတ်ပြီး ဟင်းကောင်း ထမင်းမွန်နဲ့ထမင်းကျွေးတယ်ဆိုတာ ဘာသာရေး ထက် လူမှုရေး နွယ်လာတဲ့ သဘောပဲ။ ပြီးတော့ ဆိုင်းတွေ၊ မင်းသမီးတွေ၊ ဘိသိက်



တွေ ငှားတယ် ဆိုတာကျတော့ ဂုဏ်ပကာသန နွယ်လာတာ။ ပုထုဇဉ်တွေပဲကွာ... လူမှုရေးတို့၊ ဂုဏ်ပကာသနတို့ ဆိုတာ လုပ်ချင်ကြမှာပေါ့။ လုပ်ချင်လို့ လုပ်နိုင်လို့ လုပ်ရင်လည်း ကောင်းတာပေါ့...

'ဒါပေမယ့် လုပ်ချင်လို့ မလုပ် နိုင်သူများ ကျတော့ ဝန်ထုပ် ဝန်ပိုး ဖြစ်လာတယ်လေ။ မြတ်စွာ ဘုရားရဲ့ သာသနာတော်ဟာ အင်မတန် ဝန်ထုပ် ဝန်ပိုး ကင်းတဲ့ ကိစ္စပါ...

'ဒါကြောင့် ဘုန်းကြီး ရဟန်းများရဲ့ နေ့စဉ်ဆွမ်းကိစ္စကိုတောင်မှ ဒကာ ဒကာမတွေ ဝန်ထုပ်ဝန်ပိုး မပိအောင် တစ်ဇွန်း တစ်ယောက်မစီ လှည့်လည် ခံစား စေခဲ့တော်မူတာ မဟုတ်လား'

'ထမင်းရည်ချောင်းစီး မောင်းတီးပြီးလှူတယ်ဆိုတာလည်း သီရိဓမ္မာသောကမင်းကြီး လက်ထက်ကတည်းက စခဲ့တာပဲ၊ အခုခေတ်မှ ပေါ်လာတာ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ သီရိဓမ္မာသောကမင်းကြီး ဆိုတာ အိန္ဒိယ တစ်တိုက်လုံးကို ပိုင်ဆိုင်အုပ်ချုပ်တဲ့ မင်းကြီးပျ။ သူက ထမင်းရည်ချောင်းစီး မောင်းတီးပြီး လှူခဲ့တိုင်း အိန္ဒိယ တစ်တိုက်လုံး မဆိုထားနဲ့၊ လက်သီးတောက်စာ မြေတောင် မပိုင်ဆိုင်တဲ့ တို့တ လိုက်လှူရင် တို့မှာ ဝန်ထုပ် ဝန်ပိုးကြီး ပိမှာပေါ့'

'ဒါဆိုသားကို ရှင့်အစ်ကိုရဲ့အလှူမှာပဲ တွဲပြီးရှင်ပြုပေးလိုက်တော့မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ပြောတဲ့ နည်းနဲ့လဲ မလိုင်အရှင်မပြုချင်၊ မလိုင်ပြောတဲ့နည်းနဲ့လဲ ကိုယ်တို့ ရှင်မပြုနိုင်ဆိုတော့ အဲလိုပဲ စစ်ကိုယ့်အလှူမှာ တစ်ခါတည်းတော့ပြီး ရှင်ပြုပေးလိုက်တာ အကောင်းဆုံးပေါ့'

ကျွန်တော့် ဇနီးက မျက်နှာကို တမင်ရှုံ့ပစ်လိုက်သည်။

'ဒီမှာဆရာကြီးရဲ့ သီရိဓမ္မာသောကမင်းကြီးနဲ့ပတ်သက်ပြီး ရေတွင်းပေါင်းရှစ်သောင်းလေးထောင် ရေအိန်ပေါင်းရှစ်သောင်းလေးထောင် လှူဒါန်းသော်လဲ သာသနာ့အမွေခံ သာသနာ့ဒါယကာ မဖြစ်နိုင်သေး၊ မိမိ၏ သားကိုဖြစ်စေ၊ သူတစ်ပါး၏သားကိုဖြစ်စေ သာသနာ့ဘောင် သွတ်သွင်း ချီးမြှင့်ပေးမှသာလျှင် သာသနာ့အမွေခံ သာသနာ့ဒါယကာ ဖြစ်နိုင်တယ်ဆိုတဲ့ စကားကိုရော မေ့ထားလို့ဖြစ်မလား'

'ဒီစကားကို ကိုယ်မမေ့ပါဘူးမလိုင်ရယ်၊ မိမိ၏သားကိုဖြစ်စေ၊ သူတစ်ပါး၏သားကိုဖြစ်စေ၊ သာသနာ့ဘောင် သွတ်သွင်း ချီးမြှင့်မှသာလျှင် သာသနာ့အမွေခံ သာသနာ့ဒါယကာဖြစ်တယ်ဆိုပြီး သီရိဓမ္မာသောကမင်းကြီးဟာ သားတော်မဟိန္ဒနဲ့ သမီးတော် သင်္ဃမိတ္တာကို ရဟန်းပြုပေးတော်မူခဲ့တာသိပါတယ်၊ အမှန်က သီရိဓမ္မာသောကမင်းကြီးဟာ ဗုဒ္ဓရဲ့အဆုံးအမခံ နိဗ္ဗာန်မဂ်ဖိုလ် တရားကိုကျင့်ဆောင်မယ့်သာဝကဦးရေ တိုးပွားစေအောင်ထောက်ပံ့ပေးခဲ့တဲ့သဘောပဲ၊ သားတော်မဟိန္ဒနဲ့ သမီးတော်သင်္ဃ



မိတ္တာတို့ဟာ အမှန်တကယ်ပဲ ဗုဒ္ဓရဲ့အဆုံးအမခံ တပည့်သာဝကရဟန္တာတွေ ဖြစ်ကုန်ကြတယ်၊ သီရိဓမ္မာသောကမင်းကြီးလဲ သာသနာ့ဒါယကာဖြစ်သွားတယ်ပေါ့'

'ဒါဆိုရှင်ရော သာသနာ့ ဒါယကာ မဖြစ်ချင်ဘူးလား'

'ကိုယ်ကြည်ညိုကိုးကွယ်တဲ့ သာသနာ့ဒါယကာ ဖြစ်ချင်တာပေါ့ မလိုင်ရယ်'

'ဖြစ်ချင်ရင် ကိုယ့်သား ကိုကိုယ်တိုင် လှူရမှာပေါ့၊ သူများအလှူထဲ ထည့်လို့ဖြစ်မလား'

'မလိုင်ရေ... ဒါက ဒီလိုရှိတယ်ကွ၊ ကိုယ်က သာသနာ့အမွေခံ သာသနာ့ ဒါယကာ ဖြစ်ချင်တယ် ဆိုတဲ့ ဆန္ဒနဲ့ကိုယ့်သားအလေးကို ကိုယ်တိုင် ရှင်ပြုအလှူပွဲ ခြိမ့်ခြိမ့်သဲအောင် လုပ်ပေးလိုက်တယ် ထားပါတော့...

ကိုယ့်သားအလေးဟာ သာမဏေဘဝမှာ ပေါ်တီးပေါ်ဆန်နဲ့ သိက္ခာသီလမရှိ နှစ်ပါးကို စောင့်ထိန်းအောင် မကျင့်ကြံဘူးဆိုရင် ရှင်ပြုပေးလိုက်တဲ့ ကိုယ်တို့ ဒါယကာတွေမှာ ရည်ရွယ်ချင်း အကျိုးအပြည့်အစုံ ရနိုင်ပါ့မလား၊ သာသနာ့အမွေခံ သာသနာ့ဒါယကာ ဖြစ်နိုင်ပါ့မလား၊ ကိုယ့်သားအလေးဟာ သာမဏေဘဝမှာ ရှုနှစ်ပါး စောင့်ထိန်းအောင် ကျင့်ကြံမယ်ဆိုရင် သူများ အလှူမှာ ထည့်လိုက်ရသော်လည်း ကိုယ့်သားအရင်း ဖြစ်နေတာ [illegible] တည်းနဲ့တင် သာသနာ့အမွေခံ သာသနာ့ဒါယကာ ဖြစ်နေပါပြီ၊ ဘာကြောင့်လဲ ဆိုတော့ [illegible] ပြောခဲ့

www.burmeseclassic.com

www.burmeseclassic.com



သလို မြတ်စွာဘုရားသောင်မှ သားတော် ရာဟုလာကို အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ် မြတ်ကြီး တို့ဆီမှာလွှဲပြီး သာသနာ့အမွေ ပေးခဲ့သားတာပဲ မဟုတ်လား’

‘ကဲ…ကဲ ရှင့်ကို ကျွန်မ အရှုံးပေးပါပြီ’

‘ဒါဆိုရင် သားအလေးကို ကိုယ့်အစ်ကို တစ်ဝမ်းကွဲ အစ်ကိုညွန့်တင်တို့ အလှူမှာ ရှင်ခါသည်း ထည့်လှူဖို့ ကိစ္စ မလိုင် သဘောတူပြီပေါ့နော်’

‘တူပါပြီတဲ့ ရှင်’

ကျွန်တော့် ဇနီးက အလျော့ပေးလိုက်သည့် ပုံမျိုးဖြင့် ပြောသည်။ မည်သို့ဖြစ်စေ ဇနီးသည် သဘောတူသည် ဆိုလျှင် ကျွန်တော် စိတ်ချမ်းသာရပါပြီ။

‘အလှူရက်မတိုင်ခင် ကြိုပြန်ရအောင် စီစဉ်ထားနော် မလိုင်၊ ကိုယ်လည်း အလုပ်က ခွင့်ယူဖို့ခွင့်စာကြို တင်ထား လိုက်မယ်’

‘ကောင်းပါပြီ’

သို့ဖြင့် ကျွန်တော်တို့မိသားစုအလေး အစ်ကို့ အလှူ ကို ပြန်ဖို့ ပြင်ဆင်ကြသည်။ ကျွန်တော့် အတွက်၊ ဇနီး အတွက်၊ သားအတွက် ပုဆိုး အင်္ကျီမှအစ ဖိနပ်အထိ လူ ချင်း တူအောင် ဝယ်ရသည်။

ခရီးဆောင်အိတ်ကြီး တစ်လုံး ဝယ်ရသည်။ အခြား ခရီးသွားသုံး တိုလီမိုလီပစ္စည်းတွေ ဝယ်ရသည်။ သား



အတွက် ပရိက္ခရာဖိုးငွေချန်ရသည်။ ဒါနှင့်ပင် ငွေအတော် ကုန်သွားသည်။

ကိုယ်တိုင် အလှူတစ်ခု လှူလိုက်မည် ဆိုလျှင်အား အည်ထက် အဆများစွာ ကုန်ကျသွားပေလိမ့်မည်။ ကျွန် တော်တို့မှာ နားလှန်မထူနိုင်အောင်လည်း ကြွေးတင်သွား ပေလိမ့်မည်။

( ၂ )

အလှူရက် နီးအပ် လာသော အခါ ကျွန်တော်တို့ မိသားစု ရွာပြန်ခဲ့ကြသည်။

ဆစ်နေ့နှင့် တစ်ည ထားအဆင့်ဆင့် စီးပြီးတော့ မိုင် ပေါင်း နှစ်ရာ့ငါးဆယ်ကျော် ဝေးကွာသည့် ရွာလေး သို့ ရောက်သွားသည်။

ကျွန်တော်တို့ ရောက်သွားသည်ဆိုလျှင် အလှူဒါယ ကာ ကိုညွန့်တင်နှင့် အလှူ ဒါယကာမ မလှမြင့်တို့မှာ ဝမ်းသာမဆုံး။ သူတို့မှာ ကျွန်တော့် သားကို အလှူ ဖိတ် စာထဲတွင် ရှင်လောင်းစာရင်း ထည့် ထား ပြီး သားမို့ ရောက်မလာမှာကို စိုးနေကြသည်။

အခု ရောက်လာပြီဆိုတော့ စီစဉ်ထားသည့် အတိုင်း အထမြောက်သွားပြီမို့ ဝမ်းသာကြသည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လိုပင်အလှူဒါယိကာမ မလှမြင့်၏မောင် တော်သူ ရဲမြင့်သည်လည်း သူအလုပ်နေရာ တောင်တွင်းကြီးမြို့မှ ရောက်ရှိလာသည်။

ကျွန်တော်မှာ အလှူကို အကြောင်းပြုပြီး အနှစ်နှစ် အလလက ကွဲကွာနေခဲ့သော သူငယ်ချင်း ရဲမြင့်ကို ပြန်တွေ့ရ၍ ဝမ်းသာရသေး၏။

အစ်ကိုညွန့်ဘင်၏ အလှူမဏ္ဍပ်ကို တစ်ပတ်ခန့် ကြိုတင်ပြီး ဆောက်သည်။ မဏ္ဍပ်ဆောက်သည့်နေ့မှာ ရွာသူ ရွာသားတွေက ဓား၊ လွှ၊ တူ၊ တူရွင်း စသည့်ဖြင့် ကိုယ့်ရှိရာ ပစ္စည်းတွေယူလာပြီး တပျော်တပါး ဝိုင်းဝန်း ဆောက်ပေးကြသည်။ အလှူဒါယကာနှင့် အလှူဒါယိကာမတို့က မဏ္ဍပ်ဆောက်သူတွေကို ထမင်းချက် ကျွေးသည်။

ကျွန်တော် မဏ္ဍပ်ဆောက်သူတွေကို အကဲခတ်ကြည့်မိသည်။ သူတို့သည် လုံးဝ ခိုကပ်ခြင်းမရှိ။ မည်သူ့အစ်ဦး တစ်ယောက်ကမှလည်း ကြီးကြပ်စေခိုင်းရခြင်း မရှိပါဘဲ ကိုယ့်အသိနှင့် ကိုယ်ကြုံရာ ကျရာအလုပ်ကို တက်ညီလက်ညီ ဝင်လုပ်သွားကြသည်။ အလှူကို အမှန်တကယ်ပဲ တက်ကြွပျော်ရွှင်စွာ ကူညီ လုပ်ကိုင် ပေးကြသော ရွာသူရွာသားများပါပေ။

အလှူနေ့မတိုင်မီ နှစ်ရက်အလိုတွင်တော့ ကျွန်တော်တို့ရွာကလေး၏ ထုံးစံအတိုင်း ဆောက်ပြီးစ မဏ္ဍပ်ထဲမှာ အလှူအတွက် စုဝေးတိုင်ပင်ကြသည်။



ထိုစုဝေးတိုင်ပင်ရာသို့ အလှူဒါယကာ အလှူဒါယိကာမတို့၏ နှစ်ဘက်ဆွေမျိုးမောင်ချင်းများနှင့်အတူ ရွာသူ ရွာသားတွေ တက်ရောက်ကြသည်။ လူအုပ်အလယ်တွင်တော့ ဒီဇင်ဘာဆောင်းချမ်းညကို တတ်နိုင်သမျှ အနွေးယူဖို့အတွက် ထင်းမီးဖိုကြီးတစ်ဖိုဖိုထားသည်။

စုဝေးတိုင်ပင်ခြင်းကိစ္စကို ရပ်မိရပ်ဖလည်း ဖြစ်၊ အလှူဒါယကာ၏ အကြီးလည်းဖြစ်သူ ဦးထွန်းငွေက ဦးဆောင်သည်။

'အလှူ ဒါယကာ ကိုညွန့်ဘင်၊ အလှူ ဒါယိကာမ မလှမြင့်တို့ အလှူမှာ ဘုန်းကြီး ဆယ့်ငါးပါး ပင့်မှာတယ်။ ပရိသတ် နှစ်ထောင် ဖိတ်ပါတယ်၊ အဲဒီအတွက် ညှော်ခံကျွေးမွေးဖို့ ဆန်တင်း သုံးဆယ်နဲ့ ဝက်သား တစ်ရာ့ရှစ်ဆယ်ပိဿာရှာ ထားပါတယ်၊ မလောက် နိုင်၏ မလောက်နိုင်၏ ဆွေးနွေးကြဖို့ပါပဲ'

ဦးထွန်းငွေက တင်ပြလိုက်သည်နှင့် စုဝေး ရောက်ရှိလာကြသည့် သူတွေက လောက်နိုင်၏၊ မလောက်နိုင်၏ တိုင်ပင်ညှိနှိုင်းကြသည်။ ပြီးတော့ ပစ္စည်းရှာထားမှုကို လောက်နိုင်သည်ဟု ဆုံးဖြတ်ကြသည်။

'ကျွေးမွေး ညှော်ခံဖို့ ပစ္စည်းရှာထားမှု ဆွေးနွေးပြီးတော့ အလှူနေ့မှာ လုပ်ကိုင်ဆောင်ရွက်ဖို့ တာဝန်ခွဲပေးကြရမှာ ဖြစ်ပါတယ်၊ အလှူမှာ ရထား၊ စိမ့်ထားအမျိုး ပစ္စည်းပစ္စယအားလုံးကို အလေအလွင့်မရှိအောင် လိုအပ်တဲ့အခါ အလွယ်တကူ ထုတ်ပေးနိုင်အောင် ကြပ်စီးရမယ့်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကို အလှူဒါယကာရဲ့ အထွေးတော်သူ ဦးစိန်ဆ တုန်းက ယူရမှာ ဖြစ်ပါတယ်၊ ဦးစိန်ဆတုန်း ဒီတာဝန် ကို ယူနိုင်ပါ့မလား'

ဦးထွန်းငွေက အစည်းအဝေး ဆန်ဆန်ဖြင့် သူ့ညီ ဦးစိန်ဆတုန်းကို မေးလိုက်သည်။

'ဟာ — ဆစ်ကိုဆလဲ၊ အာလို မယူနိုင်ရမှာတုန်း၊ ဗျာ၊ ကိုယ့်တို့ရဲ့အလှူ ကိုယ် တာဝန်မယူလို့ ဘယ်သူယူမှာတုန်း'

ဦးစိန်ဆတုန်းက အစည်းအဝေး မဆန်လှစွာ သဘော ရိုးကြီးဖြင့် ပြန်ပြော လိုက်တော့ လူတွေ ရယ်မောကြ သည်။

ဟုတ်တော့လည်း ဟုတ်နေ၏။ ဦးထွန်းငွေတို့ ဦးစိန် ဆတုန်းတို့ ဆိုသည်မှာ အလှူဒါယကာ ကိုညွန့်တင်၏ဖခင် ဦးထွန်းရွှေ၏ညီအချင်းတော့။ ကိုညွန့်တင်၏ဖခင် ဦးထွန်း ရွှေက လွန်ခဲ့သည့် လေးငါးနှစ်အပင် ကွယ်လွန်သွား၊ ရှာ ပြီမို့ သည်အလှူကို သူတို့မှ ဦးစီး မလုပ်လျှင် ဘယ်သူ တွေ ဦးစီး လုပ်မည်နည်း။

ဟိုတစ်ချိန် အမွေခွဲကြစဉ်က လောဘသပ်လျှိုမိ၍ စိတ်ဝမ်းကွဲပြားခဲ့ရသော မွေးချင်း အစ်ကိုတွေသည် ယခု အချိန်တော့ သင်ပုန်းချေမေ့လျော့ ပစ်ရလေပြီ။ မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေတဲ့၊ တစိမ်းတွေ အချင်းချင်း တောင် အမုန်းကို ကြာကြာ ပွေ့မထားစကောင်းဘူး မဟုတ်လား။



မွေးချင်းချင်းဆိုရင် ဘယ်မှာ ကြာရှည် ကြာမြှော မလို မုန်းထားဖို့ သင့်ပါ့မလဲလေ။

'အလှူပွဲသာ ပရိသတ်ကို လက်ဖက်ကွမ်းဆေးတည့်ဖို့ အတွက် ဒေါ်စောရင်က ဦးဆောင်ရန် တာဝန်ကျပါ တယ်၊ ဒေါ်စောရင် ဒီတာဝန်ကို ယူနိုင်ပါ့မလား'

ဦးထွန်းငွေက အလှူဒါယကာ၏ အဒေါ်လည်း ဖြစ်၊ သူ့ညီမလည်းဖြစ်သူ ကျွန်တော်တို့ အမေကို မေးလိုက်ပြန် သည်။

'အို… ကိုရင်ရလည်း စာဟန်ပေဟန်နဲ့ မေးနေရသေး တယ်လို့ ဒီတာဝန်ကို ကျုပ် မယူနိုင်ဘဲလား တော်'

'ဟား ဟား ဟား'

အမေ ဒေါ်စောရင်၏ စကားကြောင့် လူတွေ ရယ်ကြ ပြန်သည်။

ကြော်… ခုလိုအရေးကိစ္စ ရှိလာတော့လည်း မွေးချင်း တွေ စည်းစည်းလုံးလုံး သိုက်သိုက် ဝန်းဝန်း ပါပဲလား။

ထို့ကြောင့်ပဲ…

'ကိုယ့်မွေးချင်းချင်း မုန်းတယ်ဆိုတာ တစိမ်းတွေ ချစ်တာ ချစ်သလောက်တော့ ချစ်သေးတယ်'

လို့ ပြောကြတာ ဖြစ်ပေလိမ့်မည်။

ထို့နောက်မှတော့ ဦးထွန်းငွေက အလှူမဏ္ဍပ်ဆောင် တိုက်ဖို့ လည်းတာဝန်ကျသူများ၊ ဆိုင်းမင်းသမီးလိုက်ဖို့ လည်းတာဝန်ကျသူများ၊ သောက်ရေသုံးရေတိုက်ဖို့ လည်း တာဝန်ကျသူများ၊ ထမင်းချက်ဖို့ ကျွေးဖို့တာဝန်ကျသူ

www.burmeseclassic.com

www.burmeseclassic.com



မျှားစသဖြင့် ဖထောင့်ခဲ့ရအောင် တာဝန်ခွဲခဲ့ ချထား ပေးသည်။

ဦးထွန်းရွှေ ခွဲဝေချထားပေးသည့် တာဝန်ကိုမည်မျှ မငြင်းဆန်ကြ ကြသည်မှာ ဦးထွန်းရွှေ၏ ဩဇာတိက္ကမကို မလွန်ဆန်ချင်ကြ၍ချည်းမဟုတ်။

သူတို့ကိုယ်တိုင်က ကိုယ့်ရပ်ကိုယ့်ရွာထဲမှ အလှူတန်း ကိစ္စကို စိတ်ရောကိုယ်ပါ အားတက်သရော ကူညီဆောင် ရွက်ပေးချင်သည့် စေတနာတွေကြောင့်ဖြစ်သည်။

အလှူနေ့ ရောက်သောအခါ ရွာနီးချုပ်စပ်မှ အလှူ ဒါယကာ ဒါယိကာမတို့၏ ဆွေမျိုး မိတ်သင်္ဂဟတွေ ရောက်လာကြသည်။

အလှူပွဲသည် ဟိုရွာသည်ရွာမှ ဆွေမျိုးမိသင်္ဂဟအချင်း ချင်း၊ ဟိုရွာသည်ရွာနှင့် ရွာခံဆွေမျိုး မိသင်္ဂဟ အချင်း ချင်း တွေ့ဆုံကြသည့် ပွဲတော်လေးလိုဖြစ်နေသည်။

တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မာကြောင်း သာ ကြောင်းမေးကြ၊ စီးပွားရေးကြောင်း လူမှုရေးကြောင်း မေးကြဖြင့် ကြည်နူးဆွတ်ပျံ့ဖွယ်အတိ ပြီးနေတော့၏။

အလှူအဝင်နေ့ ညနေစောင်း ဝန်ခင်းမင်းခင်းတွေဖြင့် စည်ကားသိုက်မြိုက်စွာ ရှင်လောင်းလှည့်သည်။ လောကီ လောကုတ္တရာ၏ အမြတ်ဆုံးသော ရတနာ သုံးပါးဝင် ရှင်ဖြစ်မည့် အလောင်းအလျာသည် စကြာဝတေးမန္ဓာတ် မင်းများကဲ့သို့ ဘုန်းကျက်သရေ ရှိသည်ဟု ဆိုထားသည် မဟုတ်လော။



သည့်အတော့ မောင်ရှင်လောင်းကို မင်းမြောက်တန်ဆာ နှင့်တကွ ရတနာမျိုးစုံဆင်ပြီး မြင်းရတနာစီး၍ ရွှေ ထီးမိုးကာ ဝန်ခင်းမင်းခင်း အခြံအရံ အတီးအမှုတ် အဆာအခုန်တွေဖြင့် ဧက်သာယူ လှည့်လည်ရပေမည်ပေါ့။

ရှင်လောင်းလှည့်ရာတွင် တစ်နှစ်ပတ်လုံး နေ့ပူမရှောင် မိုးရွာမရှောင် ယာထဲချောင်းထဲမှာ လုပ်ကိုင်နေရသည့် ခင်မေလည်း အလှပြင်ခွင့်ရသည်။

တစ်နှစ်ပတ်လုံး ဆိုင်ချောင်း၊ သိုးကျောင်းလုပ်နေ ရသည့် မြရွှေလည်း အလှပြင်ခွင့်ရသည်။

သူတို့နည်းတူ တစ်နှစ်ပတ်လုံး အလုပ်နှင့်လက်မပြတ် လုပ်နေကြရသည့် ရွာ့ကုမ္မာရီ သမီးပျိုအားလုံး အလှ ပြင်ခွင့်ပြုခွင့်ရကြသည်ပေါ့။

အလှူမင်္ဂလာ၏ ကျက်သရေဗျာစည်းမှာ နှင့် ရွာ၏ ကျက်သရေ ကုမ္မာရီအမျိုးသမီးဆိုမှာ မနဆိုသည့် အငွ ထသာ အရာတို့၏ အဆီအမိန့်နှင့်အညီ အလှူမင်္ဂလာ မဏ္ဍပ်ထဲမှ ဆိုင်းတော်မင်္ဂလာ 'ပလုတ်ဖြူနီး' ဆိုသော ဗျာသံဖြင့် အလှူကျက်သရေကို ဆောင်နေသလို ရှင် လောင်း လှည့်ရာတွင်ပါဝင်သူ ကုမ္မာရီ အမျိုးသမီးများ ကလည်း ရွာ့ကျက်သရေကို အပြည့်အဝ ဆောင်ပေး ပေပြီ။

ညမိုင်းတွင် စိန်ကိုလေး၏ ဆိုင်းတော်မင်္ဂလာ[illegible] နာရီလောက်အထိ ညှော်ခံဆိုင်းတီးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် မကျွပ်ထဲမှထောင် တုတာင်ဆိုပြီး မင်းသမီး ရိရိခင်းအငြိမ့်ဖြင့် ဖြေဖျော်သည်။

ညပိုင်း အငြိမ့်ကြည့်ရာမှာလည်း ကျွမ်းရှိအမျိုးသမီးများက ညနေရှင်လောင်း လှည့်စဉ်ကနှင့်မတူ အစ်မျိုးတဖုံ့အလှပြင်လို့ပင်။

ရွာကာလသားတွေကလည်း မကျွပ်ထဲတွင် ရှိနေသည့် ကိုယ့်ချစ်သူကို မျက်ရိပ်ပြ၍ ချစ်ကြူးသွယ်လို့ပင်။

အလှူပြီးနေ့မနက်ပိုင်းတွင်တော့ ရွှေရောင်တဖိတ်ဖိတ် တောက်မကျွပ်ကြီးရှေ့မှာ အလှူပွဲဟာသူ အခင်အထွက်တွေဖြင့် ပုံမှီးညကား သိုက်မြိုက်လှသည်။

ရွာသူရွာသားတွေမှာ မိမိတို့ကျေးရွာ ထောင့်အနေပြီး အလှူလာသမျှ မရိုသော် စိတ်ချမ်းမြေ့အောင် ကျွေးမွေးဧည့်ခံရ၊ အလှူရေလျှာဝင်စွလုပ်ရဖြင့် ကိုယ်မပေါ်မှာ ချွေးတလုံးလုံးဖြစ်နေသည်။

သို့သော် သူတို့မျက်နှာတွေမှာ တပြုံးပြုံးပင်။

နေ့လည်ဘက်တွင် မောင်ရှင်လောင်းတို့ကို ဘိသိက်ဆရာက ဘိသိက်သွန်းလောင်းသည်။ ဒါနခန်း၊ ဘုရားကန်တော့ခန်း၊ မိဘကန်တော့ခန်း၊ ဆရာကန်တော့ခန်း၊ ရေစင်ဖျန်း၊ ချည်မန်းကွင်းစွပ်၊ ထမင်းခွံ့၊ ဆံချစသည်ဖြင့် ဘိသိက်ဆယ့်နှစ်ခန်းစေ့အောင် သွန်းလောင်းသွားသည့် ဘိသိက်ဆရာ၏ အပြောအဟောတွေအလွန်းမှတ်သားလောက်ပါပေသည်။



ညနေစောင်းချိန်ရောက်တော့ အလှူရေစက်ချ တရားနာသည်။ တရားပွဲတွင် ဆရာတော်ဘုရားက မင်္ဂလသုတ်တော်ကို ဘုရားဟောဇာတာအ နိပါတ်တော်တွေဖြင့် ကြားညှပ်၍ဆိုပြီး ဟောသွားသည်မှာ ကြည်ညိုနာယူဖွယ်ကောင်းလှနိုးလှ၏။

အလှူတရားနာ ရေစက်ချပြီးတွင် ရွာစားကျော်စိန်ကိုလေး အလှူဒါယကာ ကိုညွန့်တင် အလှူဒါယိကာမ လှမြင့်တို့၏သား ရှင်ပြုအလှူတော်ခုကဲသာ အောင်မြင်ပြီးဖြစ်ပါကြောင်း နောင် အစဉ်အဆက် ပြောရအောင် မင်္ဂလာပျော ချပါလေတော့၏။

( ၃ )

အလှူပွဲပြီးနောက် တစ်နေ့တွင် ကျွန်တော့် ဇနီးက ကျွန်တော့်ကို စောဒကတက်လာပါလေ၏။

'ကျွန်မတို့ သားကလေးကို ရှင်ပြု အလှူပွဲ လုပ်ချင်တယ်ဆိုတော့ ရှင်က ငါတို့ဗုဒ္ဓသာသနာဟာ အင်မတန်သုံစဝန့်ပိုးဆင်းတာ။ ဒီသာသနာ သွတ်သွင်းတဲ့ ကိစ္စကြောင့် ဝန်ထုပ်စန့်ပိုး အပိုမခံသင့်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



'မြတ်စွာဘုရားဟောင် သင်္ဂြိုဟ်ရာကျော်ကိုဘယ် ဆိုသာသနာ့ခေါင် သွတ်သွင်းပေးခဲ့တာနဲ့ ဟောလိုက် ပြောလိုက်တာ၊ အခု ရှင့်အစ်ကိုက ဆိုင်းတွေ မင်းသမီး တွေ ဘိုသိက်တွေနဲ့ ရွှေရောင်ဖိတ်ဖိတ်တောက် မဏ္ဍပ်ကြီး ဆောက်ပြီး ရှစ်သောင်းကုန် လှူတာကျတော့ ဘာလို့ အဲဒါတွေ မဟောမပြောတာတုန်း'

ကျွန်တော် ဇနီးပြောတာလည်း ဟုတ်နေပေ၏။ ကျွန် တော်အစ်ကိုလှူတာကျတော့ သူ့ကိုပြောသလိုမပြော မိပေ။

'ဒါဆိုတော့ ဒီလိုရှိတယ်မလှိုင်ရဲ့'

'ပြောစမ်းပါဦးရှင်'

'ကိုယ်တို့လို မတတ်နိုင်တဲ့လူတွေအဖို့ သာသနာတော် သွတ်သွင်းတဲ့ သားရှင်ပြုကိစ္စမှာ ဆိုင်းတွေ၊ မင်းသမီး တွေ၊ ဘိုသိက်တွေငှား၊ ရွှေရောင်ဖိတ်ဖိတ်တောက်မဏ္ဍပ် ကြီးဆောက်၊ ပရိသတ်ထောင်ချီဖိတ်၊ ထမင်းရည်ချောင်း စီးကျွေးပြီး ဝန်ထုပ်ဝန်ပိုးမိအောင် မလုပ်သင့်ဘူး၊ အစ် ကိုညွန့်တင်တို့လို ယာသီးယာနှံရလို့ တတ်နိုင်လို့ လုပ်တာ ကျတော့ သူတို့မှာ ဝန်ထုပ်ဝန်ပိုး မဖြစ်တဲ့အတွက် လုပ်သင့်ပါတယ်

အဲဒီလိုလုပ်တဲ့အတွက် တစ်ဘက်ကလည်း အကျိုး ကျေးဇူး အများကြီးရှိလာပါတယ်'



'ဟော… ရှင်ဆိုတော့ လုပ်ပြန်ပြီ၊ ဘယ်လိုကျေးဇူး တွေလဲ ပြောပြစမ်းပါဦးရှင်'

ဆိုင်း၊ မင်းသမီး၊ ဘိုသိက်တွေ ငှားတဲ့အတွက်မြန် မာ့ယဉ်ကျေးမှု အနုပညာကို ဆက်လက်တည်တံ့အောင် အားပေးချီးမြှောက်ရာ ရောက်တယ်ကွာ။

မဏ္ဍပ်ဆင်ထည့်တဲ့အတွက် မြန်မာ့ရိုးရာစပ်ယန်းချီလုပ် ငန်းကို မတိမ်မြုပ်အောင် ဖော်ထုတ်ပေးရာ ရောက်တယ် ကွာ။

သည်အလှူပွဲကြောင့် တစ်ချိန်ကမသင့်မြတ်ခဲ့တဲ့ မွေး ချင်းဆွေမျိုးတွေ ပြန်လည်ချစ်ခင် စည်းလုံးလာနိုင်တယ် ကွာ။ တစ်မြို့တစ်နယ်စီ ဝေးကွာနေသူချင်း ပြန်လည် ဆုံနိုင်တယ်ကွာ။

ပြီးတော့ အလှူပွဲမှာ ရွာသူရွာသားတွေ မောရမှန်း မသိ၊ ပန်းရမှန်းမသိ ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးရတဲ့ အတွက် ရပ်ရွာရဲ့စည်းလုံးညီညွတ်မှုအားကို ပြရာရောက် တယ်ကွာ။

ယုတ်စွအဆုံး တစ်နှစ်မယ်လုံး ယာထဲချောင်းထဲမှာ အလုပ်နဲ့လက် မပြတ်လုပ်နေကြတဲ့ ရွာသမီးပျိုတွေ အလှ ပြင်ခွင့် အလှမြင့်ခွင့်ရတယ်ကွာ၊ ချစ်သူချင်း တွေ့ကြုံ သွယ်ခွင့်ရတယ်ကွာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ...

'ဘော်ပါဒေဘာ့ရှင်၊ တော် အနေကာစင်း မြင်ချင်မြန်ဖော့လဲ ဓောင်းကွက်တွေက မကုန်နိုင်ပဲကိုး'

'ဒါပေါ့မယ်လို့ရယ်၊ ဘယ်အရာမျိုးမဆို ဘယ်ကိစ္စမျိုးမဆို ကောင်းတာဆိုးတာ ဒွန်တွဲရှိတာမပါ၊ တို့လူသားတွေကလဲ ကောင်းတာ ဆိုးတာကို မျှမျှအအမြင်အောင် ကြည့်တတ်ကြရမယ် မဟုတ်လား'

* * *

# ပြေးလမ်း မှား နေ သော နွားကလေး

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

မိုးလေအောင်းစင်စ သီတင်းကျွတ်အဖြစ်၌ ရာသီဥတုက ကြည်မြစွာ လုပနေသည်။

စွတ်စိုထိုင်းမှိုင်းမှုလည်းမရှိ ခြောက်ခြောက်သွေ့သွေ့ ကြီးလည်း မဟုတ်။ မပူလွန်း မအေးလွန်းနှင့် တအေးယ့်ကို ရာသီဥတု သာယာရွှင်လန်းလှပေ၏။

သည်ရာသီဥတု၏ နံနက်ခင်းအလေးတစ်ခုမှာ ခြောက်မိုင်ကျော် ဝေးကွာသည့် တောကျောင်း ဘုရား ပွဲသို့ လျှောက်နေမိသော ကျွန်တော့် ခြေ လှမ်း တွေ သည် ပေါ့ပါးလန်းဆန်းဖြစ်နေ၏ ရာသီဥတု၏ပေးမှုဖြင့် သွက်လက်၍ နေသည်။

တောကျောင်းဘုရားပွဲကို ကျွန်တော် မရောက်ဖြစ်တာ ဆယ်နှစ်ကျော်လောက် ရှိခဲ့ပြီ ထင်သည်။ သည်နှစ်တော့ ကိုအောင်မြင့်နှင့်အတူ သူတို့ရွာ တောကျောင်းဘုရားပွဲကို လာဖြစ်

www.burmeseclassic.com



အောင် လာခဲ့ပါဟု အဘန်တန်ဖိတ်မန္တကပြုသဖြင့် လာခဲ့ရခြင်း ဖြစ်သည်။

ကိုထင်မြင့်ကို အစက မသိ။ ကျွန်တော် ကြေးနီသတ္တုတွင်းတွင် တာဝန် ထမ်းဆောင်မှ ကိုယ့် ကျောက်ပန်းတောင်း နယ်သားချင်း ဆိုသည်၊ ရင်းနှီးမိကြခြင်း ဖြစ်သည်။ ယခု သူရော ကျွန်တော်ပါ ကိုယ့်ဇာတိကို ခွင့်ပြန်ခဲ့ကြသည်။

သူနှင့် ကျွန်တော်မှာ ကျောက်ပန်းတောင်း နယ်ချင်း တူသော်လည်း၊ ရွာချင်းတော့ မတူ။ သူက ကျောင်းစုရွာ၊ ကျွန်တော်က ဘင်္ဂရွာ။

ကျောက်ပန်းတောင်းကို ရောက်လို့ သူ့ရွာ ကိုယ့်ရွာ ထမ်းခွဲအပြန်မှာ သူတို့ ကျောင်းစုရွာ၏ တောကျောင်း ဘုရားပွဲကို လာဖြစ်အောင်လာခဲ့ဖို့ ဖိတ်တော့၊ ကျွန်တော် သွားရသည်ပေါ့။

ရွာက ထွက်ခဲ့လို့ နှစ်မိုင်လောက် လျှောက်မိတော့၊ နောက်မှ ချူသံ ကလွင်လွင်ဖြင့် မောင်းလိုက် လာသော လှည်းသံကို ကြားရသည်။ ဘယ်ကို သွားမည့်၊ ဘယ်သူ့ လှည်း ဖြစ်လေသနည်း။

တောကျောင်း ဘုရားပွဲကို သွားမည့် ကျွန်တော်တို့ ရွာက ကျွန်တော့် အသိ လှည်းပေလော။ သို့ဆိုလျှင် ထိုလှည်းကြုံဖြင့် ဘုရားပွဲကို လိုက်သွားရမည်။

ကျွန်တော် မျှော်လင့်စွာ ရပ်စောင့်နေလိုက်မိ၏။

ဟုတ်ပါသည်....။



ကျွန်တော် တွေးထင် ထားသည့်အတိုင်းပင်၊ တောကျောင်းဘုရားပွဲကို သွားမည့် ကျွန်တော်တို့ရွာမှ လှည်း ဖြစ်နေသည်။ လှည်းပေါ်တွင် လိုက်ပါလာသူ နှစ်ယောက်မှာ ဘကြီးဦးမြယာနှင့် ထွန်းဆောင်။

နွားနှစ်ကောင်ကို ထိပ်အုပ်ဇမ်းပတ်ကြိုးတို့ဖြင့် လှပစွာ တန်ဆာ ဆင်ထားသည်။

'မောင်ဗျာ၊ ဘယ်သူများ တုန်းလို့ အစ်ကိုကြီး ကိုး၊ တောကျောင်းဘုရားပွဲကို သွားမလို့လား၊ ကျုပ်တို့လှည်းနဲ့ လိုက်ခဲ့လေ'

ကျွန်တော် အနီး ရောက်လာတော့၊ လှည်းပေါ်မှ ထွန်းဆောင်က [illegible] ခေါ်သည်။

'လာဟေ့ ...လှည်းပေါ်တက်လေဟာ'

ဘကြီးဦးမြယာကလည်း နွားနှစ်ကောင်ကို ကန်ကြိုး ဆွဲကာ လှည်းရပ်ပေးသည်။ ကျွန်တော်လည်း ယားရာ ခြင်ကိုက် အကြိုက် ကျစွာပင် လှည်း ပေါ် တက် ထိုင် လိုက်၏။

'အစ်ကိုကြီးက ဒီလောက်ဝေးတဲ့ တောကျောင်းဘုရား ပွဲကို ကြိုးစားပန်းစား သွားလို့ပလား'

'အေးကွာ၊ မုံရွာ ကြေးနီ သတ္တုတွင်းမှာ ခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်နဲ့ တွေ့ရလို့ပါ'

'ဒါနဲ့ ကျုပ်တို့လည်း သွားမယ်ဆိုတာ မသိဘူးလား ဗျာ၊ အခုတော့ အစ်ကိုကြီး နည်းနည်းခြေညောင်းသွား တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီဆောက်ခဲ့တဲ့ ဘုရားပွဲကို သွားသူ မရှိလောက်ဘူး ထင်လို့ စုံစမ်းမကြည့်မိဘူးကွာ'

'ဟာ ကျုပ်တို့ကတော့ သွားပြီ လား ဗျာ၊ တော ကျောင်းဘုရားပွဲမှာ နွားပြိုင်ပွဲ ပါတယ်ဗျာ၊ 'စံရွှေ'ကို ဒီပွဲမှာ ပြိုင်မယ်လေ'

'စံရွှေ ဆိုတာက'

ထွန်းဆောင် စကားကို ရှုတ်တရက် နားမလည်ဟန်ဖြင့် ဖြတ်မေးလိုက်သည်။

'စံရွှေဆိုတာကတော့ ဒီအလှည့်ဘက် (ညာဘက်)က ကျုပ်နွားနာမည်လေ'

ထွန်းဆောင်သာ လှည်းထဲတွင်အလှည့်ဘက်(ညာဘက်) မှ ရုန်းနေသော နွားကို လက်ညှိုးညွှန်ပြီး ရှင်းပြလိုက်မှ သဘောပေါက်သွား၏။

'ဒီအောင်က ဘုရားလည်း ဖူးရင်း၊ လိပ်ဥလည်း တူး ရင်း၊ လိပ်ကြီးကိုလည်း ဖမ်းရင်းပေါ့'

ဘကြီး ဦးမြယာသာ ဝင်ပြောသည်။

'ရည်ရွယ်ချက်တွေ များလှချည်လား'

'များဆို ဒီလိုကွ၊ ဘုရားပွဲလည်း သွားရင်း၊ သူ့ ကောင်မလေးကိုလည်း တွေ့ရင်း၊ သူ့ ကောင်မလေးနဲ့ မင်္ဂလာဆောင်စရိတ် ရအောင် နွားပွဲလည်း လောင်းရင်း ပေါ့'

'ဘကြီးကလဲဗျာ'

ထွန်းဆောင် ရှက်ဟန်လို ဝင်ပြောသည်။



'ထွန်းဆောင်က မင်္ဂလာဆောင်ဖို့တောင် ရည်ရွယ်နေ ပြီကိုး၊ ဘယ်သူနဲ့လဲ၊ တို့များ မသိရဘူးလား'

ကျွန်တော်သည်း ဘာရယ် မဟုတ်၊ လှည်းစီးရင်း အပြင်းပြေစကား ရှာပြောသည့် အနေဖြင့် မေးကြည့် လိုက်သည်။

'ဟော အောင်၊ မေးနေပြီ၊ ပြောပြလိုက်လေ၊ မင်း ပြောပြချင်နေတာနဲ့ အတော်ပဲ မဟုတ်လား'

'ဟဲ ဟဲ၊ အောင်မလေးက ကျုပ်တို့ ရွာသူ မဟုတ်ဘူး ဗျ၊ စမ်းတွင်းကြီးရွာသူ၊ နာမည်က အိခင်တဲ့'

ထွန်းဆောင်က ရယ်ကျဲကျဲဖြင့် ပြောပြသည်။

'ဒါနဲ့ အစ်ကိုကြီးက စာရေးဆရာ ဆိုတော့ ကျုပ်တို့ အကြောင်းများ ဝတ္ထုထဲ ထည့်ရေးလိုက်မလား၊ ရေး တော့ မရေးလိုက်ပါနဲ့ဗျာ'

'ရေးသင့်ရင်ရေးရမှာပေါ့ကွ၊ ဒါပေမယ့် ငါ ရေးလို့ မင်း ဘာမှ စနစ်နာစရာမပါဘူး၊ စာရေးဆရာ ဆိုတာ သူများအကောင်းကို စာလုံးအဖြစ် ဖန်တီးနေကြသူတွေမှ မဟုတ်တာ'

'ဒါဆိုလဲ အစ်ကိုကြီး သဘောပါဗျာ'

'လုပ်ပါ၊ မင့်အကောင်မလေးအကြောင်း ဆက်ပြော ပြစမ်းပါဦး၊ သူနဲ့မင်းက တစ်ရွာစီပဲ ဥစ္စာ ဘယ်လို တွေ့ခဲ့ကြတာတုန်း'

www.burmeseclassic.com

www.burmeseclassic.com



'သူနဲ့ကျုပ် အစအဆ မသိပါဘူး၊ တွေ့ကြုံပုံအရသော့အနေတော့ ရင်ခုန်ထိန့်လှန့်စရာ အလေးနဲ့ စမိခဲ့ကြတယ်လို့ ဆိုရမှာပေါ့'

( ၂ )

ထိုနေ့ မနက်က ထွန်းဆောင် တစ်ယောက် ခက်ရင်း အရိုးတပ်ငန်းပြားကို ထမ်းလျက် ယာခင်းသို့ ထွက်လာခဲ့သည်။

နောက် သီးသိမ်းပြီးနောက် ကွက်လပ် ဖြစ်နေသော ယာခင်းထဲတွင် အကြွင်းအရိုင်းပေါက်နေသော လူခါး လောက် အမြင့်ရှိ ဘောက်ချွေးပင်များကို ထိုးခုတ် ရှင်း လင်းပစ်ရန်ဖြစ်၏။

ဘောက်ချွေးပင်တွေကို မိုးမကျမီ အပြတ်ရှင်း ပစ်နိုင် ရန် ယခုလို ရက်မှန်မှန်လုပ်နေရသည်။ ခါတိုင်း နေ့အတွက ဆိုလျှင် မိုးလင်းတာနှင့် ယာတောသို့ရောက်နေပြီ။

ယခုနေ့ထုံးလေး ဖြစ်ချင်နေသည့် စံရှားကို ဆေးရွက်ကြီး ကြိတ်ခရနှင့် မျက်စိ ခတ်ဝေးနေခဲ့သဖြင့် နည်း နည်း နေမြင့်သွားသည်။

အလုပ် ဘယ်လောက်ရှုပ်ရှုပ် စံရှားကိုလည်း နွားဆရာ ကြီး ဘကြီး ဦးမြယာက အသား၊အလှ ကောင်းသည်



ပြောထားသဖြင့် အရိပ်တကြည့်ကြည့် ဂရုစိုက်ပေးနေရ သေးသည်လေ။

ထွန်းဆောင်သည် သူ့ယာခင်းအနီးသို့ အရောက်တွင် သားစဲယာတစ်ဘက်တစ်ချက်၌ ရေချင်းယားခြုံတွေ ပိန်း ပိတ်စွာ တစ်ရံထားသော လှည်းလမ်းမကြီးကို ဖြတ်ကျော် လိုက်သည်။

'ချွင်း....ချွင်း'

ထိုစဉ် ရေချင်းယားခြုံတစ်ခုထဲမှ အရှည်ကောင်တိုး သံလိုလို တချွင်းချွင်း ကြားလိုက်ရသည်။ ဟုတ်ကောင်း ဟုတ်နိုင်၏။

သည်လမ်းမကြီးကို ဖြတ်ကူးရတိုင်း လမ်းမ ဟိုဘက် သည်ဘက်ဖြတ်ကူးထားသော အရှည်ကောင် မြွေရာ လိမ် ကောက်ကောက်တွေကို တွေ့နေရတတ်သည်။ အရှည် ကောင်ကိုတော့ အတိထားရပေလိမ့်မည်။

'ချွင်း...ချွင်း'

ရေချင်းယားခြုံထဲမှ အသံထပ်ထွက်လာပြန်၏။ ထွန်း ဆောင်သည် အရှည်ကောင်ကို တွေ့လျှင် ကိုယ်က ဦးစွာ ရိုက်သတ်နိုင်ရန် ခက်ရင်းခွအရိုးတပ် ငန်းပြားကို အသင့် အနေအထား ကိုင်လျက် ချတ်နင်းလျှောက်သည်။

'အောင်မယ်လေး....'

'ဟာ....'

www.burmeseclassic.com

www.burmeseclassic.com



မှာပြီ။ ရေချင်းယားခြုံထဲဘွင် တချောင်းချောင်း ထိုးနေသည်မှာ အရှည်အောင် မဟုတ်။ သူနှင့် လုံး၀ ရင်းနှီးဖူးခြင်း မရှိသည့် မိန်းမပျိုကလေး တစ်ယောက်ပင်။

သူမှာက ခက်ရင်းဆရိုးကြီးကို ရိုက်ဖို့ အသင့် အနေအထား ကိုင်ဆော ချုတ်နင်းဝင်လာသော ထွန်းဆောင်ကို ရုတ်တရက် မြင်ပြီး လန့်အော်သည်။

သူမကို သူ့ရွာ ကိုယ့်ရွာ အလှူပွဲ ဘုရားပွဲတွေမှာ တွေ့ဖူး မြင်ဖူးသလိုတော့ ရှိသည်။ စမ်းတွင်းကြီးရွာသူ ဖြစ်ပုံရ၏။

နာမည်ကိုတော့ လုံး၀ မသိ၊ သူမကလည်း ထွန်းဆောင်ကို ဘင်ဂွရွာသားမှန်း သိရုံလောက်သာ ရှိမည်။

'တချောင်းချောင်းတိုးသံကြားလို့ အရှည်အောင် ထင်ပြီး ရိုက်သတ်ရအောင် ဝင်လာမိတာပါဗျာ၊ လူမှန်း လုံး၀ မသိလို့ပါနော်၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်'

ထွန်းဆောင် ပျာပျာသလဲ တောင်းပန်ရပြီ၊ မတောင်းပန်လို့လည်း မရ။ တောထဲ တောင်ထဲတွင် ယောကျ်ားကလေးနှင့် မိန်းကလေး တစ်ယောက်ချင်း တွေ့ကြသည့်ကိစ္စ။

မိန်းကလေးကသာ မကျေနပ်လို့ မုကြီးချ လိုက်လျှင် ထွန်းဆောင် ဒုက္ခ တောင်းတောင်း ရောက် သွား နိုင်သည်။



အခုတော့ မိန်းကလေးသည် ဘာမှ မပြောသေး။ အလန့်တကြား ထိတ်လန့်သွားဟန်ဖြင့် ရင်ဝကိုလက်ဖြင့်ဖိပြီး မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

ထိုစဉ် မြောက်ဘက်ရှလည်း လမ်းမ အတိုင်း မိန်းကလေး နှစ်ယောက် ပြေးလာသည်။ သူမ အဖော်တွေ ဖြစ်မည်။ အော်သံကြား၍ ပြေးလာကြဟန်တူ၏။

'ဟော.... အိခင်၊ ဘာဖြစ်တာတုန်း'

မိန်းကလေး နှစ်ယောက်သည် ထွန်းဆောင်ကို မသင်္ကာကြည့်ရင်း သူတို့အဖော်ကို မေးလိုက်သည်။ သူမက ဘာမှ ပြန်မပြော၊ ယခုတိုင် ထိတ်လန့်မှု မပြေသေးဟန်ဖြင့် ရင်ဝကို ဖိထားဆဲ။

'ဟော အိခင်၊ နင် ဘာဖြစ်တာတုန်း၊ နင့်ကို ဘယ်သူက ဘာလုပ်လို့တုန်း ပြောလေဟာ'

မိန်းကလေး နှစ်ယောက်က ထွန်းဆောင်ကို ပြာအောင် သွားစေမတတ် မျက်စောင်းခဲ ကြည့်ရင်း ထပ်မေးပြန်သည်။ သူ အကြောင်းစုံ ရှင်းပြတောင်းပန်ရပြန်၏။

သို့တိုင် မိန်းကလေး နှစ်ယောက်က ထွန်းဆောင်ကို စကား ပြန်မပြော။ သူတို့ အဖော်ကိုသာ ထပ် မေး သည်။

'သူပြောတာ ဟုတ်သလား အိခင်'

'ဟုတ်ပါတယ် မထွေးရီရယ်'

www.burmeseclassic.com

www.burmeseclassic.com



'တော်အလဲ၊ အရှည်အလောင်မှန်း မသိ၊ လူမှန်း မသိ အရမ်းလုပ်တာကိုး'

အိခင် ဆိုသည့် သူမအား ထောက်ခံ သော်လည်း မိန်းအလေးနှစ်ယောက်က သိမ်မကျေနပ်ချင်၊ ထွန်းဆောင်ကို ဟောက်သည်။ ကိုယ့်အပြစ်နှင့် ကိုယ်မို့ ငြိမ်ခံနေလိုက်ရ၏။

ထို့နောက် မိန်းအလေး သုံးယောက်သည် ထွန်းဆောင်ကို လှည့်မကြည့်တော့ဘဲ။ အိခင် ခုတ်ပြီးသား ရေချင်းယားခက်အလေးတွေကို ဖပွေ့ယူပြီး ထွက်ခွာသွားကြသည်။

'ရေချင်းယားခက်တွေက ထန်းလျက်ကြိုဖို့လား'

ထွန်းဆောင်က စေတနာနှင့် မေးသည့်တိုင် ကြားပါလျက် ပြန်မဖြေကြ။

'ရေချင်းယားခက်တွေက ထန်းလျက် ကြိုဖို့လားဗျာ'

'ဟုတ်တယ်'

နောက်တစ်ခွန်း ထပ်မေးမှ မဆွေးရီဆိုသည့် အမျိုးသမီးက အငေါ်တူးသံနှင့် ဖြေသည်။

'ထန်းလျက်ကြိုဖို့ဆိုရင်တော့ ရေချင်းယားခက် ခုတ်မနေကြပါနဲ့၊ ကျုပ် ယာထဲမှာ ဘောက်ခွေးပင်တွေ တူးပြီးသား ရှိပါတယ်၊ လိုက်ယူကြပါ'

သည်စကားကြားတော့မှ သူတို့ သုံးယောက် အမင်အသည်ပြန် လှည့်ကြည့်သည်။



ရေချင်းယားခက်နှင့် စာလျှင် ဘောက်ခွေးပင်တွေကို သူမတို့ ပိုလိုချင်ကြလေမည်။ ဘောက်ခွေးက ရေချင်းယားထက် မီးတိုး ပိုခံသည်။

ပြီးတော့ တူးပြီးသား အပုံကို အသာသယ်ယူရုံပင်။

ရေချင်းယားခက်ခုတ်သလို မြွေအကြောက်ကြောက်၊ အခင်းအကြောက်ဖြင့် ခရီးတစ်လျှောက် ခုတ်နေရအုံးမည် မဟုတ်။

'တော့်ယာက ဘယ်နားမှာတုန်း'

'ဒီလှည်းလမ်းအရှေ့ဘက်က ယာခင်းပါပဲ၊ လိုက်လှည့်ကြပါ'

ထွန်းဆောင် ထင်မြီး ခေါ်တော့ သူတို့မှ မနေနိုင်ကြ။

'ဘောက်ခွေးပင်တွေ များရဲ့လား'

'များပါတယ်'

'ဒီလိုဆိုရင် ခဏ စောင့်ဦးနော်၊ ကျုပ်တို့ဆိုင်း ထမ်းသွားယူလိုက်ဦးမယ်'

သူတို့သုံးယောက် ခပ်သုတ်သုတ် ထွက်ခွာ သွားကြသည်။ ထွန်းဆောင် ခဏရပ်စောင့်နေလိုက်၏။ ခဏကြာတော့ ဆိုင်းထမ်း ကိုယ်စီနှင့် ပြန်လာကြသည်။

ထွန်းဆောင်က သူတို့ သုံးယောက်ကို ယာခင်းသို့ ဦးဆောင် ခေါ်ယူလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယာခင်းထဲတွင် ထွန်းဆောင် ရိုက်ပေါင်းများစွာ တွေ့ စောင်ရေဖို့ထားသော ဘောက်ခွေးပင်တွေက အများကြီး။ သူတို့ သုံးယောက် လျှော်ဆိုင်းထမ်းဖြင့် ခုနစ်ထမ်း ရှစ်ထမ်းစီလောက် သယ်ယူကြဦးတော့ ကုန်နိုင် လိမ့်မည် မထင်။

'ကဲ... ခင်ဗျားတို့လိုအပ်ရင် ကုန်အောင်ယူ သယ်ကြတော့ဗျာ၊ ဒီနေ့ မကုန်လည်း နောက်နေ့တွေ သယ်ကြပေါ့'

သူတို့ သုံးယောက် မျက်နှာပေါ်တွင် ဝမ်းသာမှုတို့ ဖုံးဖိရနိုင်အောင် ပေါ်လွင်လာကြသည်။ သူတို့ စမ်းတွင်းကြီးရွာတွင် သည်လိုမျိုးရဖို့ မလွယ်။

စမ်းတွင်းကြီးရွာတွင် ထန်းသမားတွေ များသဖြင့် ထန်းလျက်ကြိုထင်းတွေ အဆမတန် ဈေးကြီး လာသည်။ ထန်းသမားတွေမှာ ထင်းကိုချည်း ဝယ်မသုံးနိုင်။

တောင်သူတော့ ယာရှင်းထားသည့် ဘောက်ခွေးတို့ အိုင်းငုတ်တို့ကို ထန်းလျက်နှင့်လဲယူပြီး၊ ထန်းလျက်ကြိုထင်း အဖြစ် အသုံးပြုရသည်။

ယခုဆိုလျှင် ဘောက်ခွေးတို့ ကိုင်းငုတ်တို့ပင် ထန်းလျက်ပေးတိုင်း ရဖို့ မလွယ်တော့။ ထန်းသမားတွေက များလွန်းသဖြင့် အလုအယက် လဲယူနေကြသည်။

သည်တော့ ခရီးတအား နှိုက်ပြီး ရေချင်းယားခက် ခုတ်ကြရသည်။ ရေးချင်းယားခက်ကလည်း စမ်းတွင်း



ကြီးရွာနားတွင် မရှိတော့။ စမ်းတွင်းကြီးရွာနှင့် အင်ဝ ရွာကြားရှိ အင်မျိုးတောအထိ တက်ရှာနေကြရပြီ။

သည်နေ့တော့ အိခင်တို့ ဟန်ကျသွားပြီပေါ့။ အင်မျိုးတောအထိ သက်ခဲ့ရပေမယ့် ရေချင်းယားခက်လျှောက် ခုတ်နေစရာ မလိုတော့။ အသင့်တူးပြီး ပုံထားသော ဘောက်ခွေးပင်တွေကို ဆိုင်းထမ်းထဲ ထည့်ထမ်းပြီး ပြန်ရုံပင်။

အစတုန်းက ရမ်းကားဖုန်းကားဟု ရန်တွေ့လိုသော မထွေးရီသည်ပင် အခုတော့ ထွန်းဆောင်ကို ကျေးဇူး တင်သွားပြီ။

'ဘောက်ခွေးပင်တွေက အများကြီးပဲ၊ ခင်ဗျား မနစ်နာရအောင် ထန်းလျက်နဲ့လဲပါလား၊ ဒါတွေ အကုန်လုံး ထန်းလျက်ဘယ်လောက် ပေးရမှာတုန်း'

မထွေးရီက အလဲအလှယ် စကားဆိုသည်။

'ထန်းလျက်ပေးစရာ မလိုပါဘူးဗျာ'

'ဘယ်ဟုတ်မတုန်း၊ ကျုပ်တို့ သူများတွေဆီလည်း ဒီလိုပဲ လဲယူနေကြတာပဲ'

'ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ အလကား ပေးတယ် ဗျာ'

'ဒါဆို ကျေးဇူးတင်ပါတယ် တော်'

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခင်တို့သုံးယောက်သည် မြွေများမြွေးဆိုဆိုပင် ဘောက်ခွေးပင်တွေကို ဆိုင်းထန်းတွေထဲ သိပ်ထည့်ကြသည်။

ထွန်းဆောင်သည် ဘောက်ခွေးပင်တွေ အပြည့်သိပ်ထည့်ယူနေကြသောသူတို့သုံးဦးကိုကြည့်ပြီး သဘောကျနေမိ၏။

အရင်နှစ်က ဒါတွေကိုယူသွားရှိ၊ ဘင်ဂွရွာမှာ ထန်းသမား များများစားစားမရှိတော့ ထန်းလျက်ကြိုထင်း သိပ်မရှား ရွာခြေမှာ ထင်းရှာလို့ရသည်။

ဆင်ပျိုတောအထိ အသိထန်းသမားအနေ့ ဖက်ခရွာ။ သူများရွာက ထန်းသမားတွေနှင့်လည်း မစပ်မိခဲ့။ သည်တော့ အရင်နှစ်တွေက မီးပုံရှို့ ပစ်ရတာချည်း။

မီးရှို့ပစ်တော့လည်း မီးမလောင်ဘဲ ကျန်နေတတ်သော အငုတ်တစ်မျိုးပြန်ပွားသည်။ ဘောက်ခွေးကလည်း ကိုင်းနှင့်သိပ်မထူ၊ အသက်ပြင်းသည်၊ အပွားမြန်သည်။ မီးမရှို့ဘဲ ယာစည်းဘောင်မှာ ပုံထားပြန်တော့လည်း နည်းနည်းနောနော မဟုတ်သဖြင့် ယာထွန်သည့်အခါ နှောင့်ယှက်တတ်သည်။

ပြီးတော့ မိုးကောင်းမှသာ ကောင်းနိုင်သည်။

'ကျုပ်တို့ပြန်ဦးမယ်၊ ကျေးဇူးတင်တယ်နော်'



ဆိုင်းထမ်းတော့ ပြည့်သွားပြီမို့ သူတို့ကပြန်ရန် နှုတ်ဆက်သည်။

'ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ခုစာစောတာကျုပ်ရှမ်းဆားမိတာ ခွင့်လွှတ်တယ်ဆိုရင်ကိုပဲ ကျေနပ်လှပါပြီ'

'ခွင့်လွှတ်ပါတယ်ဗော်၊ အိမ်ခင်ရော ခွင့်လွှတ်တယ် မဟုတ်လား'

မထွေးရီကအိမ်ခင်ကိုပါအဖော်ညှိပြီးပြောသည်။ အိမ်ခင် ခေါင်းငြိမ့်၏။

'ဝမ်းသာပါတယ်ဗျာ၊ ဒါနဲ့ခင်ဗျားတို့ နောက် တစ်ခေါက် လာယူကြဦးမှာလား'

'ခရီးကလှမ်းလို့ ဒီနေ့မလာနိုင်တော့ဘူး။ နောက်နေ့မှဘဲလာတော့မယ်။ ဒါတွေ ဘယ်သူ့မှ မပေးမပစ်လိုက်နဲ့နော်ကို ဟို_ အဲ...'

ကျုပ်နာမည် ထွန်းဆောင်ပါ'

'ဪ.... ကိုထွန်းဆောင်၊ မနက်ဖန်ကျ တော်ရုံ ထန်းလျက်ယူခဲ့မယ်'

'စေတနာရှိသည်း ယူခဲ့ကြပေါ့ဗျာ'

'ဟုတ်ကဲ့ ကျုပ်တို့သွားမယ်နော်၊ နာမည်တွေလဲ မှတ်ထားဦး၊ ကျုပ်ကထွေးရီ၊ သူကအိမ်ခင်၊ သူကသန်းမြင့်တဲ့'

'ကောင်းပါပြီဗျာ'

www.burmeseclassic.com

www.burmeseclassic.com



အိခင်တို့ မြန်သွားတော့ ထွန်းဆောင်သည် ခက်ရင်းခွ အရိုးတပ်ငန်းပြားဖြင့် ဘောက်ခွေးပင်တွေကို တစ်ပင် ပြီးတစ်ပင် ရှင်းသင်းနေလိုက်၏။

( ၃ )

'အဲဒီလိုနဲ့ပြီး တွေ့ကြတာပါပဲ အစ်ကိုကြီးရာ'

ထွန်းဆောင်က သူနှင့်အိခင် တောင်တွေ့ပုံကို တဖွဲ့တနွဲ့ ပြန်လည်ပြောပြသည်။

'အင်း၊ မင်းတို့တွေ့ကြုံပုံကလေးက မင်းပြောသလို ရင်ခုန်ထိတ်လန့်စရာ ကလေးပါလား'

ကျွန်တော်ကလည်း သူ့သဘောကျ ပြန်လည်ထောက် ခံလိုက်သည်။

ဘကြီးဦးမြယာမှာ ထွန်းဆောင်၏ ဇာတ်လမ်းကို စိတ် ဝင်စားဟန်မတူ။ အခါခါကြားဖူးထားပြီ ပုံဖြင့် မထေ့ တထေ့ ပြုံးရင်း နွားကိုသာ အသားပေး မောင်းနေသည်။ ထွန်းဆောင်ကတော့ ဇာတ်ရှိန်ကို မချုပ်နိုင်သေး။ သူ့နွား စီးရှားကိုပင် ခေတ္တမေ့လျော့နေကာ အိခင်အကြောင်း ရှန်းရှန်းဝေအောင် ဆက်လက်ပြောပြနေသည်။

'အဲဒီလိုနဲ့တွေ့ပြီး အိခင်တို့လဲ ကျုပ်ယာခင်းထဲက ဘောက်ခွေးပင်တွေ ကုန်အောင်သယ်၊ ကျုပ်လဲ နွေထွန်



ရေးညက်အောင် ထွန်နဲ့မိုးဦးကျ ရာသီရောက်လာခဲ့တယ် ဆိုပါတော့ အစ်ကိုကြီးရာ'

'အင်း ဆက်ပြောပါဦး'

'မိုးဦးကျမြေပဲ၊ နှမ်းတွေကျဲစိုက်ပြီးလို့ ပေါင်းသင် ချိန်လဲရောက်ရော ထုံးစံအတိုင်း ကျုပ်ဒုက္ခ တွေ့တော့တာ ပါပဲ။

ကျုပ်တို့ရွာမှာ တောင်သူတွေများပြီး၊ ယာကူလီနည်း တော့ မြေပဲခင်း နှမ်းခင်းတွေ ပေါင်းသင်ဖို့ လူခေါ်လို့ မရဘူးလေ၊ ကျုပ်အမေကအိုလှပြီ။ တောလုပ်ငန်းကိုင် မလုပ်နိုင်တော့ဘူး။

ယာတောဆိုလို့ တမမ်းဖို့ရုံလောက်ပဲ လိုက်နိုင်တော့ တယ်။ ညီမလေးကလဲ ကျောင်းနေတုန်းဆိုတော့ ဝင် မကူညီနိုင်ဘူးပေါ့ဗျာ။

ကျုပ်လဲ ပေါင်းသင်လူခေါ်ဖို့အတွက် ဘယ်သူ့အိမ်း ကိုးရမတုန်း စဉ်းစားမိတော့ အိခင်တို့ မခထွေးရီတို့ကို သတိရမိတယ်။

ဒါနဲ့ သူတို့ကိုအကူအညီ တောင်းရတာပေါ့၊ သူတို့ ကလဲ ထန်းလုပ်ငန်း နားနေချိန်ဆိုတော့ ကူညီကြတယ်၊ သူတို့ရွာက လူငှားတွေကိုလဲ ခေါ်ပေးတယ်။

နှမ်းနှုတ်ချိန်မှာလဲ ဒီလိုပဲ၊ သူတို့ဝိုင်းနှုတ်ပေးကြတယ်၊ လူငှားခေါ်ပေးတယ်။ ကျုပ်သူတို့ကို ဘယ်လိုကျေးဇူး တင်မိမှန်းမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မာ... ဗီနွားတာ ခြေမှော်ဖင်နေပြန်ပြီ၊ နေ့မပွင့် ရောက်အောင် မြန်မြန်သွားဟ'

ဘကြီးဦးမြယာက အဘိုင်ဘက် (လက်ဝဲဘက်) နွား 'ချိစွာ'ကို ကြိမ်တို့ပြီး အော်ငေါက် မောင်းလိုက်သည်။ ထွန်းဆောင် စက္ကန့်အနည်းငယ်မျှ စကားပြော ပြတ်တောက်သွား၏။

ပြီးမှ ဆက်ပြောသည်။

'ဒီလိုနဲ့ တစ်စောစ်စ ရင်းနှီးကျွမ်းဝင်လာခဲ့တော့ အယ်သောအာလဆီကမှ အလေးအနက်ထားပြီး မတွေးမိတဲ့ ချစ်ခြင်း မေတ္တာတရားတွေဟာ ရင်ထဲက ပေါက်ဖွားလာပြီး မိန်းမချောလေး အိခင်အပေါ် ပွင့်အံကျသွားမိတယ်ဗျာ'

'ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကဲ... မြန်မြန်သွားစမ်း'

ဘကြီးဦးမြယာက ချိစွာကို ကြိမ်တို့ပြီး မောင်းလိုက်ပြန်သည်။

ထွန်းဆောင်မှာ ယခုအထိ စံရှားကို သတိမရနိုင်သေးပေ။

'ငါ့ညီရဲ့ အပြုံးတွေက ဇာတ်ဗျာတောင်ဆန်နေပါလား၊ အချစ်ရဲ့လှု ဆော် သင်ကြားပေးမှုတွေကြောင့် ထင်ပါရဲ့'

ကျွန်တော်က ထွန်းဆောင်ကို ဆက်ပြောဖို့ အားပေးလိုက်သည်။



'ရွှေဘဝကရေစက်ကြောင့်ပဲ ထင်ပါရဲ့ အစ်ကိုကြီးရာ၊ နှမ်းပင်တွေ ဖွေးဖွေးလှုပ်အောင် ပွင့်တဲ့ရာသီမှာတော့ ကျုပ်နဲ့ အိခင်လဲ ချစ်ပန်းတွေပွင့်လို့ ချစ်သူတွေဖြစ်သွားတော့တာပါဘဲ'

'အခုတော့ ကျောင်းဘုရားပွဲမှာ အိခင်နဲ့တွေ့ဖို့ ချိန်းထားသေးတယ်ပေါ့'

'ဟုတ်တယ် အစ်ကိုကြီး'

'ဘယ်မှာတွေ့ပြီး ချိန်းခဲ့တာလဲကွ'

'ကျုပ်တို့ရွာက ဦးစိန်ကတိုး အလှူမှာ အိခင်လာတုန်းက ချိန်းလိုက်တာပါ'

ထွန်းဆောင်က သူနှင့်အိခင် တောကျောင်းဘုရားပွဲမှာ တွေ့ဆုံချိန်းခဲ့သည့်နေ့က အကြောင်းကလေးတွေကို အဖွဲ့တန်ခဲ့ပြောပြပြန်သည်။

( ၄ )

ဦးစိန်ကတိုး အလှူရှင်လောင်း လှည့်ရာတွင် ဆာလှသွားခေါင်း၊ ကိုညွန့်စိန်တို့အဖွဲ့က ဒိုးပတ်ဝိုင်းတွင် ဆရာမှာ မြန်မာဟူ၍ ရှိနေသမျှ တိမ်းတောကယ်ပမာမဟုတ်သည့် ဦးရွှေရိုးအေက ကလျက် ထွန်းဆောင်မှာ ဗုံးပတ်ဝိုင်း ကူညီပံ့ပိုးပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ပါစင် တီးမှုတ်ကပြနေသည်တော့မဟုတ်၊ ဒိုးပတ်သံများ ဘဝင်လျှံစေရေးအတွက် လူရွှင်တော်နှင့်ကူညီနေခြင်းသာဖြစ်၏။

သူ့လည်ပေါ်တွင် ဘက်ထရီအိုး၊ စက်လုံး၊ ကက်ဆက်စသည့် အသံချဲ့စက် ပစ္စည်းပစ္စယများ တင်ဆောင်ထား ဒိုးပတ်ဝိုင်းကို 'မိုက်' ပေးလျက် လိုက်ပို့ပေးရသည်။ ဟွန်းအရှည်တစ်လုံးကိုလည်း လည်ပင်းတွင် ဂုံးရှပ်နှင့်တွဲချည်ထား၏

ထွန်းဆောင်သည် ဒိုးပတ်ဝိုင်းကို လူရွှင်တော်နှင့်ပါ အကူအညီ ပေးနေရသော်လည်း သူ့အာရုံက ဒိုးပတ်ဝိုင်းမှာ မဟုတ်။ ဦးရွှေရှိ၊ အမေမှာ မဟုတ်။

မြ ညက်လွဲလွဲ သွဲ့သွဲ့ပျောင်းပျောင်း၊ အလှပေါင်းစုံနေသည့် ကွမ်းတောင်ကိုင် အပျိုချောလေးတွေဆီမှာ မဟုတ်။

လည်ထဲတွင် တပ်ဆင်ထားသော ထိပ်အုပ် ဇမ်းပတ်ကြိုးတို့ဖြင့် ကြွရွလှပနေသည့် စံရွှေ ဆီမှာသာဖြစ်၏။

အလှူပွဲလာ ပရိသတ်ထဲမှ တစ်ယောက် တလေကများ၊ စံရွှေကို အမှတ်မထင်ကြည့်လားလျှင် ထွန်းဆောင် ဘယ်လိုကျေနပ်မှန်းမသိ၊

ရှင်လောင်း လှည့်ပြီးလို့ မဏ္ဍပ်ပေါက်ဝကို ပြန်ရောက်သောအခါ အလှူပွဲလာပရိသတ်ထဲတွင် အိခင် ရှိလိုရှိငြား အတိစားရ ရှာဖွေကြည့်မိသည်။



တိုက်တိုက်ဆိုင်ဆိုင်ပင်၊ သူ့ကို မျက်စောင်းထဲလေး တစ်ချက်ဝင့်ကြည့်ကာ မဏ္ဍပ်ထဲကို ဝင်သွားသည့် အိခင်ကို မြင်လိုက်ရသည်။ အပြင်အဆင် တစ်မျိုး ကလေးဖြင့် လှလိုက်သည့် အိခင်၊

ဟော တွေ့ပါပြီကွယ်.... ကြွယ်ပေါင်းစုံ ဇန်းရုံခပါတဲ့.... လမင်းစန္ဒာပုံသို့နှယ်.... ယခင်းကညာ ဖြစ်လွတ်စင်တာ.... အပျိုတွေ.... အပျိုတွေကြားမှာ ငွားငွားစွင့်စွင့်.... ဝင့်ဝင့်ထယ်ထယ်ရယ်.... စကားပေဖင်ဖွဲ့ပါလို့ရယ်.... မဏ္ဍပ်ထဲကို တစ်လှမ်းချင်းလာနေတယ်....။

တဆယ်ကို တိုက်တိုက်ဆိုင်ဆိုင်ပ ပင်၊ ထိုအချိန်မှာမှ အလှူမဏ္ဍပ်ထိပ်ရှိ အသံချဲ့စက်မှတွဲ စတားသိန်းဘန် သီချင်းတစ်ပိုင်း တစ်စ ထွက်ပေါ်လာသည်၊

ထွန်းဆောင်သည် နွားနှစ်ကောင်ကို ရှန်းချင်ရာ ရှန်းကြပေရော့ဆိုပြီး ပစ်ထားခဲ့ကာ လည်ပေါ်မှ ခုန်ဆင်း၍ အိခင့်နောက် လိုက်သွားချင်စိတ် ပေါက်မိသည်။

သို့သော် မဖြစ်နိုင်သေးပေ။

အလှူပွဲသာ ပရိသတ် ရှုပ်ရှုပ်ထဲမှာ တိုးတိုက် ကုန်မှာ ဆက်၊

သည်ကြားထဲ ယောကျ်ားကြီးသုံးယောက်က စံရွှေကို စူးစူးစိုက်စိုက် ကြည့်နေကြသဖြင့် ကြည့်နူး လိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာလည်းသားခေါင်း ကိုညွန့်စိန်တို့ အဖွဲ့သည် ဒိုးပတ်ဝိုင်းကို သိမ်းချင်ကြသေးဟန် မတူ။ မဏ္ဍပ်ဝမှာ ရပ်ပြီး ဇဖြုန်းဖြုန်း၊ တခွမ်းခွမ်း တီးကြ မြန်းသည်။ ဦးရွှေရိုးတလည်း ကွေးကောက် နေအောင် ကသည်။

ဤသည်မှာ အလှူဒကာအား ငှက်ပျောဖီး များများ ဆုချရန် နားပူတိုက်နေကြခြင်း ဖြစ်မှန်း ထွန်းဆောင် သဘောပေါက်လိုက်သည်။ မည်သို့ဖြစ်စေ၊ ဒိုးပတ်ဝိုင်း မသိမ်းသေးသမျှ သူလည်း ရှိနေမည်ပင်။

ထွန်းဆောင်သည် နွားနှစ်ကောင်၏ကံကြိုးကို ခပ်တင်းတင်းကလေးဆွဲပြီး လှည်းရပ်ထားလိုက်သည်။

ထိုအချိန်တွင် စံရွှားမှာ မင်းသားကလေးလို ကြွရွအော ခေါင်းမော့ ဟန်ချီ နေတော့သည်။

အလှူပွဲတွင် အပျိုချောကလေးများ၊ ဦးရွှေရိုးအဘနှင့် ဒိုးပတ်ဝိုင်း၊ ရွှေရောင် တဖိတ်ဖိတ်တောက် မဏ္ဍပ်ကြီး။ မဏ္ဍပ်ထဲမှ တနုတ်ယှက်ဖော် ဆိုင်းတော်မက်လာ စသည်ဖြင့် စက္ကုပသာဒ ဖြစ်စရာ များလှသည့် ကြားက စံရွှားကို ငေးမော ကြည့်ရှုသူတွေလည်း မရှား။

သည်တော့ ထွန်းဆောင်မှာ ကန်ကြိုး တောင့်ကိုင်ထားရင်းမှ စံရွှားအမွှေးကို လှမ်းပွတ်လိုက်၊ စုတီသတ်လိုက်ဖြင့် မဏ္ဍပ်တိုင်ဘက်ပြုရတာ အခါ။



စံရွှားကို အရေးပေးနေမိ၍ပင် မဏ္ဍပ်ထဲမှ ပြန်ထွက်လာသည့် အိခင်တို့ သူ့အနီး ရောက်လာသည်ကို မသိလိုက်။

‘ကိုထွန်းဆောင်’

‘ဗျာ’

ခေါ်သံကြား၍ ဆတ်ခနဲ လှည့်ကြည့်လိုက်မှ အိခင်ကို မထွေးရီတို့ မသန်းရင်တို့နှင့်အတူ တွေ့ရ၏။

‘တော်အာ ကျုပ်တို့ကို မမြင်ချင်ယောင် ဆောင်နေတာပေါ့လေ’

မထွေးရီက ရန်ထောင်သည်။

‘မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ မဏ္ဍပ်ထဲ ဝင်သွားတုန်းက မြင်လိုက်ပါတယ်။ ပြန်ထွက်လာမှ နှုတ်ဆက်မယ် ဆိုပြီး စိတ်ကူးထားတာ၊ အခုတော့ အလုပ်တစ်ဘက်နဲ့မို့ ဘယ်ချိန် ပြန်ထွက်လာမှန်း မသိလိုက်ဘူး’

‘တော်ပါ ငေးချင်ရာ ငေးနေပြီးတော့များ’

မသန်းရင်ကတော့ ကျေနပ်ပုံမပေါ်၊ အိခင်ကတော့ ဘာမှမပြော၊ ရှက်ပြုံးကလေး ပြုံး၍သာ နေသည်။

မထွေးရီတို့ မသန်းရင်တို့ကို ထွန်းဆောင်ရှင်းပြမှန့် ချင်တော့ နွားကိုအရေးထားနေ၍ ရည်းစားတို့မေ့သွားပါသည်ဟု ဆိုလျှင်လည်း ရယ်စရာ ဖြစ်တော့မည်။ ဒေါပွစရာလည်း ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ကဲဗျာ ခင်ဗျားတို့အလဲ တွေ့လိုက်ရင် ဆေးနှာထိုး တော့တာချည်းပဲ၊ အလှူအပြီးရင် အိမ်ဝင်ခဲ့ကြဦးနော်၊ ကျုပ်စောင့်နေမယ်’

‘ဝင်ခဲ့မယ်၊ ဝင်ခဲ့မယ်’

ထိုအချိန်တွင် အလှူဒါယကာ ဆွဲချသော ငှက်ပျော သီးများရောက်လာပြီမို့ ဒိုးပတ်ဝိုင်းသိမ်းသည်။

ထွန်းဆောင်လည်းအသံချဲ့စက်ကို ဓာလသားခေါင်း ကိုညွှန့်စိန်အိမ် သွားပို့ပေးပြီး အိမ်ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်တော့ ချိုစွာကို သူ့အဖေဝ်နွားပြာနီ နှင့် တမာပင်ရိပ် အစားကျင်းမှာ ချည်လိုက်၏။ စရွားကိုအား ဆင်းကုပ်ထဲတွင် သီးသန့်ချည်ပြီး စပယ်ရှယ်မြက် နုနုကို နှမ်းဖတ်ရည်နှင့် နှစ်ပြီးကျွေးသည်။

‘အခုမနေ့ ညှို့သည် လာမယ်ဗျို့၊ ရေစနွေးမြည်း ကောင်းကောင်းဒေါ လုပ်ထားပါဦး’

‘ဟဲ့... ဘယ်ကမို့တုန်း’

‘အမေ့ချွေးမလေ’

အောင်တိုး စပ်ဖြီးဖြီးနှင့် ပြောလိုက်သည်။

ဒေါ်စံမယ် နားလည်လိုက်ပါပြီ။ အိမ်ဦးနတ် မရှိ စေတည်းက သည်အားကြီးကိုသာ ဆိုးတိုင်ပင်ကောင်း တိုင်ပင် လှုပ်လာခဲ့ရသည်မို့ သိတန်သလောက် သိပြီး နေ



ပါပြီ။ ပြီးတော့ သည်ကလေးမှာ အလိမ္မာအိမ်ပါမသို့ သူ့ကလေးမို့ ထိန်ကွက်ရန်လည်း အကြောင်း မရှိပါ ချေ။

ညှို့ခံဖို့အတွက် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပြီးချိန်မှာပင် အိခင်တို့ ရောက်လာသည်။

‘အဟင်း... တံတွေးသီးလိုက်တာ၊ အိခင် ကျေးဇူး ကြီးပါပေ့ရှဲ’

စားပွဲပေါ်က ဖွယ်ဖွယ်ရာရာ ရေနွေး မြည်းဘွာကို ကြည့်ပြီး ဒေါ်စံမယ်ရှေ့မှာပင် မထွေးရီက မဆင့်မခြင် နောက်ပြောင် လိုက်သည်၊ အိခင် ရှက်သွေး ဖျန်းသွား သည်။

‘နောက်ဆိုရင် ညည်းတို့သည်ထက် ပိုစားရမယ်လို့ ပြောလိုက်ပါအေ’

ဒေါ်စံမယ် အလိုက်သင့် ဝင်ပြော လိုက်၍ ထော် သေး၏။

‘ကိုထွန်းဆောင်တို့ ညီမလေးရော မမြင်ပါလား။

‘မိန်ရွဲလား၊ အလှူမှာပဲ ကူညီ လုပ်ကိုင် ပေးနေတယ် လေ၊ မထွေးရီတို့ မတွေ့ခဲ့ဘူးလား’

‘ဟင့်အင်း... မတွေ့ခဲ့မိဘူး’

နောက်ထပ် ပြောဖြစ်ကြသည့် စကားတွေကတော့ သာရယ်လို့ မဟုတ်ပါပေ။ ရွာကလေးတွေ၏ လူ့စရိုက် အတိုင်း တစ်ရွာနှင့်တစ်ရွာ ဆွေကတ်တုန်း၊ ဆွေကိုက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လည်ရင်း အလ္လာပ သလ္လာပ စကားစတွေသာ ဖြစ်ပါ၏။

အိခင်တို့ စမ်းတွင်းကြီးရွာ အမြနီတွင် ဒေါင်တိုး လိုက်ပို့သည်။ ယာကွက်တွေ တစ်ကွက်ပြီးတစ်ကွက် ဖြတ်၊ စည်းတောင်တွေ တစ်ခုပြီးတစ်ခု ကျော်ဖြင့် လူသွားလမ်းဆစ်လေးအတိုင်း စကားတပြောပြော လျှောက်ကြသည်။

ရွာနှစ်ရွာ အလယ်လောက် အရောက်ထွင်းတော့ မထွေးရီနှင့် မသန်းရင်က ယာစည်းတောင် တစ်ခုရှိ ဆူးပုပ်ခြုံမှ ရှန်းရှန်းစိုနေသော ဆူးပုပ်ရွက်တွေကို တွေ့မြင်ပြီး ခူးချင်သည်ဟု ဆိုလာသည်။

ဤသည်မှာလည်း ရွာသူတွေ၏ ဓလေ့တစ်ခုပင်။ ဟင်းသီးဟင်းရွက်ကို ခရီးသွားဟန်လွှဲ သို့မဟုတ် တစ်ချက်ခုတ်နှစ်ချက်ပြတ် ခူးတတ်လေ့ရှိကြသည်။

'ကျုပ်တို့ ဝိုင်းကူ ခူးပေးတာပေါ့'

'ခူးပေး မနေနဲ့ ကို ထွန်းဆောင်။ တော်နဲ့ အိခင် လွတ်လွတ်လပ်လပ် စကားပြောရင်း ဟိုရှေ့က ထန်းပင်ရိပ်မှာ ထိုင်စောင့်နေပါ'

မထွေးရီနှင့်မသန်းရင်၏သိသိသာသာပင် ထွန်းဆောင်တို့ကို ခွဲထုတ်သည်။



ထွန်းဆောင်သည်း ပွင့်လင်းအူစင်းလှသော သူမတို့ကို ကျေးဇူးတင်စွာပင် အိခင်နှင့်အတူ ထန်းပင်ရိပ်ဆီ ထွက်ခဲ့သည်။

ထန်းပင်ရိပ်အောက် ရောက်တော့ လွတ်လပ်စွာ စကားထိုင်ပြောရင်း စောင့်ကြသည်။

'ကိုထွန်းဆောင်'

'ပြောလေ၊ အိခင်'

'တော်က တစ်ရွာသားဆိုတော့ သိပ်စိတ်မချရဘူး၊ ပဓါနကို ကြည်သားထုပ်တော့ စွန်းတတ်တယ်၊ တစ်ရွာသားကို ရည်းစားလုပ်တော့ လွမ်းရတတ်တယ် ဆိုတဲ့ ရှေးစကားလည်း အရှိသား မဟုတ်လား'

'တစ်ရွာသားကို ရည်းစားလုပ်တော့၊ လွမ်းရတတ်တယ်ဆိုတာ ချစ်သူချင်း ကွဲတတ်တယ်လို့ ပြောတာမှ မဟုတ်ပဲ၊ နေ့စဉ်နဲ့အမျှ မမြင်ရ၊ မတွေ့ရတော့ လွမ်းရတတ်တယ်လို့ ပြောတာပါ အိခင်ရဲ့'

'အာပဲဖြစ်ဖြစ်၊ ကျုပ်နဲ့ ဝေးနေတုန်းမှာ အသစ်တွေ့သွားမလားလို့ စိုးရိမ်မိတယ်။ တော် ကိုဆော.... ကျုပ်မှိုင်ပိုင် မယုံစားဝံ့ဘူး သိလား'

'ယုံပါအိခင်ရယ်၊ ကိုယ်မျက်နှာ မျှားတတ်ပါဘူး။ အိခင်ဘက်ကသာ စိတ်ချပါရစေ၊ ကိုယ့်ဘက် အရေးသာမယ့် ဝါကျုတ်မှာ စာင့်ဆောင်းတင်ဖယ် ယူနိုင်အောင် ကြိုးစားနေပါတယ်'

ထွန်းဆောင် အားတက်စွာ ပြောပြသည်။

www.burmeseclassic.com

သို့သော် တင့်တောင်းတင့်တယ် တောင်းယူနိုင်ဖို့ အတွက် ငွေရရန် ဘယ်လို ကြိုးစား အားထုတ်နေသည် ဆိုတာကိုတော့ ဖွင့်ပြောမပြ။ မြုပ်ကွက် တစ်ခုအဖြစ် ထားလိုက်သည်။ အိခင်ကလည်း မမေးပါပေ။

'ကိုထွန်းဆောင် စကားကို ကြားရတော့ ကျုပ်ဝမ်းသာ ပါတယ်တော်၊ မြန်မြန်နီးရင်မြန်မြန်စိတ်အေးရတာပေါ့။ ကျုပ် အဖို့တော့ စိတ်မချပါဘူး ကိုထွန်းဆောင်ရယ်။ မိန်းမကောင်း ပန်းပန်နဲ့ တစ်ပွင့်တည်းတဲ့။ တော်က လွဲရင် ကျုပ် ဘယ်သူ့ကိုမှ စိတ်ကူး မထည့်ပါဘူး'

'အခု အချိန်မှာတော့ အိခင် စကားတွေဟာ ဟောဒီ ထန်းပင်ကြီးက သဘာဝအတိုင်း ထွက်တဲ့ ထန်းရည်လို ချိုလှပါရဲ့။ နောက်များမှသာ လူတော့ ပြုပြင်စီရင်လိုက်လို့ ခါးသွားတဲ့ ထန်းရည်ခါးလို အိခင် စကားတွေသည်း ခါးမသွားပါစေနဲ့ကွယ်'

ထွန်းဆောင်က ထန်းပင်ကြီးကို မော့ကြည့်ပြီး ပြောလိုက်သည်။

'ကိုထွန်းဆောင်က စကားတတ်လိုက်တာနော်'

'ဒါနဲ့ အိခင်၊ တောကျောင်းဘုရားပွဲနေ့ကျ လာခဲ့ဦးနော်။ ကိုယ်လည်း အဲဒီဘုရားပွဲမှာ လာမယ်။ ထပ်ဆုံကြတာပေါ့'

'မထွေးရီတို့နဲ့ အဖော်ညှိရရင် လာခဲ့ပါမယ်'

'ဟဲ့... ဒီနှစ်ပေါ်သွား ပြည်ဖုံးကား မချသေးဘူးလား'

ထိုစဉ် မထွေးရီနှင့် မသန်းရင် ရောက်လာသည်။



'ဇာတ်ပေါင်းမှ ပြည်ဖုံးကား ချလို့ ရမှာပေါ့ဟ။ ခုတော့ ဇာတ်မပေါင်းခင် မာရ်နတ် ရောက်လာပြီ'

'အောင်မယ်လေး၊ တို့ကိုများ မာရ်နတ်တဲ့။ ပြောရက် လိုက်တာ'

'အဲဒါအစ၊ အပေါ်ဗျာ။ ဒါနဲ့ ခင်ဗျားတို့အဖွဲ့ တောကျောင်းဘုရားပွဲကျ လာခဲ့ကြဦးနော်။ ကျုပ်နဲ့ အဲဒီမှာ ထပ်ဆုံကြတာပေါ့'

'စိတ်ချ ကိုထွန်းဆောင်၊ ကျုပ်တို့အဖွဲ့ကတော့ မလာမှာ မပူနဲ့။ ပွဲလမ်း ဝါသနာပါချက်ကတော့ ပတ်မ ခွေးတိုးသံကြားတောင် သွားတာ'

မထွေးရီ စကားကြောင့် အားလုံး ရယ်ဖြစ်ကြသေး သည်။

'ကဲ၊ ခင်ဗျားတို့လည်း သွားကြပါရော့။ ကျုပ်လည်း ကဝဲ လှည့်ပြန်တော့မယ် နော်'

ရွာဘက်ကို ပြန်ခဲ့ရင်း တောကျောင်း ဘုရားပွဲမှာ အိခင်နှင့်ထပ်ဆုံရမည့်အရေး တွေးမျှော်လာမိသည်။

ထိုပွဲမှာ သူ့နွားဒေါင်းစံရွှေ၏ စွမ်းရည်ကို အိခင်မြင်သွား စေရမည်လေ။

စောစောက ဖွင့်မပြောလိုက်သည့် တင့်တောင်းတင့် တယ် တောင်းယူနိုင်ဖို့ ကြိုးစားအားခဲထားပုံကလေးကို လည်း အိခင်တွေ့မြင် ဝမ်းသာသွားစေရ တော့မည်လေ။

ယာတောထဲမှာ လုံးဝမခိုင်းပဲ အရွယ် ရောက်လာ ကတည်းက နွားသမားကြီး ဦးမြယာနှင့် ခြံကျင့်ထား

www.burmeseclassic.com



ရခဲသော စံရွှေကို သည်နှစ်အော့ ကျောင်းဘုရားပွဲ နွားပြိုင်ပွဲမှာ ဝင်ပြိုင်ရမည်။

မိုးဦးတုန်းကရထားသည့် နှမ်းဖိုးငွေလေးကို သည်ပွဲမှာ ပုံအောလောင်းလိုက်သည်။

သို့ဆိုလျှင် ဆောင်းဦးမှာ ပေါ်မည့် သီးနှံဖိုးအားလုံးကို မယားစုစားတော့နေရေး စရိတ်သားလိုက်ဦး၏။

နွားပြိုင်ပွဲ နိုင်သည့်ငွေဖြင့်ပင် အိမ်ကို ထင့်ဆောင်းတင့်တယ် အောင်းယူနိုင်ပေရော့မည်။

နွားပြိုင်ပွဲအလည်း နိုင်မည်မှချ။ တစ်နယ်လုံးရှိ နွားလောကအကြောင်းကိုနော့ကျေနေသည့် စံရွှေ၏ငယ်ကြိုးကိုင်ဆရာကြီး ဦးမြယာကိုယ်တိုင်ကတော့ ကျောင်းဘုရားနွားပြိုင်ပွဲမှာ စံရွှေအနိုင်နှင့်မစလျှင် သူနွားသားနေလာကမှ အပြီးအပိုင် ထွက်ခွာသွားမည်ဟု ဝင့်ခဲ့သည်။

ဦးမြယာက နွားနှင့်ပတ်သက်သောလျှင်သစ္စာကြီးမို့ သူ့စကားလွဲခဲ့သည်။

( ၃ )

'ဟေ့ မောင် ထွန်းဆောင်၊ တောကျောင်း ဘုရားတောင်ရောက်လာပြီဟ၊ မင့်ဟာစလအခုထိ အချစ်ရှူးသလို မပြီးနိုင်သေးဘူးလား'

ဦးကြီးမြယာအား ခပ်ခေါက်ခေါက် ထပြောလိုက်မှ ဒီခင်ဇာတ်လမ်း ထစ်ခန်းရပ်သွားပြန်သည်။ ဟုတ်လည်း ဟုတ်ပါ၏။



တောကျောင်း ဘုရားပွဲကိုအောင် ရောက်ခဲ့လာပြီပဲ။ တောကျောင်းဘုရား ဝင်းကြီးသည် ကျယ်ဝန်းလှပါဘိ။ ကျောင်းတိုက်တွေလည်း များလှ၏။

ကျွန်တော်တို့သည် ပါလာသည့် လှူဖွယ်ပစ္စည်းများနှင့် ကျောင်းထိုင်ဘုန်းကြီးကို သွားရောက် ကန်တော့ကြသည်။

ပြီးနောက် ထွန်းဆောင်နှင့် ဘကြီးမြယာက ကျောင်းဝင်းမြောက်ဘက်ရှိ နွားပြိုင်ကွင်းဆီ ထွက်သွားကြသည်။ ကျွန်တော်ကတော့ ကိုတင်မြင့်နှင့် ချိန်းထားရာ နှစ်ကျိပ်ချစ်ဆူ စောင်းတန်းဆီသို့ လာခဲ့သည်။

စောင်းတန်းရှေ့တွင် ကိုတင်မြင့်ကို ပက်ပင်းတွေ့ပါ၏။ တစ်နယ်တကျေးသွားပြီး အလုပ်လုပ်ရသူချင်း ကိုယ့်အရပ်မှာ ပြန်တွေ့ကြတော့လည်း တစ်မျိုး ကြည်နူးစရာပင်။

စောင်းတန်းထဲတွင် ကိုတင်မြင့်တို့ မိဘဆွေမျိုးသားချင်းတွေနှင့် မိတ်ဖွဲ့စကားပြောကြသည်။ ကျောင်းစုရွာ တောကျောင်းဘုရားပွဲ၏ ရွာခံမို့ လောသမျှပရိသတ်ကို သူ့မိတ်ကိုယ့်မိတ်ဖိတ်ပြီး ကျွေးခံသည်။

သူတို့၏ ကျွေးခံမှုစေတနာကား အံ့မခန်းထက်သန်လှကြပါဘိတော့၏။

ကျွန်တော်သည်၊ ကိုတင်မြင့်တို့ ဆွေမျိုးသားချင်းတွေ ကျွေးခံကျေးမွေးသည့် ထမင်းပွဲနှင့် ယက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



ပွဲကို ဗိုက်အင့်အောင် သုံးဆောင်ပြီးနေစဉ် နွားပြိုင်ကွင်းဆီထွက်ခဲ့သည်။

နွားပြိုင်ကွင်းကား မွန်းတည့်ကာနီး နေပူ ကျဲကျဲတောက်တွင်ဖြစ်စေကာမူ လူပရိသတ်တွေ နွားလှည်းတွေ ကြိတ်ကြိတ်တိုး စည်ကားနေပေသည်။

နွားပြိုင်ကွင်း တာလမ်းပေါ်တွင် နွားလှည်း အစီးပေါင်းများစွာ ခြေအစမ်းမောင်း၍ တာကြောင်းနေကြသည်။

တာကြောင်းနေသည့် လှည်းတိုင်း၏ ထမ်းပိုးကျည်းတွင် စက္ကူဖြူအလေးတွေ ပတ်ထားသည်။

ထိုစက္ကူဖြူ ပတ်ထားလေးတွေမှာ တာကြောင်းပေးပြီးကြောင်း အမှတ်အသားတွေပင်။ ပြိုင်ကွင်းတာလမ်းပေါ်ကို တာကြောင်းမပေးဘဲ ခြေအစမ်းမောင်း တာကြောင်းခွင့်မရှိ။

ထွန်းဆောင်တို့ ဆရာတပည့် နှစ်ယောက်လည်း အလှည့်တွင် စံရွှေအတိုင်းတွင် ချိစွာထပ်ထားသည့်လှည်းဖြင့် တာကြောင်း နေသည်ကိုတွေ့သည်။ လှည်းမောင်းသူမှာ ဘကြီးမြယာပင်ဖြစ်သည်။

စံရွှေသည် တာကြောင်းနေစဉ် တလျှောက်လုံး လုံးဝခြေမဖောက်၊ ခြေကိုခန်းကာ ဝိုက်ကာဖြင့် ညီညီဖြူးနေပုံမှာ ပီဘိရုပ်ဆေးရုပ်ကလေးနှယ်နွားရွှေ ရဲရဲတောက် မြီးတံသွယ်မို့ ရှည်း သွက်လိုက်သည်ဖြစ်ခြင်း။



ဘကြီးဦးမြယာ လေလုံးထွားမည့် ဆိုသည်း ထွားလောက်စရာ အတိုင်ဘက်က ချိစွာမှာ စံရွှေကိုမီအောင် အဆန့်ပစ်ပြီး ကျားပြေးပြေးနေရသည်။

စံရွှေကို သည်လိုဖြစ်အောင်လည်း ယာတောထဲတွင် လုံးဝမခိုင်းဘဲ မြက်နုနုနှင့် နှမ်းဖတ်ရည် ဆန်ပြုတ်တို့ကို သာနပ်ကျွေးပြီး၊ နွားသမ္မာချင်ဆရာကြီး ဦးမြယာကိုယ်တိုင် ခြေကျင့်ထားသည်မဟုတ်တုံလော။

'နွားပြိုင်ပွဲကို ကြွရောက်လာကြတဲ့ လူကြီးမင်းများခင်ဗျား၊ အခုအချိန်တစ်ပြီး နွားပြိုင်ပွဲကို ကျင်းပပါတော့မယ်။

အခုပထမဆုံး စိန်ပေါ်တဲ့နွားကတော့ လင်းတကိုင်းရွာက နွားဆရာ ကိုဘိုမောင်းမယ့် 'လှမထွေ'ဆိုတဲ့နွားပါပဲ။ သုံးထောင်ခြောက်ခေါက် 'စိန်လည်ချော' မောင်းပြိုင်လိုပါသတဲ့ခင်ဗျား။

ယှဉ်ပြိုင်လိုတဲ့နွားများရှိရင်ဒီနေရာကို လာရောက် စာရင်းပေးသွင်းနိုင်ပါပြီ ခင်ဗျား'

ထွန်းဆောင်တို့ တာကြောင်းနေစဉ် ထနောင်းပင်ပေါ်တွင် တင်ထားသော အောက်စပီကာမှ ကြေငြာချက်တစ်ရပ်ထွက်ပေါ်လာသည်။

နွားဝါသနာ အိုးများသည် လှမထွေ ဆိုသည့်နွားကို သွားရောက်ကြည့်ရှုကာ လေ့လာသုံးသပ် အကဲခတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဘာဘာညာညာ သိပ်နားမလည်သော်ငြား သွားရောက်နေလှလာမိသည်။

လှမတူကို ဒိုင်လူကြီးများရှိရာ အရိပ်စင်မဏ္ဍပ်ငယ်အနီးမှ ထနေသင်းပင်အောင် ချည်ထားသည်။ ထိုနေရာသို့ ဘကြီးဦးမြယာနှင့် ထွန်းဆောင်လည်း ရောက်လာသည်။

'အစ်ကိုကြီးလဲ ဒီမှာရောက်နေတာကိုး'

'အေးကွာ၊ ပဟုသုတအဖြစ် လေ့လာရအောင်ပေါ့'

လှမတူသည် နွားနက်ထိပ်ကွက်မျိုးစွတ်အစော်စိတ်ဆောင်မည့်နွား၊ အလုံးအထည် အချပ် အမောင်းအတော စရွာနှင့်အတူတူပင်၊ ထွန်းဆောင်တို့ ဆရာတပည့် နှစ်ယောက် ပြိုင်သင့်မပြိုင်သင့် ခေါင်းချင်း ရိုက်ကြည့်ကြသည်။

'လင်းတကိုင်းရွာက ကိုဘိုမောင် မောင်းမယ့် လှမတူအတော့ဖြင့် ဘယ်လိုနွားမျိုးမှ မရှောင်ပါဘူးတဲ့ခင်ဗျား ဘယ်လိုနွားမျိုးကိုမှ မရှောင်ပါဘူးတဲ့'

လောက်စပီကာမှ ထပ်ထွက်လာသည့် စိန္တိခေါ်သံအာ ဘကြီး ဦးမြယာ၏ မခံချင်စိတ်ကို ထိုးဆွလိုက်ဟန်တူသည်။

ကဲ.... ပြိုင်စကွ

ဘကြီးမြယာက ဒိုင်လူကြီးဆီသွားပြီး စာရင်းပေးသည်။

'ကဲ...ခင်ဗျား၊ ကိုဘိုမောင်ရဲ့ လှမတူကို ဘင်္ဂရွာအဦးမြယာမောင်းမယ့် စရွာနဲ့ ယှဉ်ပြိုင် အနိုင်လုပါမယ်



တဲ့ခင်ဗျာ၊ အခုအချိန်အစပြီး စရွာနဲ့ လှမတူကိုဆုချလိုသူများ ကျွန်တော်များဆီမှာ စာရင်းပေးနိုင်ပါပြီ'

ဒိုင်က လောင်းကြေး စတင် ကောက်တော့သည်။ လှမတူအားကြခင်းသိမျာ၊ စရွာ၏အကြောင်းသိများကိုယ်သန်ရာသန်ရာ လောင်းကြေးထပ်ကြသည်။

'ဟုတ်ကဲ့ခင်ဗျ၊ လှမတူကိုရော စရွာကိုရော သူ့ထက်ငါ ဆုချနေကြပါပြီ၊ ဟုတ်ကဲ့၊ ဈေးဇူးတင်ပါတယ်ခင်ဗျာ၊ နောက်ထပ် ဆုချလိုသူများကိုလည်း ဆက်လက်ဖိတ်ခေါ်လျက်ပါမဲလို့။

လင်းတကိုင်းရွာက ကိုဘိုမောင်အတော့ဖြင့် သူ့နွားလှမတူကို ဘယ်လောက်စိတ်ချသလဲဆိုရင် ဘယ်လိုနွားမျိုးကိုမှမရှောင်စတမ်း စိမ်ခေါ်တာကို ကြည့်ခြင်းနဲ့သိနိုင်ပါတယ်။

ဘင်္ဂရွာက ဦးမြယာဟာလဲ အစဉ်အလာကြီးမား ခဲ့တဲ့ သမ္ဘာရင့်နွားဆရာကြီးပါပဲ။

သူဟာလည်း နွားနဲ့ပတ်သက်လာရင် အကဲခတ်လှခဲ့ တဲ့ပုဂ္ဂိုလ်ကြီးပါပဲ၊ အခုလှမတူကိုစရွာနဲ့ယှဉ်ပြိုင်အနိုင်လုမယ်ဆိုတာဟာ သူ့နွားစရွာအပေါ် တော်ရုံအနိုင်ရုံ ယုံကြည်စိတ်ချမှုမျိုး မဟုတ်ပါဘူး။

နွားဝါသနာရှင် ပုဂ္ဂိုလ်များ ကိုယ်သန်ရာ သန်ရာရောက်ဆုချကြပါခင်ဗျား၊ မကြာခင်မှာတော့ဖြင့် စာရင်းပိတ်ပြီး တာလွှတ်ပါတော့မယ်။

www.burmeseclassic.com

ဒိုင်က ကျွန်ရှိနေသေးသည့် နွားဝါသနာအိုးများကို လည်း မလောင်းကြေး ထပ်ချင်လာအောင် ထပ်မံ နှိုးဆွနေသည်။

ထွန်းဆောင်သည် သူ့နွား စံရှားလည်းဖြစ်၊ အကြီး မြယာကလည်း အားမခံရဲ၍ ကျွန်တော့်ရှေ့မှာတင် ငွေငါးထောင် ပုံအောလောင်းသည်။

'အစ်ကိုကြီးရော စံရှားကို ဆုချဦးမလား'

ထွန်းဆောင်က ကျွန်တော့်ကို မေးနေသေးသည်။

'နေပါစေတော့ကွာ၊ ငါ ဝါသနာမပါလို့'

'ဒါဆိုလဲ ရတယ် အစ်ကိုကြီး'

လက်ရင်းကြေး ခုနစ်သောင်း အရောက်တွင် ဒိုင်က ခါရင်းပိတ်ပြီး ပြိုင်ပွဲ စပါလေတော့သည်။

နွားဆရာ ဦးဘိုမောင်နှင့် ဦးမြယာတို့ထမ်း မဲနှိုက်ကြသောအခါ ဦးဘိုမောင်က တောင်ဘက်လမ်း၊ ဦးမြယာက မြောက်ဘက်လမ်း မောင်းရန် မဲကျသည်။

ပြီးတော့ အလံကိုင် လူကြီး မဲထပ်နှိုက်သည်။ အလံကိုင် လူကြီးက မိမိမဲကျသော လှည်းပေါ်တွင် အလံကို ထောင်ကိုင်ပြီး လိုက်ရင်း အလှည့် နွားခြေဖောက်မဖောက် စစ်ဆေးရသည်။



ခြေဖောက်ပါက အလံကို လွှဲပစ်ရသည်။ အလှည့်နွား ခြေဖောက်လျှင် ပထမပန်းဝင်သည့်တိုင် အနိုင်မရ။ တာ အစမှအဆုံး ခြေမဖောက်ဘဲ ပထမ ပန်းဝင်နိုင်မှသာ အနိုင်ရသည်။

နွားပြိုင်ရာတွင် အလှည့်နွားကိုသာ ပြိုင်ခြင်း ဖြစ်၍ အတိုင်နွားက ခြေပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကိစ္စမရှိ။

လမ်းနှင့် အလံကိုင် လူကြီး ရပြီးသော အခါ လှည်းနှစ်စီးသည် သုံးခေါက်တိတိ ခြေအစမ်းတာ ကြောင်းကြသေးသည်၊ ပြီးမှ နွားသမာဓိလူကြီးမင်းများက အစက်ဖင်တာလွှတ်ပေးကြသည်။

စံရှားနှင့် လှမတူသည် သုံးလား ခြောက်ခေါက် စိန်လည်ချာမောင်း ပြိုင်ရမည်။ သုံးလားခြောက်ခေါက် ဆိုသည်မှာ တာအစမှအဆုံးသို့ အပြိုင်မောင်းရသော သုံးလားနှင့်တာအဆုံးမှ အစသို့ ပြန်လာသော သုံးခေါက်ကို ပေါင်းပြီး ခေါ်ခြင်း ဖြစ်သည်။

အပြိုင်မောင်းရသော သုံးလားတွင် နှစ်လား အနိုင် မောင်းနိုင်မှ အနိုင်ရသည်။ တာအဆုံး၌ စိန်လည်ချာ ရုပ်ကို လမ်းနှစ်ခုအလယ်မှာ ထောင်လျက် နှက်သီးတွင် အပ်ချည် ကြိုးချည်ကာ တောင်ဘက် လမ်းကို အစိ၊ မြောက်ဘက်လမ်းကို အစ်စ ပိတ်တန်းထားသည်။

www.burmeseclassic.com



ဤနည်းဖြင့် တောင်ဘက်လမ်းနှင့် မြောက်ဘက် လမ်း အနက် အရင်ပန်းဝင်သည့် လမ်းဘက်သို့ စိန်လည်ချ ရှပ် နှုတ်သီးလှည့်အောင် စီမံထား၏။

ယခုအချိန်တွင် ပြိုင်မည့် လှည်းနှစ်စီးသည် တာထိပ် တွင် အသင့်ရပ်ပြီး ဒိုင်လူကြီး၏ အမိန့်ကို စောင့်နေ သည်။

လှည်းများပေါ်တွင် လှည်းမောင်းမည့် နွားဆရာနှင့် အလယ်ကိုင်လူကြီး နှစ်ယောက်စီသာပါသည်။

ဒိုင်လူကြီးက ဝီစီမှုတ် လိုက်သည်နှင့် နွား သမာဓိ လူကြီးမင်းများကလည်း တာလွှတ်အလံကို ထစ်ပြိုင်ကည်း ချီးပေးလိုက်ကြသည်။

လှည်း နှစ်စီးကားညှိမှ လွှတ်သော မြှားကဲ့သို့သောင့် ထွက်သွားကြချပြီ။

'ဟေး ... စံရွှေးကွ'

'ဟေး.... လှမတူကွ'

ပွဲကြည့်ပရိသတ်၏အသံတွေက ဆူညံပွက်လောရိုက် နေသည်။

ယခုအချိန်တွင် ပွဲကြည့်ပရိသတ် အစ်ယောက်သာ ဖြစ် နေရသော ထွန်းဆောင်သည် တာထိပ်မှနေပြီး တာအဆုံး သို့ ပြေးလိုက်၍ ကြည့်သည်။ ဟုတ်ပြီ၊ ပထမအလားတွင်



ယှဉ်နွားစံရွှေးသည် လှမတူကို အပြတ်ပြတ်ကာ အနိုင်ယူ သွားလေပြီ။ ထွန်းဆောင် ဝမ်းသာစိတ်ဖြင့် လှုပ်ရှားနေ သည်။ သူ့အဖို့ နိုင်ဖုန့် တစ်ဝက် သေချာသွားပြီ မဟုတ် လား။

လှည်းနှစ်စီးလုံး ပန်းဝင်ပြီး တာအဆုံးမှ တစသို့ ပြန်ရောက်လာကြသည်။ ဒုတိယအလား လွှတ်ဖို့ ဒိုင်က နေရာယူခိုင်းသည်။

သည်တစ်လားတွင် ပြိုင်ပွဲ ထုံးစံအရ လမ်းချိန်းလဲ မောင်းသည်။

ပထမအလားတုန်းက မြောက်ဘက်မှ မောင်းသော ဦးမြယာက တောင်ဘက်လမ်းတွင်နေရာယူ၍ ဦးဘိုမောင် က မြောက်ဘက်လမ်းတွင် နေရာယူသည်။

ဒုတိယအလား လွှတ်သည်။ ထုံးစံအတိုင်းပရိသတ် များ ဆူညံပွက်လောရိုက်သွား၏။

ဒီတစ်လားမှာ စံရွှေးအပြတ်ရှုံးသည်။ ထွန်းဆောင် တစ်ယောက် အပူမီး တောက်လောင်နေသည်ကို တွေ့ရ ပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခေါက်တွင်လည်း လှမတူဆံရှားကို အနိုင်ဆက်ယူသွားလျှင် အိခင်နှင့် နီးရဖို့အရေးဝေးပြီ၊ ရှိစုမဲ့စုပုံအောပြီး ခဲထားသေသမျှသဲရေကျဖြစ်ရတော့မည်။

တတိယအလား လွှတ်ဖို့ လုပ်တော့ ထွန်းဆောင် အတော်စိတ်လှုပ်ရှားနေပုံရ၏။

သည်အလား အနိုင်အရှုံး အဆုံးအဖြတ် ပေးမည့်အလား၊ ထွန်းဆောင် သူ့ဆရာကြီး ဦးမြယာကိုအားကိုးတကြီး ကြည့်သည်။

အကြီး ဦးမြယာကတော့ အတွေ့အကြုံ ရင့်သူ ပီပီ ဣန္ဒြေမပျက် လှည်းပေါ်တွင် အသင့်အနေအထား ထိုင်ပြီး ဒိုင်လူကြီး၏အမိန့်ကို စောင့်နေသည်။

ထိုစဉ်တတိယအလား လွှတ်လိုက်ပြန်၏။ လှည်းနှစ်စီး အပြိုင် ပန်းဝင်သွားသည်။

အလံကိုင်လူကြီးများ အလံလွှဲတာ မတွေ့ရ၍လည်း၊ နွားနှစ်ကောင်စလုံး ခြေမပေါက်ဟုန်အားထည့်ရသည်။

သမမျှအားဖြင့် ကြည့်လျှင်တော့ မည်သည့်လှည်း၊ အရင်မနိုး၊ ဝင်သည်ကို မဆုံးဖြတ်တတ်။



'လှမတူအရှင်ကွ'

'စံရှားအရှင်ကွ'

ပရိသတ်ကား ထင်ရာမြင်ရာ စွတ်အော်နေကြသည်။

ကျွန်တော်နှင့် ထွန်းဆောင်စိတ်လည်ချာရပ်သီးပြေးခဲ့ကြ၏။ ဤကိစ္စမျိုးတွင် စိတ်လည်ချာရပ်တသာ အဆုံးအဖြတ်ပေးမည်မဟုတ်လား။

စိတ်လည်ချာရပ်အနီးတွင် ကျွန်တော်တို့အရင်ဘကြီး ဦးမြယာရောက်နေသည်ကို တွေ့ရ၏။

ဘကြီးဦးမြယာက လှည်းပေါ်မှ ချက်ချင်းဆင်းကြည့်ဟာဖြစ်မည်။

'ဒါမှ စံရှားကွ၊ ဒါမှဖေ့သားကွ'

'ဘကြီး၊ ဦးမြယာတစ်ယောက်အောင်မြင်စွာအောင်တော့သည်။ စံရှားက နှာသီးဖျားအသာဖြင့် အနိုင်ရသွားလေပြီဘအား။

စိတ်ချာလည်ရပ်ကိုကြည့်လိုက်တော့ မြေကြီးဘက်သို့ နှုတ်သီးလှည့်လျက်....

www.burmeseclassic.com

www.burmeseclassic.com



တတိယအလှားတွင် ပြိုင်ပွဲထုံးစံအရ လမ်းချင်းမြန်လဲ၍ စံရွှေကို မြောက်ဘက်လမ်းမှ မောင်းခဲ့သည် မဟုတ်လား။

ထွန်းဆောင်မှ နီးချက်နှင့် နှမ်းထွက်ကိုက်သွားချေပြီ။ ဘယ်သူတွေဘယ်လိုရှုံးလို့ဘယ်လိုငိုငို ထွန်းဆောင်မှာနိုင် ဆည့်ငွေတွေ အိတ်ထပ်ထဲထည့်ပြီး အပြုံးများ လှိုင်လှိုင် ဝေနေသည်။

ပြီးတော့ သည်နှစ်မှ စထင်ပြိုင်ပွဲဝင်မြီး ဝင်ဝင်ချင်း ဆောက်နဲ့တွင်းခဲ့သော နိုင်ပွဲ၍ ပူပူ နွေးနွေး စံရွှေအား အင်တာဗျူးလုပ်ကြသော နွားဝါသနာအိုးများကို သရော်တာပည့် နှစ်ယောက် မကွာပ်တိုင်ထဲ စကားပြောပြုရတာ အမော။

ပြိုင်ပွဲသိမ်း၍ ရွာပြန်လာကြသောအခါတွင် စံရွှေနှင့် ချီစွာမှာ ဆဘော်ပန်းလျှနေပြီ။

ဘကြီးဦးမြယာ ညည်မျှပင် ဆော်ပေါက် မောင်းနှင် စေတာမူ လေးဖင့်စွာသာ ရုန်းကြတော့၏။

မဖေးဖေးတုတ်အောင် မောင်းထားတော့ ပန်းမည်သို့ လှည်းပန်းလောက်ပေပြီ။ ကျွန်တော့်မှာ လှည်းစီးဖို့ပင် နွားနှစ်အောင်ကို အားနာနေမိသည်။



ထွန်းဆောင်ကတော့ လှည်းပေါ်တွင် အူမြူးရှင်ပျ နေသည်။ သူ့မှာ လောင်းကြေးနိုင်ထားသည့်အပြင် နွားပိုင်ရှင်ကြေးအဖြစ် လက်ရင်းလောင်းကြေး၏ တစ်ရာခိုင်နှုန်း ခုနစ်ဆောင်ပါရခဲ့ပြီကိုး။

အိခင်ကို တောသဘာဝအလျောက် တင့်တောင်း တင့်တယ် တောင်းနိုင်ပြီပေါ့'

'ဒါနဲ့ ဘုရားပွဲမှာ အိခင်နဲ့တွေ့ခဲ့သေးသလား ထွန်းဆောင်'

'မတွေ့ခဲ့ဘူး အစ်ကိုကြီးရာ၊ သူတို့ မလာကြဘူးထင်တယ်၊ လာတယ်ဆိုရင်လဲ ဘုရားပွဲက ရွာပေါင်းစုံလူတွေနဲ့ လှိုင်ရှည်နေတော့ မတွေ့မိကြတာဖြစ်မယ်။

ကျုပ်ကလဲ နွားပွဲမှာ အာရုံများပြီး အလုပ်ရှုပ်နေတော့ မရှာနိုင်ခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ်ပျာ ဒီတစ်ခါသူနဲ့ အင်ပျိုတောမှာတွေ့ရင် မင်္ဂလာဆောင် စရိတ်ရပြီဆိုတဲ့ အကြောင်း ဝမ်းသာစကား ပြောရတော့မယ် အစ်ကိုကြီးရ'

ထအိအိ မောင်းလာခဲ့သော လှည်းကလေးသည် နေဝင်ဖျိုးဖျမှာ ရွာဝင်ခဲ့ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



( ၆ )

တစ်နေ့တစ်နေ့နှင့် အချိန်တွေကုန်လွန်လာသော ကျွန်တော်ခွင့်ရက် စေ့သွားသည်။ ကျွန်တော့် အလုပ်ရှိရာ အညာကြေးနီ သတ္တုတွင်းကို ပြန်ရတော့မည်။

မပြန်မီ တစ်ရက်အလိုတွင်ကား ထွန်းဆောင်ကို နှုတ်ဆက်ဖို့ သူ့အိမ်လေးဆီ ထွက်လာခဲ့မိ၏။

'ထွန်းဆောင်ရေ'

'ဩော်... အစ်ကိုကြီး လာဗျာ'

'ငါ မနက်ဖြန် ကြေးနီသတ္တုတွင်းကို ပြန်တော့မှာမို့ လာနှုတ်ဆက်တာပါ'

'အစ်ကိုကြီး ခွင့်စေ့သွားပြီပေါ့'

'ဟုတ်တယ်'

'အစ်ကိုကြီးကိုမြင်မှ သတိရတယ်၊ ကျုပ်ကိုတစ်ခု ကူညီပါဦး'

ထွန်းဆောင် မျက်နှာ မသာမယာဖြင့် ပြောသည်။ ဟိုတစ်နေ့က နွားပြိုင်ပွဲနိုင်ပြီး အိမ်ခင်နှင့် လက်ထပ်ရ



တော့မှာမို့ အပျော်ကြီးပျော်နေသည့် ထွန်းဆောင်၊ ယခု ဤသို့ ဖြစ်နေသနည်း။

'ဘာအကူအညီများလဲကွာ'

'အိခင်ကျုပ်ကို စိမ်းကားသွားပြီအစ်ကိုကြီး'

ကျွန်တော်ဘယ်လိုမှ ထင်မထားသောစကားကိုကြား လိုက်ရ၍ အံ့အားသင့်သွားသည်။

'အဲဒါကျုပ်ကို ခွင့်လွှတ်ပြီး စိတ်ပြန်လည်လာအောင် စာကောင်းကောင်း တစ်စောင်လောက် ရေးပေးစမ်းပါ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးဟာ စာရေးဆရာဆိုတော့ ရေးတတ်မှာပါ'

စာရေးဆရာဆိုလျှင် ရည်းစားစာ ကောင်းကောင်း ရေးတတ်သည်ဟု ထင်မှတ်ယူထားသော ထွန်းဆောင်ကို အနည်းငယ်စိတ်ပျက်သွားသည်။

သို့သော် အကျိုးအကြောင်းကိုတော့ ရှာဖွေအရ မေးရပေဦးမည်။

'မင်းတို့ ဘယ်လိုဖြစ်ကြတာလဲကွာ'
'ဒီလို အစ်ကိုကြီးရယ်'

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဆောင်က သူ့မူအတိုင်း ရှည်ရှည်လျားလျား ဆွေးဆွေးမြေ့မြေ့ ပြောပြပါတော့သည်။

ဆေးကျောင်း ဘုရားပွဲပြီး နှစ်ရက်အကြာတွင် ထွန်းဆောင်နှင့် အိခင်တို့ အင်ပျိုဆောင်မှာ တွေ့ဖြစ်ကြသည်။

'အိခင် ဆေးကျောင်းဘုရားပွဲကို ဘာလို့ မလာတာ တုန်းကွယ်'

'လာပြီတော့ ကိုထွန်းဆောင်'

'ဟင်... လာတယ် ဟုတ်လား၊ ကိုယ်တော့ မတွေ့မိ လိုက်ပါလားကွာ'

'တော်က ဘယ်တွေ့မလဲ၊ နွားပွဲမှာ အလုပ်ရှုပ်နေ တာကို၊ ကျုပ်ကတော့ ကို မြင်ပါတယ်'

'ဒါနဲ့များ လာနှုတ်ဆက်ရောပေါ့'

'တော် ကျုပ်ကို စကားပြန်ပြောချိန် ရှိပါ့မလား၊ ဆိုပြီး နှုတ်မဆက်တာ'

'ဖြစ်မှဖြစ်ရလေ အိခင်ရယ်၊ အိခင်အတွက်ဆို ဘယ် လောက် အလုပ်ရှုပ်ရှုပ် စကားပြောချိန် ရှိပါတယ်။ ဒါ ထားလိုက်ဦး။



အဲဒီတော့ ကျောင်းဆရာ၊ နွားပြိုင်ပွဲမှာ အိမ်ဆောက်ရွား ကိုပဲထုတ်ပြီး လောင်းကြေးထပ်တာ ငွေတွေအများကြီး နိုင်တယ်ဟ၊ ကိုယ်တို့ ကုသိုလ်ကံနီးစေအောင် ဖန်လာပဲ အိခင်ရယ်။

ဝါကျွတ်ရင် အိခင်ကို ထင်စောင့် တင်တယ် လာ တောင်းမယ်နော်၊ ကိုယ်တော့ သိပ်မျှော်တာပဲ အိခင်ရော ဝမ်းမသာဘူးလားဟင်'

'တော်... နွားပွဲနိုင်တာ ကျုပ်သိတယ် ဝမ်းမသာဘူး၊ သိပ်ကိုဝမ်းနည်းတယ်'

'ဟင်... ဘာဖြစ်လို့'

'တော်ဟာ ကျုပ် နားလည်ထားခဲ့သလို ရိုးရိုးသား သား ကြိုးစားတဲ့သူတစ်ယောက် မဟုတ်ဘဲကိုး၊ လောင်း ကစားနဲ့ ငွေရှာတတ်သူတစ်ယောက်ပဲ၊ ဒါကိုကျုပ်လုံးဝ မကြိုက်ဘူး။

တော်ပြီ၊ ကိုထွန်းဆောင် လောင်းကစားနဲ့နိုင်တဲ့ငွေနဲ့ တောင်းယူမှာကို ကျုပ်လုံးဝလက်မခံနိုင်ဘူး၊ ရှက်တယ်၊ ကျုပ် လောင်းကစားနိုင်တဲ့ငွေနဲ့ တင့်တောင်းဆောင်တယ် တောင်းယူတာထက် ရိုးရိုးသားသား ရှာဖွေရတဲ့ငွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိသားဖသား ပီဘိရုံထောင်းယူတာကိုပဲ ပိုပြီးတန်ဖိုး ထားတယ်'

အိခင်က သူ့ခံယူချက်ကို ရှိုက်သံတစ်စက်နှင့်ရှင်းပြသည်။

'နွားပြိုင်ပွဲက အစိုးရတောင် ခွင့်ပြုထားတာ အိခင်ရယ်၊ ပြီးတော့ တခြားလောင်းကစားလဲ ကိုယ်မလုပ်ပါဘူးကွယ်'

'ကျုပ်သိပါတယ် ကိုထွန်းဆောင်ရယ်၊ အစိုးရက လယ်ယာကဏ္ဍအတွက် နွားကောင်းနွားသန်တွေ ပေါ်ထွက်ရေး ရည်ရွယ်ချက်နဲ့ ခွင့်ပြုတာပါ။

ခုတော့ တော်တို့က ပြိုင်နွားဆိုရင် လယ်ယာထဲမှာ လုံးဝမခိုင်းဘဲ လက်သပ်မွေးပြီး လက်ဆစ်လုံးခြားနဲ့ လောင်းကစားလုပ်နေတာပါ။

တော်တို့လုပ်ပုံနဲ့ အစိုးရရဲ့ရည်ရွယ်ချက်တောင်ပျောက် နေပြီမဟုတ်လား။ တကယ်ဆို တော့်နွားလို နွားကောင်း နွားသန်တွေကို ပြိုင်ပွဲအတွက် သီးသန့်မထားဘဲ လယ် ယာထဲမှာခိုင်းရင် ဘယ်လောက်အဖိုးတန် အားထားရတဲ့ နွားကောင်းတွေ ဖြစ်လာမလဲ'



အိခင်ပြောသောစကားတွေမှန်သည်။
သို့သော် ထွန်းဆောင် လက်မခံချင်သေး။

'ထားပါတော့လေ အခုအိခင် ကိုယ့်ကိုလက်မထပ် နိုင်တော့ဘူးလား'
'ဟုတ်တယ်၊ လက်မထပ်နိုင်ဘူး'
'ပြတ်သားလှချည်လား အိခင်ရယ်၊ နင် ကိုယ့်ကိုယ် ဒီလောက်တောင် မုန်းရက်တယ်နော်'

'တော့်ကို ကျုပ်မမုန်းပါဘူး၊ လောင်းကစားကိုသာ မုန်းတာပါ၊ တော် လောင်းကစားမှုမလုပ်တော့ပဲ စံရွှေ ဆိုတဲ့ တော့်နွား လယ်ယာတောထဲ ရောက်တဲ့နေ့မှ တော့် ကိုလက်ထပ်ဖို့ ပြန်စဉ်းစားနိုင်မယ်'

'မြင်ပြီး စဉ်းစားပါဦးလား အိခင်ရယ်'
'မြင်ပြီး စဉ်းစားရမှာက ကျုပ်မဟုတ်ဘူး တော်ပါ၊ ကျုပ်ကို တော်တကယ် ချစ်တယ်ဆိုရင် ကျုပ်ပြောတာ တွေ ပြင်လိုက်ပေါ့၊ တော်ပြောင်းလဲလာမယ့်နေ့ကို ကျုပ် စောင့်နေပါမယ်။

တော်က ဒီမှာအတိုင်း မပြောင်းလဲဆက်သွားပြီး နောက် တစ်ယောက် သဘောမျှရှာယူတော့မယ်ဆိုရင်လည်း ရှိပါစေ တော့ ကျုပ်ဖြေသိမ့်နေပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



အိခင်အခေါ့ ဖြတ်သားလွန်းလှသည်။ ထွန်းဆောင် အိခင်ကို မချစ်မဟုတ် အသည်းနှင့်အောင် ချစ်ပါ၏။

သို့သော် သက်တန်းတစ်လျှောက်လုံး ယခုအခါထဲမှာ လုံးဝမခိုင်းဘဲ ဆက်သပ်မှုလစခဲ့သည့် စံရွှားကိုသည်း အရှင်လတ်လတ် ဘဝပြောင်းမပစ်ရက်။ ပိုင်နွားအဖြစ် သာဆက်လက်ထားချင်သည်။

ကိုယ့်နွား ပိုင်လျှင်လည်း လောင်းကြေး မထပ်ဘဲ နေနိုင်မည် မဟုတ်။ သည်အခါ အိခင်နှင့် အပြီးအပိုင် ဝေးရတော့မည်။

အိခင်နှင့်လည်း မဝေးလို၊ ထွန်းဆောင် မည်သို့လုပ်ရမည်နည်း။

ထိုနေ့က ထွန်းဆောင် တစ်ယောက် အိခင်ကို တိကျသောအဖြေ မပေးနိုင်ဘဲ ပြန်လာခဲ့ရတော့သည်။

( ၄ )

'အဖြစ်ကအော့ အဲဒါပါပဲ အစ်ကိုကြီးရယ်။ အိခင်က ကျုပ်ကို ပြတ်ပြတ်သားသား ပြောလွှတ် လိုက်ပမယ့်



ကျုပ် မပြတ်နိုင်ဘူး။ ဒီငွေတွေကို သူ့တောင်းဖို့ ဂေါ်လာ ဆောင်စရိတ်ဆိုပြီး ခေါင်းအုံး အောက်မှာ တယုတယ သိမ်းထားခဲ့အော။ ခုတော့ ဒီငွေတွေမြင်တိုင်း ကျုပ်စိတ် ဆင်းရဲနေရပြီ၊ လုပ်ပါဦး အစ်ကိုကြီးရယ်။ ကျုပ်ကို အိခင် ခွင့်လွှတ် လက်ခံလာအောင် စာအောင်းတောင်း အစ်တောင်လောက် ရေးပေးစမ်းပါဦး၊'

ထွန်းဆောင်က သူ့ခေါင်းအုံး အောက်မှ ငွေတွေကို ထုတ်ပြပြီး ကြေကွဲစွာ ပြောပြသည်။

'အိခင် ပြောတာ ဟမ်းမှန်နေတာပဲ ထွန်းဆောင်ရာ'

'မှန်မှန်းတော့ သိပါတယ် အစ်ကိုကြီးရယ်'

'မှန်မှန်းသိရင် စံရွှားကို လယ်ယာ လုပ်ငန်းထဲမှာ အသုံးချလိုက်ပေါ့။ ဒါမှ မိုးရွာတဲ့အခိုက်မှာ မြန်မြန်ထွန် မြန်မြန်ကြဲစိုက်ပြီး သီးနှံများများ အထွက်တိုးမှာပေါ့'

'ကျုပ်နွား စံရွှားကို လယ်ယာလုပ်ငန်းထဲမှာ မခိုင်းရက်ဘူး အစ်ကိုကြီးရယ်'

'ခက်တော့တာပဲ ထွန်းဆောင်ရာ၊ နွားတစ်ကောင်က နွားတစ်ကောင်ရဲ့လုပ်ငန်း အလုပ်ခိုင်းတာပဲ၊ ဘာကြောင့် မခိုင်းရက်ရမှာလဲကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ ထွန်းအောင်.... အိပ်ပြီလားကွ'

ထိုစဉ် ဘကြီးဦးမြယာက တဲထဲတွင် ချည်ထားသည့် စံရှားကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ပြီး အိမ်ထဲဝင်လာသည်။

'မအိပ်သေးဘူး ဘကြီး.... လာ ထိုင်ပါ'

'ဩော် မောင်ရင်လည်း ရောက်နေသကိုး'

ဘကြီးဦးမြယာက ကျွန်တော့်ကိုကြည့်ပြီး ပြောသည်။

'ဟုတ်တယ် ခင်ဗျ၊ ကြေးနီ သတ္တုတွင်းကို ပြန်တော့မှာမို့ ထွန်းဆောင်ကို လာနှုတ်ဆက်တာ'

'အေးကွာ၊ ကိုယ့်အလုပ်ရှိရာ ပြန်ရမှာပေါ့။ ဒါနဲ့ ထွန်းဆောင်... မင့်ကိုပြောစရာရှိလို့ ခဏလှည့်ဝင်လာတာ၊ ငါမထိုင်တော့ဘူး။ လာမယ့် ဥပုသ်နေ့ ဆင်တပ်ကျောင်းရွာ ဘုန်းကြီးပျံမှာ နွား ပြိုင်ပွဲဖြစ်ဖို့ သေချာသွား ပြီ၊ စံရှားကို ဂရုစိုက်ကျွေး၊ မြေပြန် နှုံး ထား၊ ကြားအေး။ ငါ ရွာတောင်ပိုင်းကို သွားလိုက်ဦးမယ်'

ပြောပြောဆိုဆို ဘကြီးဦးမြယာ ပြန်ထွက်သွားသည်။

ထွန်းဆောင် ငိုင်ကျန်ရစ်ခဲ့၏။

'ထွန်းအောင်'

'ဗျာ.... အစ်ကိုကြီး'



'မင့်ကို အိခင် ပြောပြလို့ လမ်းမှန်လည်း သိခဲ့ပြီ၊ လမ်းမှန် မှန်းလည်း မင်းကိုယ်တိုင် လက်ခံခဲ့ပြီ၊ ဒါနဲ့များ လောင်းကစားဆိုတဲ့ လမ်းမှားပေါ် ဆက်လျှောက်ဦးမလို့လား။ မင်းတို့ ချစ်ခရီး ဘဝလမ်း ဖြောင့်တန်းဖို့ အတွက် ငါ စာရေးပေးတာထက် မင်းကိုယ်တိုင် သိရှိလက်ခံထားတဲ့ လမ်းမှန်ပေါ် လျှောက်ခြင်းက ပိုအောင်မြင်ပါလိမ့်မယ်ကွာ'

သည်မျှသာ ပြော ပြီး၊ ကျွန်တော် ပြန်လာခဲ့သည်။

ထွန်းဆောင် တစ်ယောက် မှန်ကန်သော လမ်းပေါ် လျှောက်လှမ်းခြင်းဖြင့် သူတို့ ချစ်ခရီး ဘဝလမ်း ဖြောင့်တန်းအောင် စွမ်းဆောင်ပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါတော့၏။

မောင်မြနီ (တမာတော)

www.burmeseclassic.com